
www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၂၁၃/၉၅ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၃၅/ ၉၅ (၆)
မျက်နှာဖုံးပန်းချီ - အောင်ပိုကျယ်
အတွင်းဖလင် - အိုစုန်း
ကွန်ပျူတာစာစီ - အနော်မာ ကွန်ပျူတာ
မျက်နှာဖုံးရိုက် - ဦးကျော်စိန် (မြဲ-၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်ဆက်
အမှတ် (၁၇၀)၊ ၃၃ လမ်း၊
ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်ဝင်းမောင် (၀၄၅၀၄)
အောင်ဇေကပုံနှိပ်တိုက် ၁၁၈၊၄-လ
ပုသိမ်မြေရပ်ကွက်၊ ဒေါပုံ
ထုတ်ဝေသူ - ဦးလှဒွေး (မြဲ-၀၁၁၈၃)
လှဒွေးစာပေ
၂၅၊ ၁၂၆-လမ်း၊ တာမွေ၊
ရန်ကုန်မြို့။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၆၀ ကျပ်
၁၉၉၅ ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်

မြေးဦးမလေး 'ဆုဆု' နှင့်တကွ တစ်ပြည်လုံးရှိ
ချစ်စရာကောင်းလှသော မြေးငယ်အားလုံး
အတွက် ......

ဘဘ
ဦးအောင်သင်း

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်တွေ့စာစီစာကုံး

အောင်သင်း (မဟာဝိဇ္ဇာ–ဂုဏ်ထူး)

www.burmeseclassic.com

www.burmeseclassic.com



## စာစမေးပွဲနှင့် စာစီစာကုံး

အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အဆင့်၊ ဝန်ထမ်းရွေးချယ်ရေးစသည့် စာမေးပွဲများတွင် စာစီစာကုံးကို ရေးစေခြင်းမှာ အခြေခံအားဖြင့် လူတစ်ယောက်၏ 'အတွေ့အကြုံ' နှင့် 'အတွေးအကြံ' ကို စမ်းသပ်စစ်ဆေးခြင်း ဖြစ်သည် ဟုဆိုနိုင်ပါလိမ့်မည်။

'အတွေ့အကြုံ' တွင်လည်း 'ကိုယ်တွေ့' နှင့် တစ်ဆင့်ခံ ကွဲပြားနိုင်ပါသေးသည်။ တစ်ဖန် တစ်ဆင့်ခံတွင်လည်းသူတစ်ပါး ပြောကြားသည်ကို မှတ်သားထားလိုက်ရမှုနှင့် စာအုပ်စာပေမှ ဖတ်ရှုမှတ်သားရမှုဟူ၍ ကွဲပြားလာနိုင်ပါလိမ့်ဦးမည်။ ခြုံ၍ ဆိုလိုက်ရသော် ထိုသို့သော အတွေ့အကြုံအားလုံးကို 'ဗဟုသုတ' ဟုပင် ဆိုရမည် ဖြစ်ပါသည်။

'အတွေ့အကြုံ' ဗဟုသုတရှိနေရုံနှင့်လည်း လူတော်

www.burmeseclassic.com



တစ်ယောက်ဖြစ်မလာနိုင်သေးပါ။ ထိုသို့သော ဗဟုသုတကို အခြေခံ၍ မိမိတွင် ကြုံလာသမျှသော ပြဿနာများကို မှန်မှန်ကန်ကန် ဆင်ခြင်သုံးသပ်ဆုံးဖြတ်နိုင်သည့် 'အတွေးအကြံ' ကိုလည်း မုချလိုအပ်ပါသည်။ ထိုကဲ့သို့ 'အတွေ့အကြုံ' နှင့် 'အတွေးအကြံ' နှစ်ပါးလုံးပြည့်စုံမှသာလျှင် လူတော်တစ်ယောက် ဖြစ်လာနိုင်ပါမည်။ တစ်နည်းအားဖြင့် 'ဗဟုသုတ' လည်းပြည့်စုံ၍ 'ကျိုးကြောင်းဆင်ခြင်ဉာဏ်' လည်း ကောင်းမှသာလျှင် လူတော်တစ်ယောက် ဖြစ်လာနိုင်သည်ဟု ဆိုရပါမည်။

စာစီစာကုံး အရေးခိုင်းလိုက်ခြင်းတွင် မူကား နောက်ထပ်တစ်ဆင့်တိုးလာပြန်ပါသည်။ ဗဟုသုတ ရှိမရှိ၊ ကျိုးကြောင်းဆင်ခြင်ဉာဏ်ကောင်းမကောင်းစစ်မေးရုံသာလျှင်မက မိမိ၏ဗဟုသုတ၊ မိမိ၏ဆင်ခြင်တုံတရားနှင့် သုံးသပ်ဆုံးဖြတ်ထားသည်ကို တစ်ဖက်သားနားလည်အောင်၊ နားဝင်အောင် ပြောတတ်၊ မပြောတတ်၊ ရေးတတ်၊ မရေးတတ်ကိုလည်း စစ်မေးသည်ဟု ဆိုရပါတော့မည်။

ဤသည်မှာ 'စာမေးပွဲ စာစီစာကုံး' မေးခွန်းတို့၏ ယေဘုယျ ရည်မှန်းချက် ဖြစ်သည်ဟု ဆိုသင့်ပါသည်။

## အလယ်တန်းများ

အထက်တန်း၊ တက္ကသိုလ်အဆင့်၊ ဝန်ထမ်းရွေးချယ်ရေး စာမေးပွဲမေးခွန်းများတွင်ကား အထက်တွင်ဆိုခဲ့သည့်အတိုင်း ဗဟုသုတနှင့် အကျိုးအကြောင်းဆင်ခြင်ဉာဏ် (အထူးသဖြင့်



ကျိုးကြောင်းဆင်ခြင်ဉာဏ်ကို) စမ်းသပ်စစ်မေးတတ်ကြပါသည်။

အလယ်တန်းဆိုသည်မှာ ပဥ္စမတန်းမှ အဋ္ဌမတန်းအထိ ဖြစ်ရာ ကျောင်းသားငယ်တို့၏ အသက်အရွယ်မှာ အကြမ်းအားဖြင့် ၁၀ နှစ် ၁၅ နှစ်ကြားလောက်မှာ ဖြစ်ပါသည်။ ဤနေရာတွင်လည်း ပြဿနာတစ်ခု ရှိပါသေးသည်။

ပဥ္စမတန်းနှင့် အဋ္ဌမတန်း ဆိုသည်မှာ အသက်အားဖြင့် (အတန်းအားဖြင့်) သုံးလေးနှစ်စာမျှသာ ကွာပါသည်။ လူကြီးများအဖို့ တစ်ယောက်နှင့်တစ်ယောက် အသက် သုံးလေးငါးနှစ်ကွာခြင်းမှာ ဘာမျှခြားနားမှု မရှိလှသော်လည်း ရုပ်ပိုင်းရော စိတ်ပိုင်းပါကြီးထွားမှု အဟုန်ကောင်းနေသည့် ကလေးငယ်များအဖို့ အသက်သုံးလေးနှစ်ကွာလိုက်လျှင် သိသိသာသာကြီး ခြားနားသွားတတ်ပါသည်။ ထို့ကြောင့် ပဥ္စမတန်းကလေးများအား စာစီစာကုံးသင်ကြားပေးရပုံနှင့် အဋ္ဌမတန်းကျောင်းသားများအား စာစီစာကုံးသင်ကြားပေးရပုံတို့မှာ အတော်ကြီးခြားနားနေရပါတော့မည်။

ယခုအခါ စာသင်ကျောင်းများတွင်လည်း စာစီစာကုံး သင်ကြားနေကြပုံမှာ ဆရာတစ်ယောက်နှင့် တစ်ယောက်၊ ကျောင်းတစ်ကျောင်းနှင့် တစ်ကျောင်းမတူညီကြပါ။ ကိုယ့်နည်းနှင့်ကိုယ်သင့်သလို သင်ကြားနေကြသည်ပင် ဖြစ်ပါသည်။

မတူညီကြဟု ဆိုလိုက်ရသော်လည်း (ကျွန်တော်တွေ့ကြုံရသလောက်တွင်) တူညီနေသော နည်းတစ်ခုတော့ရှိပါသည်။ ထိုနည်းမှာ စာစီစာကုံးစာအုပ်များကို အဖတ်ခိုင်းပြီးနောက် စာမေးပွဲတွင်ပါနိုင်ခြေရှိသော အကြောင်းအရာ သုံးလေးမျိုး

www.burmeseclassic.com

www.burmeseclassic.com



လောက်ကိုရေးပြီး အလွတ်ကျက်ခိုင်းလိုက်ခြင်းပင်ဖြစ်ပါသည်။ သူ့ဟာနှင့်သူ စာမေးပွဲတော့လည်း အောင်သွားကြသည်သာ ဖြစ်ပါသည်။ သို့သော် စာမေးပွဲအတွက်ပြင်ဆင်ပေးလိုက်သည့် အဆင့်မျှသာဖြစ်၍ စာစီစာကုံးသင်ပေးသော အဆင့်သို့တော့ မရောက်လိုက်တော့ပါ။

## ရည်ရွယ်ချက်

ကျောင်းသားများအား စာစီစာကုံးသင်ကြား လေ့ကျင့်ပေးခြင်း၏ ရည်ရွယ်ချက်များကို ကျွန်တော် ဉာဏ်မီသမျှ စဉ်းစားကြည့်မိပါသည်။ သင်ကြားမှုဆိုင်ရာ သဘောတရား စာအုပ်များမှ သက်ဆိုင်ရာပညာရှင်များ၏ သွန်သင်ချက်များကို ဖတ်ရှုမှတ်သားပြီး ပြောဆိုခြင်းမျိုးမဟုတ်ဘဲ ကျွန်တော့် ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားပြောဆိုခြင်းမျှသာ ဖြစ်သောကြောင့် ပြည့်စုံချင်မှ ပြည့်စုံပါလိမ့်မည်။ သို့သော် ပဓာနအချက်များ အနေနှင့်တော့ မကွဲပြားနိုင်ဟု ယုံကြည်မိပါသည်။ ကျောင်းသားငယ်များအား စာစီစာကုံး အရေးလေ့ကျင့်စေခြင်းအားဖြင့်—

(၁) မိမိပတ်ဝန်းကျင်ကိုသတိပြုမှတ်သားမိလာစေခြင်း

(၂) လူကြီးမိဘ ဆရာသမားများထံမှ မှတ်သားဆင်ခြင်ဖွယ်ရာ စကားများကို သတိပြု မှတ်သားမိလာစေခြင်း



(၃) ရေဒီယို၊ ရုပ်မြင်သံကြား စသည်တို့မှ ကြားရမြင်ရသော မှတ်သားဖွယ်ရာများကို သတိပြုမှတ်သားမိလာစေခြင်း

(၄) ထိုမှတစ်ဆင့် သတင်းစာကိုကောက်ကိုင်ခြင်း၊ မဂ္ဂဇင်းကို ကောက်လှန်မိခြင်း စသည်အားဖြင့် သုတစာပေကို ဖတ်ရှုမှတ်သားရကောင်းမှန်းသိလာနိုင်စေခြင်း

(၅) အထက်ပါအတွေ့အကြုံတို့မှ ဗဟုသုတများကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ကျိုးကြောင်းဆက်စပ်ပြီး ပြဿနာများကို မှန်မှန်ကန်ကန်ချင့်ချိန်သုံးသပ်နိုင်သော စွမ်းရည် မြင့်လာနိုင်စေခြင်း —

ဟူသော အကျိုးကျေးဇူးများကို ရနိုင်စကောင်းသည်ဟု ထင်မိပါသည်။ ဤသို့အားဖြင့် "ဖွင့်အပ်သောနား၊ နိုးကြားသော မျက်စိ၊ သတိရှိသော စိတ်အစဉ်" ကိုလေ့ကျင့်ပေးရာရောက်နိုင်သည်ဟုလည်း ထင်မိပါသည်။

## ကျွန်တော့်အတွေ့အကြုံ

ကျွန်တော် အလယ်တန်းပြဆရာအဖြစ် (၂)နှစ်ကျော်ခန့် အမှုထမ်းခဲ့ဖူးပါသည်။ သို့သော် သမိုင်း၊ သိပ္ပံနှင့် အင်္ဂလိပ်စာ ကိုသင်ကြားပေးခဲ့ရသောကြောင့် အလယ်တန်းမြန်မာစာ သင်ကြားမှုအတွေ့အကြုံမရရှိခဲ့ဖူးပါ။ ထို့ကြောင့် ကျောင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



အလယ်တန်းကျောင်းသားငယ်များအား စာစီစာကုံးသင်မပေးခဲ့ရဖူးပါ။

သို့သော် ကြုံကြုံဖန်ဖန်အခွင့်အရေးရလာခဲ့ပုံကိုတော့ ပြောလိုက်ရပါဦးမည်။

ကျွန်တော့်မိတ်ဆွေများ၊ တပည့်များတွင် သားသမီးအတွက် "ပညာရေးလောဘ"ကြီးလှသော ကျောင်းသားမိဘများကို မကြာခဏတွေ့ရတတ်ပါသည်။ သူတို့သားသမီး ၁၀ နှစ်၊ ၁၁ နှစ်အရွယ်ပေါက်စလေးများကို 'ပညာရေးရောင်ခြည်ထိန်ဝင်း'ပြီး တစ်ပြည်လုံး (ဖြစ်နိုင်လျှင် တစ်ကမ္ဘာလုံး) ဟိုးဟိုးကျော်သွားစေချင်သူများဖြစ်ပါသည်။ "ဒါက ကျွန်တော့်သားလေး(ဒါကကျွန်မသမီးလေး)နှစ်စဉ်အတန်းတိုင်းအဆင့်တစ်(ရဲ့အထက်နား) ကအောင်တာပေါ့" စသည်ဖြင့်ကြွားချင်၊ ဂုဏ်ယူချင်ကြသည်။ (တစ်ခါတစ်ခါတော့လည်း ကျွန်တော့်စိတ်ထဲက ကလေးကိုပညာတတ်စေချင် တော်စေချင်တာထက် သူတို့ကြွားချင်လွန်းသောကြောင့်လား ဟုလည်း အကဲခတ်နေမိတတ်ပါသည်။)

နောက်တော့ ကလေးတွေခမျာမှာ နေ့လည်းစာ၊ ညလည်းစာ၊ တစ်စာတည်းစာပြီး၊ တစ်ကျက်တည်းကျက်နေကြရတော့သည်။ ထို့ကြောင့် မိဘများကရင်းနှီးသော တပည့်များဖြစ်နေလျှင်တော့ "နင်တို့ဟာကလည်းကွယ် – နင်တို့ကြွားချင်၊ ဂုဏ်လုပ်ချင်တာနဲ့ပဲ ကလေးတွေရဲ့ ကစားချိန်၊ ပျော်ချိန်ကလေးတွေကို ဖွတ် စားပြတိုက်ပြီးယူနေကြတော့တာကိုး" ဟု ပြောမိတတ်ပါသည်။



သားသမီးများကို စာကျက်ခိုင်းပြီး မိဘက စာအုပ်ကိုင်လျက်စာပြန်ခိုင်းသည်။ သည်လိုလုပ်ပါများတော့ ကလေးတွေ၏ဦးနှောက်ထဲမှာ 'ကျက်စာ' တွေနဲ့ချည်း တစ်ပြိုတစ်ခေါင်းကြီးပြည့်နေတော့သည်။ ကျက်စာတွေကိုမှတ်နေရသည်နှင့် ဦးနှောက်ကလည်း ကျိုးကြောင်းဆင်ခြင်သည့် လုပ်ငန်းကို လုပ်ချိန်မရတော့။ ကြာတော့ သူတို့ဦးနှောက်က ဘာမှ 'မကြံတတ် မစည်တတ်' ဖြစ်လာကြသည်ဟု– ကျွန်တော် ထင်မိလာပါသည်။

ထိုကဲ့သို့သော မိဘများက သူတို့သားသမီး ပေါက်စလေးများကို စာစီစာကုံးသင်ပေးဖို့ ကျွန်တော့်ဆီခေါ်လာတတ်ကြသည်။ ကျန်သော မြန်မာ့ဘာသာ ဝန်ချက်တွေအတွက် ဘာမှစိုးရိမ်နေစရာမလို၊ အားလုံး အလွတ်ရပြီးသား။ စာစီစာကုံးတစ်ခုကိုသာစိုးရိမ်ရသည်ပေါ့။ ထို့ကြောင့် "ဦးအောင်သင်း၊ မဟာဝိဇ္ဇာ(ဂုဏ်ထူး)" ဆိုသည့် ပုဂ္ဂိုလ်ကြီးက သူတို့သားသမီးဆီးစေ့လောက် သတ္တဝါလေးတွေကို သင်ပေးလိုက်လျှင် 'မိုးပျံအောင်' တတ်သွားကြလိမ့်မည်ဟုထင်သည်။ ဤသို့အားဖြင့် ကျွန်တော့်မှာလည်း ထိုသို့သောသတ္တဝါကလေးများကို 'စိတ်ပျက်လက်ပျက်' စာစီစာကုံး သင်ပေးခဲ့ရပါသည်။

'စိတ်ပျက်လက်ပျက်'စာမသင်ချင်တော့ စိတ်ပျော်အောင်၊ ဟိုငနဲလေး (သို့မဟုတ် ဟိုငနဲမလေး) လည်းစိတ်ပျော်အောင်ပေါ့။ လုပ်ပုံလုပ်နည်းက–

"မင်းတို့အိမ်ဝင်းထဲမှာ သစ်ပင်ကြီးကြီး ရှိသလား"

www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်ခင်ဗျ"

"ဘာပင်လဲကွ"

"ပိန္နဲပင်ခင်ဗျ"

"သီးသလား"

"အများကြီး သီးတယ်"

"အိမ်မှာလား၊ အိမ်ပျော့လား"

"အိမ်မှာခင်ဗျ"

"ဟာ – ဟန်ကျတာပေါ့ကွ၊ ငါကတော့ ပိန္နဲသီးကို သိပ်မကြိုက်ဘူး၊ ငါတို့အိမ်သားတွေက သိပ်ကြိုက်ကြတယ်ကွ"

ထိုသို့သော မေးခွန်းများကို လျှောက်မေးပြီး စကားပြောလိုက်သည်။ သူ့အိမ်ပတ်ဝန်းကျင်အကြောင်းကို စစ်စစ်ပေါက်ပေါက် စုံတကာစေ့နေအောင်မေးပြီးမှ 'ကိုင်း – မင်းတို့အိမ်ပတ်ဝန်းကျင် အကြောင်း အကုန်ပြန်ပြီးပြောစမ်းကွာ၊ အဲဒါ 'ပြောတဲ့စာစီစာကုံး' ပေါ့၊ လက်နဲ့ချပြီးရေးလိုက်တော့ 'ရေးတဲ့စာစီစာကုံး' ဖြစ်သွားရောပေါ့ဟုပြောပြီး "ကျွန်တော်တို့အိမ်" ဟူသော စာစီစာကုံးကို အရေးခိုင်းရပါသည်။

ဤသို့အားဖြင့် 'ကျွန်တော်တို့မိသားစု' 'ကျွန်တော်တို့ကျောင်း' 'ကျွန်တော်တို့အတန်းပိုင်ဆရာ/ဆရာမ' 'ကျွန်တော်တို့ရပ်ကွက်' 'ကျွန်တော့်သူငယ်ချင်း' စသည်တို့ကို အရေးခိုင်းပါသည်။ ရေးရမည့် အချက်အလက် အားလုံးကိုတော့ ကျွန်တော်က မေးခွန်းဖြင့် ဖော်ထုတ်ယူပါသည်။ ပြီးမှ ထိုအချက်အလက်များကို စုစည်းပေးပြီး သူတို့ကို အရေးခိုင်းခြင်း



ဖြစ်ပါသည်။

ဤသို့အားဖြင့် သူတို့ပတ်ဝန်းကျင်ကို သတိပြုမှတ်သားမိစေပြီး၊ ပြန်ပြောတတ်အောင်၊ ပြန်ရေးတတ်အောင်၊ ကိုယ်ပိုင်အသိဉာဏ်ကို အားကိုးအသုံးချတတ်အောင် သင်ပေးခဲ့ပါသည်။

ထိုသို့သောအတွေ့အကြုံကလေးများကို ပြန်ပြီးရေးချင်နေသည်မှာကြာလှပါပြီ။ "ချယ်ရီ" ကိုစကားတောက်ကြည့်လိုက်တော့ လိုလိုလားလားလက်ခံသဖြင့် ကျေးဇူးတင်လှပါသည်။

ဤသို့အားဖြင့်–စာတွေကို အလွတ်ကုန်းကျက်ပြီး ကျက်စာကိုအားကိုးလွန်းသဖြင့်ပင်ကိုဉာဏ်မနိုးဘဲဖြစ်နေသော ကလေးငယ်များ၏ ဦးနှောက်ကို ကစားလှုပ်လှုပ်လာအောင် ဉာဏ်မီသမျှ စမ်းသပ်ချင်စိတ်ပေါက်နေသဖြင့် ဤကဏ္ဍကို ဖွင့်လှစ်လိုက်ခြင်းဖြစ်ပါကြောင်းနိဒါန်းပျိုးလိုက်ပါသည်ခင်ဗျား။

အောင်သင်း

(ချယ်ရီ၊ ဇွန်၊ ၉၁)

www.burmeseclassic.com

www.burmeseclassic.com



## ကိုယ်တွေ့စာစီစာကုံး

ယခုတစ်ပတ် စာစီစာကုံးဆောင်းပါးကို ရေးမည်ကြံလိုက်တော့ ကျွန်တော့်ခေါင်းထဲတွင် ပထမဆုံးပေါ်လာလိုက်သည်မှာ 'အူကြောင်ကြောင်ပါပဲလားဟ' ဟူသော စကားလုံးဖြစ်၍ တစ်ကိုယ်တည်း ပြုံးလိုက်မိပါသေးသည်။

စဉ်းစားကြည့်ပေါ့ခင်ဗျား– ကျွန်တော်က ဘယ်ပရိသတ်ကို ဦးတည်ပြီးရေးရမည်လဲ။ အလယ်တန်းကျောင်းသားငယ်များကို ဦးတည်ပြီးရေးရမည်လား၊ သို့မဟုတ် ထိုကလေးငယ်များ၏ မိဘ ဦးကြီး ဒေါ်လေးတို့ကို ဦးတည်ပြီးရေးရမည်လား။ ကလေးငယ်များအား ဦးတည်ပြီးရေးလိုက်ရအောင်ကလည်း 'ချယ်ရီ' မဂ္ဂဇင်းဆိုသည်က ကလေးစာစောင် မဟုတ်လေသောကြောင့် သူတို့က ကောက်လို့တောင် ကိုင်ချင်မှ ကိုင်ကြလိမ့်မည်။ ထို့ကြောင့် သူတို့ကိုညွှန်ပြ အဖတ်ခိုင်းမည့် လူကြီးမိဘများ



ထံသို့သာ ဦးတည်ပြီးရေးရတော့မည်။ သို့သော် အကြောင်းအရာပိုင်း အနေနှင့်ဆိုရင်ဖြင့် ကလေးတွေနှင့်သာ လုံးဝသက်ဆိုင်နေပြန်သည်။ ထို့ကြောင့် ဘယ်လို 'လေသံ' နှင့်ရေးလိုက်ရမည်ကို စဉ်းစားကြည့်လိုက်တော့ 'အူကြောင်ကြောင်ပါပဲလားဟ' တွေးမိလိုက်ခြင်း ဖြစ်ပါသည်။

သို့သော်လည်းဘာပဲဖြစ်ဖြစ် လေသံတွေဟန်ပန်တွေ ဆောင်းချိတ်၊ ရင်းရင်းနှီးနှီး ခင်ခင်မင်မင် သဘောထားပြီး လူကြီးတွေဘက် လှည့်ပြီးစကားပြောလိုက်၊ ကလေးတွေဘက် လှည့်ပြီးစကားပြောလိုက် ဆိုလျှင်ဖြင့် ဆီလျော်သောလေသံ ထွက်လာလိမ့်မည်ဟု အောက်မေ့ရတော့သည်။

## ကိုယ်တွေ့ကို စစ်မေးခြင်း

မိမိ'အတွေ့အကြုံ'ကိုလည်းကောင်း၊ မိမိ'အတွေးအကြံ' ကိုလည်းကောင်း ပြန်ပြောတတ်အောင် (နောက်တစ်ဆင့်– လှလှပပ၊ ထိထိမိမိ ပြန်ပြောတတ်အောင်)စာစီစာကုံးများကို လေ့ကျင့် စေခြင်းဖြစ်သည်ဟု ယခင်တစ်ပတ်ကဆောင်းပါးတွင် ကျွန်တော်ရေးခဲ့ပြီး ဖြစ်ပါသည်။

မလွှဲသာသောအခါများတွင် ကျွန်တော်ကိုယ်တိုင်လည်း ကလေးများကို စာစီစာကုံးသင်ပေးခဲ့ရဖူးကြောင်း ကိုလည်းရေးခဲ့ပါသည်။

ထိုကဲ့သို့ သင်ပေးရသောအခါတွင် ကိုယ်တိုင်ကြုံရ တွေ့ရသည့်အကြောင်းအရာများ၊ ကိုယ်စိတ်ပါဝင်စားသည့်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာများကို ရေးရသောအခါပိုပြီး လွယ်ကူတတ်သည်မှာ သဘာဝဖြစ်သည့်အတိုင်း ကျွန်တော်ကလည်း ကလေးငယ်တို့၏ ကိုယ်တွေ့ကလေးများကို စူးစမ်းမေးမြန်းပြီး အရေးခိုင်လေ့ ရှိပါသည်။

ထို့ကြောင့် 'ကိုယ်တွေ့စာစီစာကုံး'ဆိုသည်မှာ ကျွန်တော်၏ ကိုယ်တွေ့ဖြစ်သည်သာမက ကလေးငယ်များ၏ ကိုယ်တွေ့ ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

* * * * *

"မင်းက ၆ တန်းနော်'

'ဟုတ်ကဲ့ခင်ဗျ'

'မင်းတို့အတန်းပိုင်ကဆရာလား ဆရာမလား'

'ဆရာမ ခင်ဗျ'

'နာမည် ဘယ်သူတဲ့လဲ'

'ဒေါ်စန်းမြကြူ'

'အသက် ဘယ်အရွယ်လောက်ရှိပြီလဲ'

'အဲဒါတော့ မသိဘူးခင်ဗျ'

'အေး–ဟုတ်တာပေါ့၊ မင်းက မမှန်းတတ်သေးဘူးပေါ့။ ကဲထားလိုက်ပါတော့။ အရပ်ရှည်သလား၊ ပုသလား'

'အရပ် နည်းနည်းပုတယ်'

'ဝသလား၊ ပိန်သလား'

'နည်းနည်း ဝတယ်'

'အေး–ဟုတ်ပြီ၊ ခပ်ပုပု–ဝဝပေါ့၊ အသားဖြူသလား၊



ညိုသလား'

'အသားဖြူတယ်'

'ဆံပင်တွေ ဘာတွေ ခေတ်ဆန်သလား'

'ဆံပင်က ရိုးရိုးပဲ၊ အကောက်တွေဘာတွေမပါဘူး'

'ရုပ်ချောသလား၊ ကြည့်လို့ကောင်းသလား'

'ကြည့်လို့ကောင်းတယ်'

'သူက ဘာသင်သလဲ'

'သမိုင်း သင်ပါတယ်'

'စကားပြောကောင်းသလား၊ သူပြောတာနားထောင်လို့ ကောင်းသလား'

'သိပ်နားထောင်လို့ကောင်းတယ် (အနည်းငယ် ပြုံးလာလျက်) ဒါပေမယ့် စကားပြောနေရင်း တစ်ချက်တစ်ချက်မှာ သူ့နှုတ်ခမ်းက ဒီလိုဒီလို ရွဲ့ ရွဲ့ သွားတတ်တယ်'

'ဟေ–ဟုတ်လား၊ အကြောဆွဲသွားတာမျိုးလား'

'မဟုတ်ဘူးခင်ဗျ၊ ဒီလိုပဲ ရွဲ့ရွဲ့သွားတာ၊ ရိုးရိုးပဲ'

'မင်းတို့က ရယ်ချင်လို့လား'

'မဟုတ်ဘူးခင်ဗျ (ရယ်လျက်) ဒါပေမယ့် သူပြောတာကိုနားထောင်နေရင်းက ကျွန်တော်တို့ပါ ယောင်ယောင်ပြီး နှုတ်ခမ်းလိုက်ရွဲ့ချင်တယ်'

'ဓာတ်ကူးသွားတာပေါ့–ဟုတ်လား'

'(ရယ်လျက်) ဟုတ်တယ်–ဟုတ်တယ်၊ ဒါပေမယ့် မရွဲ့အောင် သိပ်သတိထားရတယ်'

'ဘာပြုလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'သူ့ကိုပြောင်တယ်လို့ ထင်သွားမှာပေါ့'

'အဲဒီလိုဆိုရင် သူကရိုက်တတ်သလား'

'ရိုက်တော့မရိုက်ပါဘူး၊ စာမရရင် ဗိုက်ခေါက်ကို လိမ်ဆွဲတယ်'

'ဟော–ဟုတ်လား၊ နာသလား'

'တော်တော်နာတယ်'

'မင်းတို့ သူ့ကို ကြောက်သလား'

'ကြောက်တယ် ခင်ဗျ'

'မုန်းကော မုန်းသလား'

'မမုန်းဘူး၊ ချစ်တယ်'

'ဘာပြုလို့ချစ်တာလဲ'

'သိပ် သဘောကောင်းတာပဲ၊ နောက်ပြီး ပုံပြောလဲ သိပ်ကောင်းတယ်'

'သမိုင်းထဲက ပုံပြင်တွေလား'

'သမိုင်းထဲကပုံပြင်တွေရော တခြားပုံပြင်တွေရော သိပ်နားထောင်လို့ ကောင်းတာပဲ။ တစ်ခါတလေ ကျွန်တော်တို့ စာသင်ရတာသိပ်ပျင်းနေရင် ဆရာမပုံပြောပါလို့ ဝိုင်းပြီးနားပူတာပဲ။ အဲဒီအခါကျရင် ဆရာမက ပုံပြောတယ်။ ပြီးမှ စာသင်တယ်'

'ဆရာမကျောင်းကိုလာတဲ့အခါ မင်းတို့က မကြိုကြဘူးလား'

'ကျွန်တော်တို့လဲ ကြိုတာပဲ။ ကောင်မလေးတွေကလဲ ကြိုတာပဲ'



'ကျောင်းဆင်း အပြန်ကျတော့ကော'

'ကျွန်တော်တို့က ဆရာမပစ္စည်းတွေကို အားလုံးဝိုင်းကူပြီး သယ်ပေးကြတာဘဲ'

'အေး–ပျော်စရာကြီးပဲကိုကွ။ ငါတောင် မင်းတို့ဆရာမကို မြင်ဖူးချင်လာတာပဲ။ မင်းကစကားပြော အကောင်းသားပဲ။ နားထောင်လို့သိပ်ကောင်းတာပဲ။ စာနဲ့ရေးရင်လဲဖတ်လို့ ကောင်းမှာဘဲကွ။ ဒီတော့ မင်းအဲဒီအကြောင်းကိုရေးစမ်းကွာ'

'ခင်ဗျာ' . . .

'ကျွန်တော်တို့ဆရာမဆိုတဲ့ စာစီစာကုံးပေါ့ကွ'

(ခဏငိုင်နေပြီးမှ)'ဘယ်လိုရေးရမှန်း မသိဘူး'

'ဟ–မင်းခုနကပြောတာတွေကိုပြန်ရေးပေါ့ကွ၊ ကျွန်တော်တို့တန်းပိုင်ဆရာမ၏အမည်မှာ ဒေါ်စန်းမြကြူ ဖြစ်ပါသည်။ သူက ကျွန်တော်တို့အတန်းတွင် သမိုင်းသင်ပါသည်–ဘာညာနဲ့ မင်းပြောခဲ့တာတွေကို ချရေးလိုက်ရုံပဲ။ ဘာမှမခက်ဘူးကွ။ လွယ်လွယ်လေးရယ်။ ဝါကျ–အဲ စာကြောင်း ရှည်ရှည်ကြီးတွေ မရေးနဲ့ကွ၊ မှားတတ်တယ်။ ဝါကျ တိုတိုကလေးတွေကို ရှင်းနေအောင်သာရေး'

'ဘယ်လောက်ရှည်ရှည် ရေးရမှာလဲ'

'ရေးနိုင်သလောက်ပေါ့ကွာ၊ ရပါတယ်'

* * * * *

www.burmeseclassic.com

www.burmeseclassic.com



သူ့စာအုပ်ကိုထုတ်၊ ဘောမျဉ်းသား၊ ခေါင်းစဉ်ကို ရေးလိုက်ပြီးနောက် ခဏလောက်ငိုင်နေပါသေးသည်။ ပြီးမှ စာနှစ်ကြောင်းလောက်ကို ရေးလိုက်ပါသည်။ ပြီးတော့ ခပ်တွေတွေကလေးငိုင်နေပြန်ပါသည်။ ပထမဆုံးအဖွင့်ကိုတော့ ကျွန်တော်ပြောလိုက်သည့် ဝါကျများနှင့်ပင် ဖွင့်လိုက်သောကြောင့် အလွယ်တကူပြီးသွားသော်လည်း ရှေ့ဆက်ရေးရန် စဉ်းစားနေခြင်း ဖြစ်ပါလိမ့်မည်။ အတန်ကြာမှဆက်ပြီးရေးနိုင်ပါသည်။ ခဏ ရှိတော့ အရှိန်ကလေး ရလာဟန်ရှိပါသည်။ တွေးလိုက်ရေးလိုက်၊ ခဲဖျက်နှင့် ဖျက်လိုက်။ နာရီဝက်ခန့်ရှိတော့မှ ဗလာစာအုပ် စာတစ်မျက်နှာခန့်ရှိသော စာစီစာကုံးကလေး ပြီးမြောက် သွားပါသည်။ အချို့နေရာလေးများတွင် သဒ္ဒါမှားလေး တစ်ခု နှစ်ခု၊ သတ်ပုံအမှားတစ်လုံးစ၊ နှစ်လုံးစ တွေ့ရသည်မှအပ အတော်လေး ပြေပြစ်သည်ဟု ဆိုနိုင်ပါသည်။

* * * * *

## ကျွန်တော်တို့ ဆရာမ

ကျွန်တော်တို့၏ဆရာမအမည်မှာ ဒေါ်စန်းမြကြူ ဖြစ်ပါသည်။ သူသည် ကျွန်တော်တို့အတန်းတွင် သမိုင်းသင်ပါသည်။ ဆရာမသည် ပုံပြောအလွန်ကောင်းပါသည်။ ကျွန်တော်တို့က ဆရာမအားပုံပြောခိုင်းတာ ခဏခဏ ဖြစ်ပါသည်။ ဆရာမက စာကျက်ကြ၊ စာရလျှင် ပုံပြောမည်ဟုပြောပါသည်။



ကျွန်တော် တို့ကလည်း စာကျက်ကြပါသည်။ ဆရာမက နည်းနည်းဝပြီး နည်းနည်းပုပါသည်။ အသားလည်းဖြူပါသည်။ ရုပ်လည်း လှပါသည်။ စာမရလျှင် ဗိုက်ကိုလိမ်ဆွဲတတ်ပါသည်။ အလွန် သဘောကောင်းပါသည်။ ကျွန်တော်တို့အားလုံး ဆရာမကို ချစ်ကြပါသည်။ ဆရာမ ကျောင်းသို့ရောက်လာလျှင် ကောင်မလေးတွေက ပြေး၍ကြိုကြပါသည်။ ကျွန်တော် တို့ကလည်း ကြိုကြပါသည်။ ကျောင်းဆင်းလျှင်ဆရာမ၏ လက်ဆွဲခြင်းများ၊ လေ့ကျင့်ခန်းစာအုပ်များကို ကျွန်တော် တို့ကူသယ်ပေးကြပါသည်။ ကျွန်တော်တို့အားလုံး ဆရာမကို အလွန်ချစ်ကြပါသည်။

* * * * *

ကျွန်တော်ကသူ၏ စာစီစာကုံးမှ သဒ္ဒါအမှားကလေးများ၊ သတ်ပုံအမှားကလေးများကိုပြင်ဆင်သွန်သင်လိုက်ပြီးနောက် မေးမြန်းဆွေးနွေးခြင်း ပြုပါသည်။

'မင်းရေးတာ ကောင်းသားပဲကွ။ ဒါပေမယ့် အစီအစဉ်က သိပ်ပြီး မကောင်းလှသေးဘူး။ ကဲ–ဒီမှာကြည့်စမ်း သမိုင်းသင်ပါတယ်၊ ပုံပြောကောင်းပါတယ်ဆိုတာတွေကို ပြောပြီးမှ ဆရာမအသားဖြူတာတွေ၊ ရုပ်လှတာတွေကိုမင်းက ပြောထားတယ်၊ တကယ်ဆိုတော့ ပထမ ဆရာမကို မြင်လိုက်တာက စရမှာပေါ့ကွ။ သူ့ရုပ်အဆင်းကို အရင် မြင်ရမှာမဟုတ်လား။ ဒီတော့ မင်းစဉ်းစားကြည့်လေ၊ မင်းတို့

www.burmeseclassic.com



ဆရာမကို ပထမဆုံးတွေ့တဲ့အခါက သူပုံပြောကောင်းမှန်း သိပါဦးမလား'

'မသိဘူး၊ နောက်မှသိတာ'

'အေးပေါ့ကွ။ နောက်ပြီး မင်းစာစီစာကုံးကို ငါဖတ်ပြမယ်၊ နားထောင် 'ဆရာမသည် စာမရလျှင် မိုက်ကိုလိမ်ဆွဲတတ်ပါသည်၊ အလွန်သဘောကောင်းပါသည်' တဲ့။ မိုက်ကိုလိမ်ဆွဲလို့သဘောကောင်းတယ် ဖြစ်မနေဘူးလား။ ဒီတော့ 'သို့သော်အလွန်သဘောကောင်းပါသည်' လို့ 'သို့သော်' ကလေးထည့်ပေးလိုက်ရင် ပိုချောသွားတာပေါ့။ ဒါမှမဟုတ် ပုံပြောပြတတ်တာရဲ့ရှေ့က ဒါမှမဟုတ် အဲဒီနောက်က ကပ်ပြီးထည့်လိုက်ရင် ပိုပြီး အချိတ်အဆက်မိသွားတာပေါ့၊ မဟုတ်ဘူးလား'

'ဟုတ်ကဲ့ခင်ဗျ'

'နောက်ပြီး ကောင်မလေးတွေကလည်း ပြေးကြိုကြပါသည်ဆိုတာမှာ 'ကောင်မလေးတွေ' ဆိုတော့ ဘယ်သိပ်ကောင်းမလဲ။ စကားလုံးနည်းနည်း ရိုင်းနေတာပေါ့ ဘယ်လိုရေးရင် ကောင်းမလဲ'

'မိန်းကလေးတွေ'

'အေးပေါ့ကွ၊ ဒါမှမဟုတ် ကျောင်းသူလေးတွေဆိုမှ ကောင်းမှာပေါ့။ နေဦးကွ–ဟိုဒင်း၊ အဲ–ဆရာမက နှုတ်ခမ်းရွဲ့ရွဲ့ သွားတတ်တယ်ဆိုတာကို ဘာပြုလို့ထည့်မရေးတာလဲ'

'(ရယ်လျက်) ဆရာမအကြောင်း မကောင်းပြောသလို ဖြစ်နေမှာ စိုးလို့'



'ကောင်းပါတယ်ကွ။ အဲဒါက သူ့အလေ့အကျင့်ကလေးပါ။ စိတ်ရင်းကောင်းတာ မကောင်းတာ နဲ့ ဘာဆိုင်တာမှတ်လို့၊ အဲဒါမျိုးလေးတွေကို ထည့်ရတယ်ကွ။ ဒါမှ ပိုပြီး သဘာဝလဲကျတယ်၊ စိတ်ဝင်စားဖို့လဲ ကောင်းတယ်။ လူတစ်ယောက်မှာ ထူးထူးခြားခြား ရှိတတ်တဲ့ အဲဒီလို အလေ့အထကလေးတွေကို ဂရုစိုက်ပြီးမှတ်ထားရတယ်ကွ၊ နောက်ပြီး မင်းတို့ပါ သူ့ကိုကြည့်ပြီး နှုတ်ခမ်းယောင်ယောင်ရွဲ့တော့မလိုဖြစ် သွားတတ်တယ်ဆို'

'ဟုတ်တယ်ခင်ဗျ' (ပြောရင်း ရယ်မောသည်)

'အဲဒါမျိုးကိုလဲ ထည့်ရေးမှပေါ့ကွ၊ ပျော်စရာကောင်းတယ်ကွ၊ ကဲပါကွာ၊ ငါပြောတာလေးတွေကိုပြင်ဆင်ပြီး တော့သာ ပြန်ရေးလိုက်ကွာ၊ မင်းရေးတာအတော်လေး ကောင်းတဲ့ စာစီစာကုံးလေးတစ်ခု ဖြစ်သွားတော့မှာပါ'

'ဟုတ်ကဲ့ခင်ဗျ'

'အဲဒီလို ပြန်ပြင်ပြီး ရေးတာကို မပျင်းနဲ့နော်'

'ဟုတ်ကဲ့ခင်ဗျ'

* * * * *

ဤသို့အားဖြင့် အမေးအဖြေသဘော စပ်မိစပ်ရာ စကားပြောသလို လုပ်ရင်း စာစီစာကုံးကို သင်ပေးခဲ့ရပါသည်။ ပတ်ဝန်းကျင်ကိုသတိပြုမိတတ်အောင် လေ့ကျင့်ပေးခဲ့ရပါသည်။ သူ့ကိုယ်တွေ့ ကျွန်တော်ကိုယ်တွေ့ စာစီစာကုံးလည်း ဖြစ်သွားခဲ့ပါသည်။

အောင်သင်း

(ချယ်ရီ၊ ဇူလိုင်၊ ၉၁)

www.burmeseclassic.com

www.burmeseclassic.com



ဤဆောင်းပါး၏အစတွင် ‘ယခင်တစ်ပတ်ကအဆက်’ ဟုပင် နိဒါန်းပျိုးလိုက်ရန်သင့်သည်ဟု ထင်လိုက်မိပါသည်။ ဤကဏ္ဍကို လစဉ်ပင်တိုင်ရေးနေသည်မှန်သော်လည်း အကြောင်းအရာများကို တစ်လနှင့်တစ်လ မထပ်စေဘဲ တစ်လချင်းပြတ်သွားအောင် ရေးနေခြင်းဖြစ်ပါသည်။ သို့သော်လည်း အကြောင်းအရာများမှာ တစ်ကြောတည်းဖြစ်နေသောအခါ သဘာဝအားဖြင့်ပင်ဆက်စပ်သွားပြန်ပါသည်။

ယခင်တစ်ပတ်က (၆) တန်းကျောင်းသားလေးတစ်ယောက်အား သူတို့အတန်းပိုင်ဆရာမအကြောင်းကို မေးမြန်းပြီး စာစီစာကုံးအရေးခိုင်းခဲ့ကြောင်း တင်ပြခဲ့ပါသည်။ သူရေးလိုက်သောစာစီစာကုံးမှ အချိတ်အဆက်ပျက်မှု ကလေးများ၊ စကားအသုံးကလေးများကို ပြုပြင်ပေးပြီးနောက် အသစ်ပြန်ရေးစေပါသည်။ သူအသစ်ပြုပြင်ပြီးရေးလိုက်သော စာစီစာကုံးကလေးမှာ—



## ကျွန်တော်တို့ ဆရာမ

ကျွန်တော်တို့ဆရာမ၏အမည်မှာ ဒေါ်စန်းမြကြူဖြစ်ပါသည်။ သူသည် ကျွန်တော်တို့တန်းတွင် ဘာသာမိုင်းသင်ပါသည်။ ဆရာမသည် နည်းနည်းဝပြီး အရပ်လည်းနည်းနည်းပုပါသည်။ အသားဖြူပါသည်။ ရုပ်လည်းလှပါသည်။ ဆရာမသည် ပုံပြောအလွန်ကောင်းပါသည်။ ကျွန်တော်တို့က ဆရာမအား ပုံပြောခိုင်းသည်မှာ မကြာခဏဖြစ်ပါသည်။ ဆရာမက စာကျက်ကြ၊ စာရလျှင်ပုံပြောပြမည်ဟု ပြောတတ်ပါသည်။ ကျွန်တော်တို့ကလည်း စာကျက်ကြပါသည်။ စာရလျှင် ဆရာမက ပုံပြောပြပါသည်။ စာမရလျှင်တော့ ဗိုက်ခေါက်ကို လိမ်ဆွဲတတ်ပါသည်။ သို့သော်လည်း အလွန်သဘောကောင်းပါသည်။ နံနက် ဆရာမ ကျောင်းသို့လာလျှင် မိန်းကလေးတွေက ပြေးကြိုကြပါသည်။ ကျွန်တော်တို့ ယောကျ်ားလေးတွေကလည်း ပြေးကြိုကြပါသည်။ ကျောင်းဆင်းလျှင်လည်း ဆရာမ၏ လက်ဆွဲခြင်းများ၊ လေ့ကျင့်ခန်းစာအုပ်များကို ကျွန်တော်တို့အားလုံး ဝိုင်းသယ်ပေးကြပါသည်။ ကျွန်တော်တို့အားလုံး ဆရာမကို အလွန် ချစ်ကြပါသည်။

* * * * *

လေ့ကျင့်ခန်းဗလာစာအုပ် စာတစ်မျက်နှာခန့်ရှိသော သူ၏ စာစီစာကုံးကို ကျွန်တော်ကဖတ်ကြည့်ပြီးနောက်–

“မင်းငါ့ကိုပြောတုန်းက သူကဝတ်စားပုံသိပ်ခေတ်

www.burmeseclassic.com

www.burmeseclassic.com



မဆန်ဘူး၊ ဆံပင်တွေဘာတွေလဲဆန်းဆန်းပြားပြားကောက်တာတွေ ဘာတွေ မလုပ်ဘူးလို့ပြောတယ်။ ဒီထဲမှာ အဲဒါတွေဘာတွေ ကျန်နေရစ်ပါရောလားကွ"

"ဟုတ်တယ်ခင်ဗျ၊ ကျွန်တော် မေ့သွားတယ်"

"အဲ့ဒါတွေပါ ထည့်ရမှာပေါ့ကွ။ နေပါဦး၊ မိတ်ကပ်တွေ ဘာတွေကော လိမ်းသေးသလား၊ မျက်ခုံးမွေးတွေ ဘာတွေကော ဆွဲသလား"

"မဆွဲဘူးခင်ဗျ၊ သူ့မျက်ခုံးက ဒီအတိုင်းကိုနက်နေတာပဲ။ မိတ်ကပ်တွေ ဘာတွေ လဲမလိမ်းဘူး။ သနပ်ခါးပဲ လိမ်းတယ်"

"လက်သည်းတွေ ဘာတွေကော ဆိုးသလား"

"ဟုတ်တယ်–လက်သည်းတော့တစ်ခါတလေ ဆိုးတယ်၊ နောက်ပြီး ခြေသည်းပါဆိုးတယ်။ သူ့ခြေသည်းကလေးတွေက သိပ်လှတာဘဲ။ (ရယ်မောလျက်) ကျွန်တော်တို့ခြေသည်းတွေဆို ပဲ့ရွဲ့နေတာဘဲ"

"အေးပေါ့ကွ၊ ယောကျ်ားလေးကိုးကွ၊ မင်းတို့လို ကမြင်းကြောထတဲ့ အကောင်မျိုးတွေဆိုရင်ပိုပြီး ပဲ့တာပေါ့ကွာ"

"ဟုတ်တယ်၊ ကျွန်တော်တို့က ခဏခဏခိုက်မိတယ်" (ပြောပြီးရယ်ပါသည်)

"လမ်းလျှောက်တော့ မြန်သလား"

"အရပ်ပုပေမယ့် လမ်းလျှောက်ရင်တော့ မြန်တယ်ခင်ဗျ"

"ကိုယ်က ခပ်မတ်မတ်နေသလား၊ လက်ပြင်တွေဘာတွေ ကုန်းသလား"



"ကိုယ်ကမတ်တယ်ခင်ဗျ၊ ကျွန်တော်တို့ကိုတောင် ခါးကုန်းပြီးထိုင်ရင် မကြိုက်ဘူး။ ခါးကိုမတ်ပြီး ထိုင်ခိုင်းတယ်။ လမ်းလျှောက်ရင်လဲ ကိုယ်ကိုမတ်ပြီး လျှောက်ရမယ်လို့ ခဏခဏပြောတယ်"

"မင်းက မင်းတို့ဆရာမအကြောင်းကို အတော်လေး သတိထားမိသားပဲ။ အေးပေါ့ကွ၊ ဒီလိုမှပေါ့။ အဲဒီလို အစစကို သတိထားပြီး မှတ်တတ် သားတတ်တဲ့ လူတွေဟာ စာစီစာကုံးကောင်းကောင်းတွေကို ရေးနိုင်လာကြတာပဲ။ အခုမင်းလဲ စာစီ စာကုံးကောင်းတွေကို ရေးတတ်မှာပဲ။ မင်း ခုနကပြောခဲ့တဲ့ မင်းတို့ဆရာမရဲ့ ပုံပန်းသွင်ပြင်ကို စာဖတ်တဲ့သူမြင်ယောင်လာလောက်အောင် စာတစ်ပိုဒ်ချရေးစမ်းကွာ။

"ခုနက ကျွန်တော်ပြောပြတာတွေကိုလား"

"အေးပေါ့ကွ၊ သူ့အရပ်အမောင်း၊ အသားအရေ၊ ဆံပင်တွေ၊ သနပ်ခါးတွေ၊ ခြေသည်း လက်သည်းတွေ၊ လမ်းလျှောက်တာတွေ ရောပေါ့၊ အဲဒါတွေ စုံနေအောင် ရေးလိုက်ရင် မင်းတို့ဆရာမ သရုပ်ပေါ်သွားမှာပေါ့ကွ၊ ရှည်ချင်သလောက် ရှည်သွားပေစေ။ မင်းစိတ်ထဲမှာ မှတ်မှတ်ရရ ရှိနေသမျှတွေကို ရဲရဲသာ ထည့်ပြီး ရေးချလိုက်။ ဘာမှ ကြောက်မနေနဲ့။ ကိုင်း–ရေးကွာ"

* * * * *

စာအုပ်တွေဘာတွေပြင်ဆင်ပြီးနောက် သူစပြီးရေးပါ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ကျွန်တော်က စာဖတ်နေရင်းသူ့ကိုလှမ်းပြီး မသိမသာအကဲခတ်နေပါသည်။ စဉ်းစားလိုက် ရေးလိုက်နှင့် တစ်ချက် တစ်ချက် အနည်းငယ် ပြုံးယောင်သန်းလာသည်ကို လည်းတွေ့လိုက်ပါသည်။ ဘာကြောင့်ပြုံးသည်ကို ကျွန်တော်စဉ်းစားမရလိုက်ပါ။ နာရီဝက်လောက်ရှိတော့ သူ့စာမူကို လာပြပါသည်။

* * * * *

## ကျွန်တော်တို့ ဆရာမ

ကျွန်တော်တို့ဆရာမ၏အမည်မှာ ဒေါ်စန်းမြကြူ ဖြစ်ပါသည်။ ဆရာမသည် အသားဖြူဖြူ၊ အရပ်အနည်းငယ်ပုပါသည်။ နည်းနည်းလည်း ဝပါသည်။ အဝတ်အစား အဆင်အပြင်မှာလည်း အလွန်ရိုးပါသည်။ ဆံပင်ကိုလည်း အချို့သော ဆရာမများကဲ့သို့ ကောက်မထားပါ။ ဆံပင်ရှည်ထားပါသည်။ တစ်ခါတစ်ရံ ခေါင်းလျှော်လာသောကြောင့် ကျောင်းနားချိန် ဖြန့်ချထားလိုက်လျှင် ဆံပင်အရှည်ကြီးကို တွေ့ရတတ်ပါသည်။ မိတ်ကပ်တွေ ဘာတွေ မလိမ်းဘဲ သနပ်ခါးကိုသာ လိမ်းတတ်ပါသည်။ နှုတ်ခမ်းနီတော့ နည်းနည်းလေး ဆိုးပါသည်။ လက်သည်းနီ ခြေသည်းနီကိုလည်း ဆိုးပါသည်။ ဆရာမ၏ ခြေသည်းကလေးများမှာ အလွန်လှပါသည်။ ကျွန်တော်တို့ ခြေသည်း များလိုပဲ့ရွဲ့မနေပါ။ ကျွန်တော့်သူငယ်ချင်း တင်မောင်ဝင်း က ဆရာမ ခြေသည်းကလေး များက



လှမ်းကြည့်ပြီး ဆရာမ ခြေသည်းလေးတွေများကြည့်စမ်းပါဦး၊ ငါတို့ခြေသည်း တွေနဲ့တော့ ဘာမှမဆိုင်ဘူးဟုပြောပါသည်။ သူ့ခြေသည်းများ မှာလည်း ကျွန်တော့် ခြေသည်းတွေလိုပင် အပဲ့အရွဲ့တွေချည်း ဖြစ်ပါသည်။ ဆရာမသည် လမ်းလျှောက် လျှင်ခါးကိုမတ်မတ်ထားပြီး လျှောက်လေ့ရှိပါသည်။ ထိုင်လျှင်လည်းခါးကို မတ်မတ်ထားတတ်ပါသည်။ ကျွန်တော်တို့ကိုလည်း ခါးကုန်းပြီး ထိုင်လျှင် မကြိုက်ပါ။ ဝင်းမောင်ထွန်း အရှည်ကြီးကတော့ ဆရာမ ကွယ်ရာတွင် သူကအရပ်ပုတော့ ခါးကိုမတ်ထားလို့ရတာပေါ့ကွ၊ ငါတို့က အရပ်ရှည်တော့ အလိုလို ကိုင်းကိုင်းသွားတာပေါ့ ဟုပြောပြီး ရယ်တတ်ပါသည်။

* * * * *

ကျွန်တော်က သူ့စာစီစာကုံးကို လှမ်းယူကြည့်လိုက်ရင်း "ဟ–အတော်ကြီးကိုရှည်သွားလိုက်ပါကလား၊ ကောင်းတယ် ကောင်းတယ်" ဟုပြောလိုက်မိပါသည်။ ထို့နောက် စာစီစာကုံးကို သေချာ ဖတ်ကြည့်လိုက်ပါသည်။ ထိုသို့ဖတ်ကြည့်မိသောအခါတွင်မှ စာရေးနေရင်း သူ ဘာကြောင့်ပြုံးယောင်သန်းခဲ့သည်ကို မှန်းဆကြည့်နိုင်ပါသည်။ သူ့သူငယ်ချင်းများ၏ ပြောစကားများကို ပြန်လည်တွေးမိသောကြောင့် ပြုံးခြင်းဖြစ်တန် ရာပါသည်။

ကျွန်တော်က သူ့စာပိုဒ်ကိုသေချာ ဖတ်ကြည့်ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်ဆစ်ပိုင်းမေးမြန်းပြီး သင်ပြပေးလိုက်ပါသည်။

"မင်းစာထဲမှာ ဆရာမရဲ့ဆံပင်ရှည်ကြီးတွေ့တယ်လို့ပြောထားတယ်၊ ဘယ်လောက်ထိအောင်ရှည်တာလဲ။ ခြေဖနောင့်ထိအောင်လား"

"မဟုတ်ဘူးခင်ဗျ၊ ဒီလောက်ထိအောင်" (သူကမတ်တတ်ရပ်ပြီး ဒူးကောက်ကွေး အထက်နားလောက်ဆီကို လက်ထောက်ပြပါသည်)

"အေးလေ- စာနဲ့ရေးရင်ဘယ်လောက်ထိအောင်ရှည်တယ်လို့ရေးမလဲ"

"တင်ပါးအောက်... ဟင်မဟုတ်သေးဘူး" (သူရယ်မောပြီး စဉ်းစားနေပါသည်)

"စဉ်းစားပါဦးကွ၊ စကားလုံး ရှိပါတယ်"

"ပေါင်လယ်လောက်"

"အေးပေါ့ကွ-စကားလုံးဆိုတာ အဲဒီလိုပဲ ရှာရတယ်။ ပေါင်လယ်လောက်၊ ပေါင်လယ်ကျော်ကျော်လောက်၊ ဒါမှမဟုတ် ပေါင်လယ်မရှိတရှိ သင့်သလို သုံးသွားရတာပေါ့။ နောက်ပြီး မင်းတို့ဆရာမရဲ့ ဆံပင်အရောင်က နီကြောင်ကြောင်လား၊ နက်မှောင်နေသလား"

"နက်မှောင်နေတယ်၊ ပြောင်လဲပြောင်တယ်"

"အေးပေါ့ကွ-အဲဒါမျိုးကိုပါ ထည့်လိုက်ရင်ပိုပြီး ပြည့်စုံသွားတာပေါ့"

ထို့နောက် ကျွန်တော်က သူ၏ စာစီစာကုံးကိုဆက်ဖတ်



လိုက်ပြီးလျှင်-

"မင့်သူငယ်ချင်း တင်မောင်ဝင်းတို့ အကြောင်းတွေဘာတွေ ထည့်ပြီးပြောလိုက်တာ ကောင်းတယ်ကွ။ စာစီစာကုံးမှာ ပိုပြီး အသက်ဝင်သွားတာပေါ့၊ အဲ-ပိုပြီးစိတ်ဝင်စားဖို့ကောင်းသွားတာပေါ့။ ဒါပေမယ့် သူတို့ပြောတဲ့ စကားတွေကို သူတို့ပြောတဲ့အတိုင်း တိုက်ရိုက်ထည့်ပြီး သုံးထားမယ်ဆိုရင် မျက်တောင် အဖွင့်အပိတ်ကို ထည့်ပြီးသုံးရတယ်။ မျက်တောင်ဆိုတာသိလား"

သူ ရုတ်တရက် မပြောနိုင်ပါ။ ကျွန်တော်က မျက်တောင်ကိုရေးပြလိုက်တော့မှ- "သိတယ် သိတယ်" ဟုပြောပါသည်။

"နောက်ပြီး မင်းက စာစီစာကုံးကို ဝင်းမောင်ထွန်းပြောတဲ့ စကားနဲ့ပဲ အဆုံးသတ်သွားတယ်။ ဆရာမအကြောင်းကိုပြန်မရောက်တော့ဘူး။ ဆရာမအကြောင်းကို ပြောရင် ဆရာမအကြောင်းနဲ့ပြန်ပြီး နိဂုံးသတ်မှ ပိုပြီးကောင်းမှာပေါ့ကွ။ နို့မဟုတ်ရင် ဝင်းမောင်ထွန်းကိုပဲ စိတ်ထဲကမှတ်မိပြီး ကျန်ရစ်ခဲ့မှာပေါ့။ ဒီတော့ ဆရာမအကြောင်းကို ပြန်ရောက်အောင် 'သို့သော်လည်း ဆရာမ နေပုံထိုင်ပုံ လမ်းလျှောက်ပုံမှစ၍ အလွန်ကြည့်ကောင်းကြောင်းကိုတော့ ဝင်းမောင်ထွန်းကပြောပါသည်' ဟာညာစသည်ဖြင့် ဆက်ပြောလိုက်ရင် အစအဆုံး၊ အဖုံးအပိတ် လှသွားတာပေါ့-မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ပထမရေးထားခဲ့သော သူ့စာစီစာကုံးကလေးနှင့် ယခုချဲ့ထွင်ရေးလိုက်သော သူ့စာပိုဒ်ကိုယှဉ်ကြည့်လိုက်စေပါသည်။ ပြီးမှ–

“မင်း အခုရေးလိုက်တာက မင်းတို့ဆရာမရဲ့ပုံပန်းသွင်ပြင်ဘဲရှိသေးတယ်။ သူ စကားပြော ကောင်းတာတွေ၊ ပုံပြောတာတွေ၊ အဲဒါတွေကိုလဲ ဒီလိုပဲ ချဲ့ပြီး ရေးသွားရဦးမယ် မဟုတ်လား။ မင်း အခု ရေးခဲ့သလောက် တခြားဟာတွေကိုလဲ ချဲ့ပြီးရေး လိုက်ရင် သိပ်ပြီးရှည်သွားမှာပေါ့၊ ဒီတော့ အခု မင်းရေးပြီးထားတဲ့ စာပိုဒ်ထဲက တချို့အရေးမကြီးတာတွေကို ချန်ပစ်ခဲ့ရမယ်၊ ဖြုတ်ပစ်ခဲ့ရမယ် ဆိုရင် ဘာတွေကို ချန်ထားခဲ့မလဲ၊ ပြန်ဖတ်ကြည့်စမ်း”

သူပြန်ဖတ်ပါသည်။ ခဏရှိတော့မှ–

“တင်မောင်ဝင်းနဲ့ ဝင်းမောင်ထွန်းတို့ပြောတာတွေကို ချန်ထားခဲ့မယ်”

“ဒါပေါ့ကွ၊ မင်းတော်သားပဲ၊ အဲဒီလို အရေးကြီးတာနဲ့ အရေးမကြီးတာကို ခွဲခြားပြီးသိရမယ်ကွ၊ ကဲဒီနေ့တော်လောက်ရှာပေါ့ကွာ”

**အောင်သင်း**

*(ချယ်ရီ၊ ဩဂုတ်၊ ၉၁)*



ဤစာစီစာကုံးကဏ္ဍကိုဖတ်လိုက်မိသူ မိတ်ဆွေတစ်ဦးက–

“ခင်ဗျားက အလယ်တန်းစာစီစာကုံးတစ်အုပ် ထုတ်ဖို့ရည်ရွယ်ပြီး ရေးနေတာလား”

“အလယ်တန်းစာစီစာကုံး တစ်အုပ်ထုတ်ချင်တာမျိုးဆိုရင် ဒီထက် အများကြီးလွယ်တာပေါ့ဗျာ။ ဘာပြုလို့ ‘ချယ်ရီ’မှာ တစ်လပြီး တစ်လ စောင့်ရေးနေတော့မှာလဲ။ အလယ်တန်းစာမေးပွဲ မေးခွန်း (၁၀)နှစ်စာလောက်မှာ ပါခဲ့တဲ့ စာစီစာကုံးခေါင်းစဉ်တွေကိုယူ၊ ကိုယ်က ဉာဏ်နည်းနည်းလောက်ထုတ်ပြီးမှတ်နဲ့လျော်အောင် ခေါင်းစဉ်ကလေးတွေကို ပြင်လိုက်ဆင်လိုက်နဲ့ အပုဒ် (၃၀)လောက်ရေးလိုက်ရင် ကြာလှ(၁၀)ရက် ပေါ့ဗျာ။ တစ်အုပ် ဖြစ်သွားမှာပေါ့”

“ဒါဖြင့်ရင် ခင်ဗျား ခုရေးနေတာက စာစီစာကုံးသင်နည်း၊ရေးနည်းကို ပို့ချနေတဲ့ သဘောလား”

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်တော့လဲ မကသေးဘူးဗျ။ ပြောလိုက်ပြန်ရင်တော့လဲ ခင်ဗျားက ကြီးကျယ်လုချည်လား ကိုယ့်လူရယ်လို့ ပြောဦးတော့မှာပဲ"

"ကဲပါ–အဲဒါထားစမ်းပါ၊ ပြောပဲ ပြောစမ်းပါဦး"

"ရွှေဝတ်မှုန် မဂ္ဂဇင်းမှာ ကျွန်တော်ဘာသာပြန်ပြီး လစဉ်ထည့်နေတဲ့ 'ပညာရေး၏လုပ်ငန်းဆောင်တာများ' ဆိုတဲ့ ဆောင်းပါးကို ခင်ဗျား ဖတ်မိလေမလား မသိဘူး"

"အဲဒီ ပညာရေး၏ လုပ်ငန်းဆောင်တာများ ကို ဟောပြောတဲ့ ဆရာကြီး 'ဆာ၊ ရစ်ချတ် လစ်ဗင်းစတုန်း' ကို ကျွန်တော် သိပ်ကြည်ညိုတယ်ဗျာ။ ထားပါတော့။ သူပြောတဲ့ အထဲမှာ ပါလာတာတစ်ခုက *ပညာရေးရဲ့ရည်ရွယ်ချက်ဟာ– စာသင်သားတပည့်တွေကို ပညာဆိုတာ ဘယ်လောက် လေးနက်တန်ဖိုးကြီးမြင့်တယ် ဆိုတာကိုအသည်းလှိုက် အူလှိုက် သဘောပေါက် သွားဖို့ရယ်၊ ဆည်းပူး ရှာစမ်းနည်းကို သိသွားဖို့ရယ်၊ လူ့လောကကြီးကို ချစ်ခြင်းမေတ္တာ ထားတတ်ဖို့ရယ်၊ ဒီအချက်ကြီးသုံးချက်ဟာ အရေးကြီးဆုံးပဲ လို့ဆိုတယ်ဗျ။* ကျွန်တော် အဲဒါကို သိပ်သဘောကျသွားတယ်"

"ဒီတော့–အဲဒီသုံးချက်နဲ့ ခင်ဗျားကဗျာနဲ့. . ."

"ဆုံးအောင် နားထောင်ပါဦးဗျာ။ ဒီကဗျာမဖြစ်စလောက်ကလေးနဲ့ အဲဒီ ရည်ရွယ်ချက်မျိုးကြီးတွေကို ဖြစ်မြောက်အောင် တော့ ဘယ်မှာလုပ်နိုင်ပါ့မလဲ။ သို့သော်လည်း ကျွန်တော့် အတိုင်း အထွာကလေးနဲ့ တတ်အားသမျှ ပေါ့ဗျာ။ ဥပမာ– ကလေးတွေဟာ စာစီစာကုံး ဆိုတာဟာဘာမှ



မဟုတ်ဘူး၊ ကိုယ်တွေ့တာ ကြုံတာလေးတွေ၊ ကိုယ် သိတာလေးတွေကို ပြန်ရေးလိုက်ရင် ဖြစ်သားပဲလို့သိသွားကြစေချင်တယ်။အဲဒီလိုနည်းနဲ့ ကိုယ့်ပတ်ဝန်းကျင်ကလေးကို သတိထားတတ်လာအောင်လေ့ကျင့်ပေးတဲ့ သဘောမျိုးပေါ့ဗျာ"

"အေးဗျ–အဲဒီလိုဆိုပြန်တော့လဲ အဟုတ်သားဗျ၊ နောက်ပြီး ရေးတဲ့ သားတဲ့ အကျင့်ကလေးလဲ ရသွားနိုင်တာပေါ့၊ ဒါပေမယ့်ခက်တာက ခင်ဗျားဆောင်းပါးကို ဘယ်ကလေးကမှ ဖတ်မိမယ် မထင်ဘူး"

"အေးပေါ့ဗျာ၊ သို့သော်လည်း ကိုယ့်သား ကိုယ့်သမီးကို ဒီလို အလေ့အကျင့်မျိုးရစေချင်တဲ့ မိဘတွေ၊ တကယ် အပင်အပန်းခံပြီး တပည့်တွေကို လေ့ကျင့်ပေးချင်တဲ့ ဆရာ ဆရာမတွေကို ကျွန်တော့် ကိုယ်တွေ့ကလေးတွေကို တင်ပြလိုက်ရတာ အမြတ်ပေါ့ဗျာ။ *အထူးသဖြင့် သူများရေးတဲ့စာတွေကို ကုန်းနေအောင်ကျက်လိုက်ရင် စာမေးပွဲအောင်တာပဲဆိုပြီး ပင်ကိုဉာဏ်သုံးဖို့အတွက် ဦးနှောက်ပျင်းသွားတဲ့ အဖြစ်ဆိုးကြီးမျိုးကို ဘယ်လိုလုပ်ရမှန်း မသိအောင် မှန်းလွန်းလို့ လုပ်မိလုပ်ရာ ထပြီးလုပ်လိုက်တာပဲလို့ ပြောမယ်ဆိုရင်လဲ ဖြစ်မယ်ထင်တာပါပဲဗျာ"*

"အေးပေါ့ဗျာ–ခင်ဗျား ခုနကပြောတဲ့ လောကကြီးကို ချစ်တတ်၊ မေတ္တာထားတတ်အောင် ဆိုတာမျိုးလောက် ထိအောင်တော့လဲ ဒီလောက်ကလေးနဲ့ မပေါက်နိုင်သေးဘူးပေါ့ဗျာ"

"ဒါပေါ့ဗျာ။ အမယ်–ဒါပေါ့ဗျာဆိုပေမယ့် ဉာဏ်ထုတ်နိုင်သင်ရင် ဖြစ်တန်သလောက်တော့ ဖြစ်မယ်ထင်တယ်ဗျ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပါစို့–အခု ကျွန်တော်အရေးခိုင်းတဲ့ 'ကျွန်တော်တို့ဆရာမ'ဆိုတဲ့ ခေါင်းစဉ်မှာကိုပဲ သူတို့ဆရာမရဲ့ ထက်မြက်တဲ့ အရည်အသွေးလေးတွေကို သတိထား လေးစားရကောင်းမှန်း သိလာနိုင်တယ်ဗျ"

"အေးဗျာ–ခင်ဗျားပြောသလို ဆိုပြန်တော့လဲ ဟိုလူဒီလူနဲ့ ကျွက်စီကျွက်စီ ရန်ဖြစ်နေတဲ့ ဆောင်းပါးတွေထက်တော့ပိုပြီး ကောင်းသလိုလို ဖြစ်နေပြန်ပါရော့လား"

"ဟာဗျာ–ခင်ဗျားကလဲ ပြောရော့မယ်"

* * * * *

ယခင်တစ်ပတ်က ကျွန်တော်၏တပည့် ပေါက်စကလေးအား 'ကျွန်တော်တို့ဆရာမ' ဟူသော ခေါင်းစဉ်ဖြင့် စာစီစာကုံးအရေးခိုင်းကြောင်း၊ နောက်တစ်ဆင့် ဆရာမ၏ ပုံပန်းသွင်ပြင်ချည်းသက်သက်ကို စာတစ်ပိုဒ်ထပ်ပြီး အရေးခိုင်းကြောင်း ကျွန်တော်တင်ပြခဲ့ပါသည်။ ထိုအကြောင်းအရာကိုပင် ဆက်လက်၍–

"မင်းရေးတဲ့ စာပိုဒ်ကလေးမှာ မင်းတို့ရဲ့ ဆရာမ သွင်ပြင် အတော်လေး ပေါ်လွင်နေပြီကွ။ ဖတ်လို့လဲ ကောင်းသားပဲ၊ ဒါထက် နေစမ်းပါဦး–မင်းတို့ဆရာမက စကားပြောကောင်းတယ် ဆို"

"ဟုတ်တယ်ခင်ဗျ"



"ဘယ်လိုကောင်းတာမျိုးလဲကွ"

သူ ရုတ်တရက်မဖြေနိုင်ပါ။ ခဏငိုင်နေပါသည်။ ပြီးမှ–

"သိပ် စိတ်ဝင်စားဖို့ ကောင်းတယ်"

"ဘာပြုလို့ စိတ်ဝင်စားဖို့ ကောင်းတာလဲ"

သူ မဖြေနိုင်ပါ။ သူ ညံ့လို့မဟုတ်ပါ။ ဤမေးခွန်းမျိုးကို သူတို့လို အရွယ်မျိုးလေးကို မဆိုထားနှင့် ခပ်ရွယ်ရွယ် ကျောင်းသား ကြီးများပင် ရုတ်တရက်ဖြေလိုက်နိုင်ဖို့ ခက်ပါသည်။ ထို့ကြောင့်–

"ဘာအကြောင်းပဲ ပြောပြော စိတ်ဝင်စားဖို့ ကောင်းတာပဲလား"

"ဟုတ်တယ်ခင်ဗျ"

"မင်းကိုယ်တိုင် စိတ်ဝင်စားလို့ မှတ်မိနေတဲ့အကြောင်းကလေး တစ်ခုလောက်ကို ပြန်ပြောပြစမ်းကွာ"

ခဏလောက် စဉ်းစားပြီးမှ ပြုံးယောင်သန်းလာကာ–

"သူ့သားလေးအကြောင်းကို ပြောပြတယ်"

"ဟုတ်လား–သူ့သားလေးက ပညာတော်လို့လား"

"မဟုတ်ဘူးခင်ဗျ။ ငယ်ငယ်လေးရယ်၊ (၂)နှစ်လောက်ပဲရှိသေးတယ်၊ အဲဒီ ကလေးလေး အကြောင်းကို ပြောပြတာ"

"ဪ–ဟုတ်လား၊ အဲဒီကလေးအကြောင်း ဘာတွေ

www.burmeseclassic.com



ပြောပြသလဲ"

ပိုပြီး ပြုံးလာလျက်–

"အဲဒီသားလေး ဆဲတဲ့အကြောင်းကို ပြောပြတာ"

"ဟာ–ဒီအရွယ်လေးက ဆဲတတ်နေပြီလား၊ မင်းတို့ ဆရာမသားက ဘယ်လိုလုပ်ပြီး ဆဲတတ်နေတာလဲ"

"အဲဒီ သားကလေးကို ထိန်းတာက သူ့တူမလေး တစ် ယောက်။ အိမ်နီးချင်းကောင်မလေး တစ်ယောက်ကလဲ နေ့လယ်ဆိုရင် အိမ်ကို လာလာလည်တယ်တဲ့။ အဲဒီတော့ ဆရာမ သား က သူတို့နှစ်ယောက်နဲ့ပဲ နေရတာ။ ဒါကြောင့် ဆဲလိုက်ရင် မိန်းကလေးလိုပဲ ဆဲတတ်သတဲ့။

"အေးအေး–လုပ်စမ်းပါဦး။ ငါတောင် သိပ် စိတ်ဝင်စား လာပြီ"

"ကောင်မ၊ ဟဲ့ကောင်မ လို့ဆဲသတဲ့။ ဒါပေမယ့် စကားကို ပီအောင်မပြောတတ်သေးတော့ အာလုပ်သံကြီးနဲ့ 'ကွန်းမ–ကွန်းမ' လို့ဆဲသတဲ့။ ဘယ်သူ့ကိုပဲဖြစ်ဖြစ် သူစိတ်ဆိုးရင် ကွန်းမလို့ ဆဲတာပဲ တဲ့။ သူ့အဖေကိုလဲ သူလိုချင်တာမပေးရင် ကွန်းမလို့ အော်တာပဲတဲ့။ တစ်ခါမှာတော့ ဆရာမ ယောကျ်ားရဲ့ အဖေ အဖိုးကြီးကို သူကစိတ်တိုပြီး 'ကွန်းမ–ကွန်းမ' နဲ့အော်တာ အဖိုးကြီးက နားမလည်လို့ 'ဟဲ့–ဒီကောင်ဘာ ပြောနေတာလဲ' လို့မေးတော့ ဆရာမက ရှင်းပြတော့ အဖိုးကြီးက ရယ်လိုက်တာတဲ့"



သူကလည်း ပြောနေရင်း ရယ်ပါသည်။

"အေးပေါ့ကွ–ကလေးဆိုတော့ ဆဲတာရယ် လို့ဘယ်မှာ သိမလဲ။ စိတ်ဆိုးရင် အော်ရတဲ့စကား လို့ဘဲ အောက်မေ့မှာပေါ့။ မိန်းကလေးတွေနဲ့ချည်း အတူနေရတာများတော့ သူတို့အော်ကြ သလိုအော်လိုက်တာဘဲဖြစ်မှာပေါ့။ ဟို–မုန်တိုင်းထဲမှာလို့ ကွဲသွားတဲ့ ကျေးညီနောင်လိုဖြစ်သွားတာပေါ့၊ နီးစပ်ရာ..."

"ဟုတ်တယ်–ဆရာမကလဲ အဲဒီကျေးညီနောင် အကြောင်းကိုပြောရင်း အဲဒါကိုပြောပြတာပဲ"

"သူ့အဖေကိုပါ 'ကွန်းမ' လို့ဆဲတာ ပြောပြတော့ မင်းတို့ မရယ်ကြဘူးလား"

"ရယ်တာပေါ့။ ကျွန်တော်တို့ တစ်တန်းလုံးရယ် ကြတာပဲ။ ကျွန်တော်တို့အချင်းချင်း တောင် တစ်ခါတလေ 'ကွန်းမ' လို့ အော်ချင်အော်မိကြတယ်"

သူက ထိုကဲ့သို့ ပြောပြီးနောက် ရယ်ပါသည်။

"မင်းတို့ဆရာမက သူ့သား အသံကို တူအောင် လုပ်ပြသလား"

"အသံလဲ လုပ်ပြတယ်၊ နောက်ပြီး သူ့သားမျက်နှာ ရှုံ့ရှုံ့ကြီး ကိုလဲ လုပ်ပြတယ်"

"မင်းတို့ဆရာမက အသံအနေအထားတွေ အမူအရာပါ ကောင်းလို့ပေါ့ကွ။ စကားပြောကောင်းတယ် ဆိုတာ အသံရော အမူအရာပါ ကောင်းလို့ပေါ့ကွ၊ သနားစရာ ကောင်းအောင်လည်း ပြောတတ်သလား"

www.burmeseclassic.com

www.burmeseclassic.com



"ပြောတတ်တယ်ခင်ဗျ။ တစ်ခါက အဲဒီသားလေး နေမကောင်းလို့ ခွင့် တစ်ရက်နှစ်ရက်လောက် ယူရတယ်။ အဲဒီမှာ သူ့သားလေးနေမကောင်းတာ ကိုယ်ပူတာတွေ၊ မအိပ်နိုင်၊ နို့မစို့နိုင်တာတွေ၊ ငိုတာတောင်အားမရှိလို့ သဲ့သဲ့လေး ငိုနိုင်တာတွေကို ပြောပြတာ သိပ် သနားဖို့ကောင်းတာပဲ။ နောက်ပြီး ဆရာမက သူ့သားလေးများ သေသွားရင်လို့တွေးပြီး အရမ်းငိုလိုက်မိတာတွေ ပြောပြတယ်။ မိဘကျေးဇူးကို အဲဒီတော့မှ ပိုပြီးနားလည်လာတယ် တဲ့။ သူ့မိဘတွေက ဟိုး–ရွှေဘိုလား၊ မုံရွာလား အဲဒီမှာ။ သားကလေး ခဏမှိန်းနေတုန်းမှာ သူ့အမေကို မှန်းပြီး ဦးချ ကန်တော့တယ်တဲ့၊ အမေ့ကျေးဇူးကို ခုလိုကန်တော့ ရတဲ့အတွက် သားကလေး နေကောင်းပါစေလို့လဲ ဆုတောင်း မိတယ်တဲ့၊ ဆုတောင်းရင်းလဲ မျက်ရည်တွေက အရမ်းကျတာပဲတဲ့"

"မင်းတို့ကော အဲဒီကျတော့ မိဘကို ကျေးဇူးမတင် မိဘူးလား"

"တင်တာပေါ့၊ ကျွန်တော်တောင်အိမ်ပြန်ရောက်တော့ ဆရာမ ပြောတာကို မေမေ့ကို ပြန်ပြောပြသေးတယ်"

"အေး–မင်းတို့ဆရာမက တော်သားပဲကွ၊ မင်းပြောတဲ့ အတိုင်းဆိုရင် စိတ်ဝင်စားဖို့ကောင်းတာတင် မဟုတ်ဘူး၊ မှတ်သား စရာတွေ၊ ဆင်ခြင်စရာတွေ တစ်ပုံကြီး ပါနေတာပဲကွ၊ သူသင်တာ က သမိုင်းမဟုတ်လား"

"ဟုတ်တယ် ခင်ဗျ"

"သမိုင်းသင်တော့ကော ကောင်းရဲ့လား"



"ကောင်းတယ်ခင်ဗျ။ မင်းရဲကျော်စွာတို့၊ တပင် ရွှေထီးတို့၊ ဘုရင့်နောင်တို့အကြောင်းတွေပြောပြရင် သိပ် နားထောင်လို့ ကောင်းတာပဲ"

"မင်းတို့ ကုသိုလ်ကောင်းလို့ ဒီလိုဆရာမမျိုးတွေကို တွေ့ရတာ။ တချို့သမိုင်းဆရာမတွေဆိုရင်အဲဒါမျိုးတွေကို သူတို့ကိုယ်တိုင်ကိုက မဖတ်မှုးကြတော့ဘူး။ စာအုပ်ထဲက ဟာကိုပဲ မှတ်စုခေါ်ပေးနေကြတော့တာ။ ကဲ–ထားပါတော့ကွာ။ ဒီလောက်ဆိုရင် မင်းတို့ဆရာမ စကားပြောကောင်းပုံ၊ စာသင် ကောင်းပုံတွေကို စာပိုဒ်တစ်ခုကောင်းကောင်းကြီး ရေးနိုင်ပါပြီ။ ရေးပေတော့ကွာ"

သည်တစ်ခါမှာတော့ ယခင်ကထက်ပေါ့ပါး သွက် လက်စွာ စာရေးရန်ပြင်ဆင်ပါတော့သည်။ စိတ်အားတက်ကြွ နေပုံလည်းရပါသည်။ ကလေးငယ်များသည်လည်း ကိုယ်သိ သည့်အကြောင်း၊ ကိုယ်ခံစားမိသည့် အကြောင်းကိုပြောရမည် ဆိုလျှင် စိတ်အားတက်ကြွမြဲ ဖြစ်ပါသည်။

"အော်–သတိရလို့ ပြောလိုက်ရဦးမယ်၊ မင်းတို့ဆရာမ စကားပြောရင် နှုတ်ခမ်းကလေး ရွဲ့ရွဲ့သွားတတ်လို့ မင်းတို့ပါ ယောင်ပြီး ရွဲ့လိုက်ချင်သလိုလို ဖြစ်သွားတတ်တယ် ဆိုတာကိုပါ ထည့်ရေးနော်"

သူ ပြုံးပါသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



## ကျွန်တော်တို့ဆရာမ

ကျွန်တော်တို့ဆရာမသည် စကားပြောတာလည်း အလွန်ကောင်းပါသည်။ စာသင်တာလည်းကောင်းပါသည်။ သူစကားပြောသောအခါ နှုတ်ခမ်းက ရွှဲ့ရွှဲ့သွားတတ်ပါသည်။ ကျွန်တော်တို့လည်းယောင်ပြီးရွှဲ့မိသလိုလိုဖြစ်သွားတတ်ပါသည်။ သူ့သားကလေးကိုထိန်းသည်မှာ မိန်းကလေးနှစ်ယောက်ဖြစ်ပါသည်။ မိန်းကလေးများနှင့် အမြဲနေရသောကြောင့် စိတ်ဆိုးလျှင် 'ကောင်မ၊ ကောင်မ' ဟုဆဲတတ်နေပုံကိုလည်း ပြောပါသည်။ 'ကောင်မ' ကို ပီအောင်မပြောနိုင်သေးသောကြောင့် 'ကွန်းမ၊ ကွန်းမ' ဟုအော်တတ်ပုံကို ပြောပြရာ ကျွန်တော်တို့အားလုံး ရယ်ကြရပါသည်။ သူ့သားကလေး နေမကောင်းသောကြောင့် သူငိုရပုံကို ပြောပြသောအခါ ကျွန်တော်တို့လည်း ဆရာမကို သနားမိကြပါသည်။ မိဘကျေးဇူး မိဘမေတ္တာ အလွန်ကြီးမားကြောင်းကို ကျွန်တော်တို့အား သင်ပြပါသည်။ သမိုင်းသင်သောအခါတွင်လည်း မင်းရဲကျော်စွာ၊ တပင်ရွှေထီး၊ ဘုရင့်နောင်တို့အကြောင်းကို ပြောပြလျှင် အလွန် နားထောင်လို့ ကောင်းပါသည်။

* * * * *

"မင်းစာရေးတာအများကြီးတိုးတက်လာပြီကွ။ ဝါကျအချိုတ်အဆက် ကလေးတွေကိုသင်ပေးမယ်။ လာ-ဒီမှာကြည့်"



ကျွန်တော်က သူ့စာစီစာကုံးတွင် မင်နီဖြင့် လက်တွေ့ရေးဖြည့်ပြီး ပြင်ပေးရပါသည်။

"သူစကားပြောသောအခါ နှုတ်ခမ်းကရွှဲ့ရွှဲ့သွားတတ်ပါသည်။ ကျွန်တော်တို့လည်းယောင်ပြီးရွှဲ့မိသလိုလို ဖြစ်သွားတတ်ပါသည် ဆိုတဲ့ဝါကျနှစ်ခုကို အချိတ်အဆက်မိအောင် လုပ်ပြမယ်။ ကျွန်တော်တို့လည်း 'စိတ်ဝင်စားသောကြောင့် သူ့မျက်နှာကိုကြည့်နေရင်း' ဆိုတာကလေးကိုထည့်လိုက်ပေါ့ကွ။ နောက်ပြီးနှုတ်ခမ်းက လို့ဆိုတာထက် 'နှုတ်ခမ်းလေးက' လို့ပြောရင်ပိုကောင်းတာပေါ့။ 'နှုတ်ခမ်းလေး'ဆိုတာ ချစ်လို့ပြောတာကွ။ ဆရာမ၏ 'နှုတ်ခမ်းကြီးက' လို့ရေးလိုက်ရင် "

သူ ရယ်ပါသည်။

သည်ငနဲလေးစာစီစာကုံးရေးရသည်ကို ပျော်လာပြီဟု ထင်လိုက်မိပါသည်။

ဤသို့အားဖြင့် မငြင်းသာသောမိတ်ဆွေများ၏ သားသမီး ဆီးစေ့လောက်ကလေးတွေကို စာစီစာကုံးသင်ပေးခဲ့ရပါသည်။ သူတို့ကို သင်ပေးရမည်ကို ကျွန်တော်ကိုယ်တိုင်က ပျင်းသောကြောင့် ပျော်အောင်အကြံအဖန်လုပ်ရင်း စာသင်ရုံသာ *မဟုတ်ဘဲ စိတ်ကိုပါသင်ရန် ကြိုးစားခဲ့မိပါသည်။* ဤသို့အားဖြင့် သူတို့၏ ကိုယ်တွေ့စာစီစာကုံးများကို ကျွန်တော်၏ 'ကိုယ်တွေ့စာစီစာကုံး'များအဖြစ်ရခဲ့ပါသည်။ သူတို့မိဘများ*ကတော့ သူတို့၏ သားကို စာစီစာကုံးသင်ပေးလိုက်သည်ဟုသာ ထင်ကြပါလိမ့်မည်။*

**အောင်သင်း**

***(ချယ်ရီ၊ စက်တင်ဘာ၊ ၉၁)***

www.burmeseclassic.com

www.burmeseclassic.com



ဤ 'ကိုယ်တွေ့ စာစီစာကုံး' ဟူသော ကဏ္ဍကလေးကို 'ချယ်ရီ' မဂ္ဂဇင်းတွင် လေးငါးလခန့်ရေးခဲ့ဖူးပါသေးသည်။ ထိုနောက်မရေးဖြစ်ဘဲ ပြတ်သွားခဲ့ပါသည်။ စာဖတ်ပရိသတ် အချို့က ထိုကဏ္ဍကလေးကို နှစ်ခြိုက်ကြသဖြင့် ဆက်ပြီးရေးရန် ပြောခဲ့ကြပါသည်။ မရေးဖြစ်ခဲ့ပါ။ ယခု 'ရင်ခွင်သစ်'က ထိုကဏ္ဍကလေးကို ဆက်ပြီးရေးပေးပါရန် တောင်းပန်ပါသည်။ ကျွန်တော်လည်း စိတ်လိုလက်ရရှိ လာပြန်သည်နှင့် ဆက်ပြီးရေးပေးလိုက်ပြန်ပါသည်။

* * * * *

## 'ကိုယ်တွေ့' ဟူသောစကားလုံး

'ကိုယ်တွေ့စာစီစာကုံး' ဟုကျွန်တော်က သုံးစွဲထားရာတွင် ဘာကြောင့် 'ကိုယ်တွေ့' ဆိုသည့်စကားလုံးကို သုံးရကြောင်း ရှင်းပြလိုက်ချင်ပါသေးသည်။



စာဖတ်ပရိသတ် အများစု သိထားကြပြီးဖြစ်သည့်အတိုင်း ကျွန်တော်သည် ကျောင်းဆရာတစ်ယောက်ဖြစ်ပါသည်။ မေမြို့စစ်တက္ကသိုလ် အပါအဝင် တက္ကသိုလ်ကောလိပ်များတွင် အမှုထမ်းခဲ့ဖူးသောကြောင့် တပည့်တပန်းလည်း ပေါများပါသည်။ ယခုအခါတွင်တော့ ထိုထိုသော တပည့်များက မိဘများ ဖြစ်လာကြပါလေပြီ။ သည်တော့ ထိုတပည့်များက သူတို့၏ သားသမီးများကို ကျွန်တော့်အား မြန်မာစာ သင်ပေးစေချင်ကြသည်။ သင်လည်းသင်ပေးပါသည်။ သို့သော် ခေတ်အခြေအနေ အားလျော်စွာ ဆယ်တန်းများကိုသာ သင်ပေးလေ့ ရှိပါသည်။

သည်လိုအခါမျိုးတွင် မမျှော်လင့်ဘဲ ကြားဖောက်ဝင်လာတတ်သည့် ပြဿနာက ကလေးပေါက်စတွေကို ခေါ်လာပြီး စာသင်ခိုင်းခြင်းပင် ဖြစ်ပါသည်။ တချို့သော တပည့်များမှာ သူတို့ငယ်စဉ် ကျောင်းသားဘဝ၌ ပေတေကျောင်းပြေးလွန်းသောကြောင့် ယခုပြန်တွေးလျှင် ယခုနားရင်းထအုပ်ချင်လောက်အောင် ဖြစ်နေသော်လည်း သူတို့သားသမီးများကျတော့ တော်စေ၊ တတ်စေချင်လိုက်ကြသည်မှာလည်း ချက်ချင်းပင် နားရင်းထအုပ်ချင်လောက်အောင်ပါပဲ။ သူတို့ငယ်ကျိုး ငယ်နာကို ပြန်ပြောပြီး ဆဲပြန်တော့လည်း 'ဆဲ–ဆဲ' ပါပဲ။ သူတို့သားသမီး ပေါက်စနီး ပေါက်စနကို ပျင်းစိတ်တစ်ဝက်၊ စိတ်ပျက်တစ်ပိုင်း နှင့်ပင် သင်ပေးရပြန်ပါတော့သည်။

ကျွန်တော်၏ ကျောင်းဆရာအတွေ့အကြုံဆိုသည်ကလည်း သည်လိုအသေးစား ပေါက်စနလေးတွေကို သင်ခဲ့ဖူး

www.burmeseclassic.com

www.burmeseclassic.com



သည့် အတွေ့အကြုံမျိုးမဟုတ်။ အလယ်တန်းပြဆရာအဖြစ် နှစ်နှစ်ကျော်ကျော် အမှုထမ်းခဲ့ဖူးသည်မှာကား မှန်ပါ၏။ သို့သော် ကျွန်တော်သင်ခဲ့ရသည်က သမိုင်း၊ သိပ္ပံနှင့် အင်္ဂလိပ်စာ။ မြန်မာစာကို တစ်ခါမျှ မသင်ခဲ့စဖူး ။

သည်ကြားထဲတွင် ရှေ့ကိုယ်တော် မိဘများအသင်ခိုင်းသည်က 'စာစီစာကုံး'ရေးနည်းတဲ့။ ဟုတ်သည်လေ၊ ကျောင်းပြဌာန်းစာ၊ ဖတ်စာတွေအတွက်ကျတော့ ဘာအရေးကြီးလဲ။ ကလေးကို စာအကျက်ခိုင်း၊ သူတို့ဆီမှာ စာအပြန်ခိုင်း။ ညက်ညက်ကြေနေအောင် အလွတ်ရသွားလျှင် ပြီးပြီပေါ့။ ခက် နေသည်က စာစီစာကုံး။ အဲဒါကျတော့ သူတို့ကိုယ်တိုင်လည်း ဘယ်လိုသင်ရမှန်းမသိတော့ပြီ။ သည်တော့မြန်မာစာအရာမှာ 'မဟာဝိဇ္ဇာ' ကြီးများတောင် အောင်ထားသည့် သူတို့ ဆရာကို အသင်ခိုင်းမည်။ ပိုပြီး ခက်သွားသည်က သူတို့ဆရာ 'မဟာဝိဇ္ဇာကြီး'ကလည်း ဘယ်လိုသင်ရမှန်းမသိခြင်းပင် ဖြစ်လေတော့သည်။

သည်တော့ စာအုပ်နှင့် ဘောပင်ကလေးကိုကိုင်ပြီး အသင့်စောင့်နေသည့် ဆယ်နှစ်၊ ဆယ့်တစ်နှစ်အရွယ် သတ္တဝါလေးကိုကြည့်၍ ပျင်းခြင်း၊ စိတ်ပျက်ခြင်းတို့ကို ကွမ်းတစ်ယာညက်ခန့် ခံစားရင်း အကြံထုတ်နေရပါတော့သည်။

**'စာစီစာကုံး ဆိုတာဘာလဲ၊ ဘာကြောင့် ကလေးတွေကို သင်ပေးနေတာလဲ၊ ဘာကြောင့် စာမေးပွဲမှာ စာစီစာကုံးကို အရေးခိုင်းတာလဲ'** စသည်ဖြင့်လည်းလျှောက်တွေးနေမိပါသည်။ နောက်ဆုံးတွင်တော့ **'ကိုယ်သိတာကိုပြန်ပြောတတ်အောင်၊**



**ကိုယ်ခံစားမိတာကို ပြန်ပြောတတ်အောင်၊စာနဲ့ ပြန်ရေးပြတတ်အောင် သင်ပေးတာပဲ။ အဲဒီလိုပြောတတ်ရင်၊ ရေးတတ်ရင် စာမေးပွဲအောင်သွားတာပဲ။ ဒီတော့ ဒီသတ္တဝါလေးကိုလည်း သူသိတာ ခံစားမိတာကို ပြန်ပြီးပြောတတ်၊ ရေးတတ်အောင် သင်ပေးလိုက်ရင်ပြီးရောဟု ဘယ်ကျမ်း နှင့်မျှမညှိ၊ ဘယ်ပညာရှိနှင့်မျှ မတိုင်ပင်ဘဲ ဆုံးဖြတ်ပြဌာန်း လိုက်ပါသည်။**

တကယ်တော့လည်း တိုင်ပင်နေစရာမလိုပါ။ အကြောင်းက သူတို့မိဘများကိုယ်တိုင်ကလည်း ဘာတွေကိုပဲ သင်နေနေ အချိန်တန်လို့ သူတို့သားသမီး ပထမ၊ ဒုတိယဆုတွေ တက်ယူတဲ့အခါ မိဘဆရာဆုပေးပွဲကို ဝတ်ကောင်းစားလှနှင့်တက်၊ ဓာတ်ပုံရိုက်၊ ညှော့သည် လာလျှင် ဓာတ်ပုံပြပြီးကြွား။ ဘာမျှ မလိုတော့၊ ပညာသင်ခြင်း အကျိုးပြီးပြည့်စုံသွားပြီး။ (တကယ်ဆိုတော့–သူတို့ကိုယ်တိုင် ငယ်ငယ်က 'ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ' ဟူသော ဆုမျိုးကလွဲလို့ ဘာပညာသင်ဆုကိုမျှ မရခဲ့ဖူးသောကြောင့် ဤသို့သားသမီးအတွက် 'ဆုရောဂါ' တက်နေသည်ဟုလည်း ဆိုနိုင်သည်။ သို့သော် ကျွန်တော်ကတော့ ဖြေပြီးတွေးမိ ပြန်ပါသည်။ ကိုယ်တိုင်က မထူးချွန်ခဲ့သော်လည်း သားသမီးကိုတော့ ထူးချွန်စေချင်သည်။ မိဘမေကိုး–ဟု။)

ဤသို့နှင့် ယင်းသတ္တဝါလေးအား ကိုယ်သိတာပြန်ရေးတတ်အောင် သင်ပေးလိုက်ပါသည်။ တစ်နည်းအားဖြင့် သူ့ကိုယ်တွေ့ကလေးများကို ပြန်ပြီးရေးတတ်အောင် လေ့ကျင့်ပေးလိုက်ပါသည်။ ဤနည်းအားဖြင့် ကလေး

www.burmeseclassic.com

www.burmeseclassic.com



ငယ်များ၏ ကိုယ်တွေ့၊ ကျွန်တော့်အဖို့ စာစီစာကုံး သင်ကြားနည်း ကိုယ်တွေ့ဖြစ်သွားသောကြောင့် 'ကိုယ်တွေ့ စာစီစာကုံး'ဟု ခေါင်းစဉ်ပေးလိုက်ခြင်း ဖြစ်ပါသည်။

* * * * *

## 'မေမေ့အကြောင်း'

ဆယ့်တစ်နှစ်ခန့်ရှိမည့် သမီးငယ်လေးကို ကျွန်တော်ခဏမျှ လေ့လာကြည့်နေမိသည်။ သူ့ဖခင်က ကျွန်တော်၏ တပည့်။ မိခင်က တပည့်မဟုတ်။ သို့သော် သူ့ခင်ပွန်းနှင့်ပတ်သက်ပြီး ကျွန်တော့်ကို ရိုရိုသေသေ ခင်မင်ရှာပါသည်။

"သမီး- ထမင်းစားပြီးပြီလား"

"ဟုတ်ကဲ့-စားပြီးခဲ့ပါပြီ"

"ဘာဟင်းတွေနဲ့ စားခဲ့လဲ"

"ငါးနဲ့ မန်ကျည်းသီးမှည့် ချက်တာရယ်၊ နောက်ပြီး ပဲကြာဇံဟင်းချို၊ နောက်ပြီး သခွားသီးရယ်"

"ဟင်-ညည်းဥစ္စာက တို့စရာပဲလား၊ ငါးပိရည်တို့၊ ငပြာရည်တို့ မပါတော့ဘူးလား"

သူက ရယ်လျက်-

"အင်းအင်း-ဟုတ်တယ်၊ မေ့သွားလို့။ မေမေက ငါးပိရည်ကိုတော့ အမြဲတမ်းဖျော်တာဘဲ"



"မေမေချက်တာ၊ စားလို့ကောင်းလား"

"ကောင်းတယ်။ အန်တီခင်တို့ဆိုရင် မေမေဟင်းချက်တာကောင်းလွန်းလို့တဲ့။ အိမ်ကိုအလည်လာရင် ထမင်းကြမ်းဖြစ်ဖြစ် စားသွားတတ်တယ်"

"ညည်းအင်္ကျီတွေကိုကော မေမေကိုယ်တိုင် လျှော်ပေးသလား"

"ဟင့်အင်း၊ မလျှော်ဘူး။ မမညွန့်ခင် လျှော်တယ်။ မီးပူတိုက်တော့လဲ မမညွန့်ခင်ပဲ တိုက်တယ်။ ဒါပေမယ့် ဖေဖေအင်္ကျီတွေကိုတော့ မေမေကိုယ်တိုင်တိုက်တယ်"

"မမညွန့်ခင် ဆိုတာက အိမ်ဖော်လား"

"ဟုတ်တယ်၊ ဒါပေမယ့် မမညွန့်ခင်က သမီးတို့အစ်မအရင်းလိုပဲ။ ဟိုး-သမီးငယ်ငယ်လေးကတည်းက အိမ်မှာနေတာ၊ သမီးကိုလဲ သိပ်ချစ်တာပဲ၊ မေမေက သမီးကိုရိုက်တာတောင်မကြိုက်ဘူး။ မေမေကရိုက်ရင် သူကမေမေ့ကို ဆွဲတာပဲ။ (သူရယ်လျက်) အဲဒီကျရင် မေမေက 'ဖယ်စမ်း-ညွန့်ခင်-နင့်ကို ငါရိုက်မိလိမ့်မယ်၊ နင့်ကြောင့် ဒီဟာမ ဆိုးနေတာ' လို့ပြောပြီး မမညွန့်ခင်ကိုပါ ရိုက်မယ်လုပ်တာပဲ"

"မမညွန့်ခင်ကိုကော တကယ်ရိုက်သလား"

"မရိုက်ပါဘူး၊ ဒီလိုနဲ့ ပြီးသွားတာပါပဲ"

"သမီးကကော ဆိုးသလား"

သူက ခဏလေး စဉ်းစားသလိုလုပ်နေပြီးမှ မယ့်ဘာမှင့် ပြုံးလျက်-

www.burmeseclassic.com

www.burmeseclassic.com



“နည်းနည်းတော့ ဆိုးတယ်”

ကျွန်တော်က အသံထွက်အောင်ရယ်လိုက်မိပြီး–

“ဟုတ်လား၊ ဘယ်လိုဆိုးတာလဲ၊ ပြောစမ်းပါဦး၊ ပိုက်ဆံ ခိုးသုံးတာလား”

သူက ရုတ်တရက် နှုတ်ခမ်းကလေးကို စူယောင်ပြုလျက်–

“အမယ်–သမီးဘယ်တော့မှ ပိုက်ဆံမခိုးဘူး၊ လိုချင်ရင် ဖေဖေ့ဆီရော မေမေ့ဆီရော အတင်းတောင်းတာပဲရှိတယ်”

“ဒါဖြင့် ဘယ်နေရာမှာဆိုးတာလဲ၊ ပြောဦးလေ”

“သမီးက ကျောင်းစာအုပ်တွေထဲမှာ အရုပ်တွေရေးလို့”

“ဟုတ်လား–သမီးက ပန်းချီဝါသနာပါလား”

“မဟုတ်ပါဘူး၊ ရွှေသွေးထဲက အရုပ်တွေကို ကူးရေးတာပါ”

သူ့–ပန်းချီဝါသနာလေး ပါနေဟန် ရှိပါသည်။

“သမီးကအရုပ်ရေးချင်ရင် တခြားစာအုပ်တွေထဲ ရေးမှပေါ့ကွဲ့၊ ကျောင်းစာအုပ်ထဲမှာ မရေးနဲ့ပေါ့။”

“သမီးကလဲ ရေးချင်ရင်၊ တခြားစာအုပ်ကိုရှာနေရမှာ ပျင်းတာနဲ့ တွေ့ရာထဲကောက်ရေးလိုက်မိတာပဲ”

ပြောပြီး–သူက ရယ်နေလိုက်ပါသေးသည်။



“ဒါထက်–ညည်းအမေက အသားညိုပေမယ့်၊ ညည်းကတော့ အသားဖြူသားပဲ၊ အေးလေ–ညည်းအဖေ ခင်ထွန်းကတော့လဲ အဖြူသားကိုး”

“အန်တီခင်တို့ကျတော့လဲ အသားဖြူတာပဲ”

“အဲဒီ အန်တီခင်ဆိုတာက ညည်းအမေရဲ့ ညီမလား၊ အစ်မလား”

“မေမေ့အစ်မ”

“အန်တီခင်နဲ့ ညည်းမေမေ ဘယ်သူက ပိုလှသလဲ”

“မေမေက အသားညိုပေမယ့် ပိုလှတယ်၊ အန်တီခင်ကလဲ အဲဒီလိုပဲ ပြောတယ်။ မေမေက ပါးချိုင့်ကလေးပါလို့ ပိုလှတာတဲ့။ သမီးကျတော့ မေမေရယ်သလို ရယ်ကြည့်တာ ပါးက ဘယ်လို့မှ မချိုင့်ဘူး”

သူရော ကျွန်တော်ပါနှစ်ယောက်လုံး ရယ်မိကြပါသည်။

“ဒါဖြင့် ညည်းက မှန်ရှေ့မှာ ထိုင်ပြီး ညည်းအမေရယ်သလို ရယ်ကြည့်ပြီး ပါးချိုင့်အောင် လုပ်ကြည့်တယ် ထင်တယ်”

သူက အသံများထွက်လာအောင် ရက်ရက် ကလေးနှင့် ရယ်ပြန်ပါသည်။

“သမီးငယ်ငယ်တုန်းက မေမေ့ပါးချိုင့်ကလေးကို ကြည့်ချင်လို့ ‘မေမေရယ်လိုက်စမ်းပါ–ရယ်လိုက်စမ်းပါ’ လို့ အတင်းနိုင်းတာပဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား–မေမေက ရယ်သလား"

"အတင်းနိုင်းလို့ရယ်လို့ ပါးကလေးချိုင့်သွားရင်၊ သမီးက အဲဒီ ပါးချိုင့်ကလေးကို ပါးစပ်နဲ့ အသာလေး ကိုက်တာပဲ"

သူတို့သားအမိနှစ်ယောက်၏ ဟန်ပန်ကလေးများကို ကျွန်တော် လှမ်းပြီးမြင်ယောင်လိုက်မိပါသည်။ သူကိုယ်တိုင်လည်း ရှေးဟောင်းနှောင်းဖြစ်ကလေးများကိုပြန်ပြီး သတိရမှုဟန် တူပါသည်။ ပြီးမှ သူက ခပ်ပြုံးပြုံးလုပ်လျက်–

"အဲဒီတုန်းက မေမေက သမီးလဲကြီးလာတော့ ပါးကလေး ချိုင့်လာမှာပေါ့တဲ့။ သမီးက တကယ့်ကိုအဟုတ် ထင်နေတာ"

သူက ပြောပြီး ရယ်ပြန်ပါသည်။

"သမီးပြောတာ သိပ် နားထောင်လို့ကောင်းဟာပဲ။ ကဲ–'မေမေ့အကြောင်း' ဆိုပြီး သမီးမေမေ့အကြောင်းကို ရေးစမ်း"

ရုတ်တရက် သူအံ့အားသင့်သွားပါသည်။ ခဏမျှကြောင်တက်တက် ဖြစ်နေပြီးသည့်နောက်–



"ဟင်–သမီးဘယ်လိုလုပ်ပြီး ရေးရမှာလဲ၊ သမီးမရေးတတ်ဘူး"

"ဟဲ့–ဘာကြောင့် မရေးတတ်ရမှာလဲ၊ ခုနက ညည်းပြောခဲ့တာတွေကို ပြန်ပြီးရေးပေါ့။ ဥပမာ–ကျွန်မတို့မေမေ့နာမည်မှာ ဒေါ်မြင့်မြင့်တင်ဖြစ်ပါသည်။ အနည်းငယ်ဝပါသည်။ အသားညိုသော်လည်း ရုပ်ချောပါသည်… ဆိုတာမျိုးတွေ လျှောက်ရေးပေါ့။ ညည်း ခုနကပြောခဲ့တာတွေပေါ့။ ဟင်းချက်ကောင်း တာတွေဘာတွေရောပေါ့။"

"ဟင်– အဲဒါတွေကိုကော ထည့်ရေးလို့ရလား"

"ရတာပေါ့ဟဲ့၊ စာစီစာကုံးမှာ ဘာမထည့်ရဘူးဆိုတာ မရှိဘူး။ သူ့ဟာနဲ့သူ ဆီလျော်နေရင် ဘာမဆိုထည့်နိုင်တာပဲ"

"ဘယ်လောက်ရှည်ရှည်ရေးရမလဲ၊ တိုတိုလေးဖြစ်နေမှာပေါ့"

"တိုတာ ရှည်တာ အရေးမကြီးပါဘူး၊ ရှေးမှာသာ ရေးစမ်းပါ။ ဘာမှစိုးရိမ်မနေနဲ့၊ ဒါ စာမေးပွဲစစ်နေတာမှ မဟုတ်ဘဲ။ မှားနေတော့လဲငါပြင်ပေးလိုက်မှာပေါ့၊ ဟုတ်လား။ ရဲရဲသာ ရေးပစ်လိုက်"

ထိုသို့ပြောပြီးနောက် ကျွန်တော်လည်း စာတစ်အုပ်ကိုဆွဲပြီး ဖတ်နေလိုက်ပါသည်။ သို့သော်အမှတ်မထင်သူ့ကိုလှမ်းပြီး တစ်ချက်တစ်ချက် ကြည့်လိုက်ရပါသေးသည်။ သူလည်း ခဏမျှတော့ငိုင်နေပါသေးသည်။ အတော်လေးကြာမှ စပြီးရေးပါသည်။ စဉ်းစားလိုက်၊ ရေးလိုက်နှင့် (ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထင်) မိနစ်နှစ်ဆယ်ခန့်အကြာတွင် ရေးလို့ပြီးသွားပါသည်။ ကျွန်တော့ကို လာပြလို့ ကြည့်လိုက်တော့ လက်ရေးလက်သား မဆိုးလှပါ။ ကန့်ကွက်လှည့် ဆရာကောင်းနှင့် တွေ့ခဲ့ပုံရပါသည်။ ခေါင်းစဉ်ကလေးကိုလည်း သပ်သပ်ရပ်ရပ် ထူထူလေး ရေးထားပါသည်။

* * * *

## မေမေ့ အကြောင်း

ကျွန်မတို့မေမေမှာ ဒေါ်မြင့်မြင့်တင်ဖြစ်ပါသည်။ မေမေသည်နည်းနည်းဝပါသည်။ အသားလည်း နည်းနည်းညိုပါသည်။ သို့သော်လည်းရုပ်ချောပါသည်။ မေမေသည် ဟင်းချက်အလွန်ကောင်းပါသည်။ မေမေချက်သော ဟင်းများမှာ သိပ်စားလို့ကောင်းပါသည်။ ကျွန်မအလွန်ကြိုက်ပါသည်။ ဘဲဥကြော်လျှင်လည်း စားလို့သိပ်ကောင်းပါသည်။ ထောပတ်နဲ့ကလေး မွှေးနေသောကြောင့် ပိုပြီး စားလို့ကောင်းပါသည်။ မေမေက ကျွန်မကိုအလွန်ချစ်ပါသည်။ ကျွန်မကိုဘယ်တော့မှ မရိုက်ပါ။ တစ်ခါတလေတော့ရိုက်ပါသည်။ ကျွန်မက ကျောင်းစာအုပ်တွေထဲတွင် အရုပ်တွေရေးသောကြောင့် ဖြစ်ပါသည်။ မေမေ့တွင် ပါးချိုင့်ကလေးများ ပါပါသည်။ အလွန်ချစ်စရာကောင်းပါသည်။ မေမေကအဝတ်အစားကို



ကျကျနနဝတ်မှ ကြိုက်ပါသည်။ ကျောင်းသွားလျှင် မေမေက ကျွန်မအဝတ်အစားကို သူကိုယ်တိုင် ပြင်ဆင်ပေးပါသည်။ သို့သော် နှုတ်ခမ်းနီမဆိုးရပါ။

* * * * *

ရယ်ကျဲကျဲ ခပ်နွဲ့နွဲ့ကလေးလုပ်လျက် "သမီးဆက်မရေးတတ်တော့ဘူး" ဟုပြောပါသည်။ ကျွန်တော်က သူ့စာစီစာကုံးကိုသေချာဖတ်ကြည့်လိုက်ပါသည်။ ကျွန်တော် နှုတ်ကရေးပြလိုက်သည့်အတိုင်း စာစီစာကုံးကို ဖွင့်ထားလိုက်ကြောင်းကိုလည်း သတိပြုမိလိုက်ပါသည်။

"သမီးက မေမေရုပ်ချောတဲ့အကြောင်းကို ပြောပြီး ဟင်းချက်ကောင်းတာကိုရောက်သွားတယ်။ ပြီးမှ ပါးချိုင့်ကလေး ပါတာကို ပြန်ရောက်လာပြန်တာကိုးကွ။ ရုပ်ချောတာနဲ့ ပါးချိုင့်လေးနဲ့ တစ်ဆက်တည်းဖြစ်နေအောင် ရေးရမှာပေါ့။ အဲဒါကို အချိတ်အဆက်လို့ခေါ်တယ်ကွဲ့"

သူက နားလည်ကြောင်း ခေါင်းညိတ်ပြပါသည်။

"သမီးငယ်ငယ်က မေမေ့ပါးချိုင့်ကလေးတွေကို ပါးစပ်ကလေးနဲ့ သာသာလေးကိုက်တယ် ဆိုတာကို ဘာကြောင့် ထည့်မရေးတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်မဖြေတတ်ပါ။ ဘယ်လိုဖြေရမည်မသိ ဖြစ်နေဟန် တူပါသည်။ ခဏရှိမှ-

"သမီးက အဲဒါ မထည့်ရဘူးလားလို့"

"ထည့်မှပေါ့ သမီးရဲ့၊ သမီး တကယ့်ကို သတိရမိတာ၊ ကြိုက်တာကလေးတွေ၊ တကယ် ပျော်တာကလေးတွေ၊ တကယ် လွမ်းတာကလေးတွေကို ပြန်ပြီးထည့်ရတယ်ကွဲ့။ သမီးက မေမေ့လို ပါးလေးရှိုင့်ချင်လို့ မှန်ရှေ့မှာ ရယ်ကြည့်တာလေးမျိုးတွေကို ထည့်ပေးရတယ်ကွဲ့။ သိပ်ဖတ်လို့ ကောင်းသွားမှာပေါ့"

"သမီးက အဲဒါမျိုးတွေကို စာစီစာကုံးမှာ မထည့်ရဘူး ထင်လို့"

"မေမေ့အကြောင်းကို ရေးနေတာမဟုတ်လား။ မေမေနဲ့ ပတ်သက်ပြီး သမီးချစ်တာ၊ သမီးသဘောကျတာ ဘာမဆို ထည့်ပြီးရေးနိုင်တာပေါ့။ သမီးတကယ်ကြုံရတာလေးတွေ ရဲရဲသာ ထည့်ရေးသမီးရဲ့။ ဆိုပါတော့ သမီးမေမေက ဘဲဥကြော်ရင် ထောပတ်ကလေး နည်းနည်းထည့်ပြီးကြော်တာကို သမီး ပထမပြောတုန်းက မပါဘူး။ ရေးတော့မှ ပါလာတယ်။ အဲဒီလိုပေါ့၊ သမီးစိတ်ထဲမှာ စွဲစွဲလမ်းလမ်းဖြစ်တာလေးတွေကို ထည့်ရေးရတာပဲ။ နောက်ပြီး ဟောဒီနေရာမှာကြည့်စမ်း- ကျွန်မကို ဘယ်တော့မှ မရိုက်ပါ၊ တစ်ခါတလေတော့ ရိုက်ပါသည်တဲ့။ ဘယ်တော့မှမရိုက်ဘူးလဲဆိုသေးတယ်..."

သူ့ဘာသာသူအသံလေးခိုးခိုးခစ်ခစ်ထွက်လာအောင်



ရယ်နေပါသည်။ ပြီးမှ-

"အဲဒါ . . . ဟို . . . ဟို . . . သမီးပြောတာက၊ သိပ်မရိုက်ဘူး၊ အကြာကြီးနေမှ . . ."

"အလွန်ရိုက်ခဲပါသည်... ရိုက်လေ့ရိုက်ထ သိပ်မရှိပါ ဆိုတာမျိုးကို ပြောချင်တာလား"

သူက နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး-

"ဟုတ်တယ်၊ ဟုတ်တယ် - အဲဒါကိုပြောတာ"

ဤသည်မှာ ဝေါဟာရနယ်ပယ် ကျဉ်းနေသေးသော ကာလဖြစ်ကြောင်းကို ထင်ရှားစေပါသည်။ ကျွန်တော်တို့လို စာပေများကို ရေးသားနေကြသောသူများ၌ပင်လျှင် မကြာခဏ ဝေါဟာရကျဉ်းမြောင်းသည့် ပြဿနာမျိုးကို ကြုံကြရသေးသည်ဖြစ်ရာ၊ ကလေးများအဖို့ ဆိုဘွယ်ရာမရှိပါ။

"သမီးမေမေက နှုတ်ခမ်းနီ မဆိုးရဘူးတဲ့လား"

"ဟုတ်တယ် မဆိုးရဘူးတဲ့။ ကလေးဟာ နဂိုအတိုင်း လှပြီးသားတဲ့။ ကလေးဟာ ကလေးလိုလှမှ ချစ်စရာ ကောင်းတာတဲ့။ ကလေးကို လူကြီးလိုပြင်ပေးလိုက်ရင် လူကြီးလိုလဲ မလှဘူး၊ ကလေးလိုလဲ မလှတော့ဘူးတဲ့"

"ဟုတ်တယ်သမီးရဲ့၊ သမီးမေမေပြောတာမှန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သမီး ခုနကပြောတော့ ဆက်မရေးတတ်တော့ဘူးဆို–။ အခု ပြောတာတွေကို ... အဲ–ကလေးဟာ ကလေးလိုပြင်မှ လှတယ် ဆိုတာမျိုး၊ သမီးမေမေ ပြောတာတွေကိုဆက်ပြီးရေးလိုက်ရင် ရတာပဲ မဟုတ်လား"

သူ့ခဏလောက် ငိုင်နေပြီးနောက်–

"ဟုတ်တယ်နော်၊ သမီးရေးလိုက်ဖို့ကောင်းတာ"

"အဲဒါပေါ့ သမီးရဲ့။ ဘာမှ မခက်ပါဘူး။ သမီးကိုယ်တိုင် တွေ့တာကိုသာ ရဲရဲရေးစမ်းပါ။ ကဲ ... ဒီစာစီစာကုံးကို အဲဒီလိုထပ်ဖြည့်ပြီး ရေးလာခဲ့။ နောက်တစ်ပတ်လာပေါ့။ အဲဒီအပြင် သမီး မမ . . . ဘယ်သူတဲ့"

"မမညွန့်ခင် . လား"

"အေး . . . ဟုတ်တယ်။ သူ့အကြောင်းကိုလဲ 'ကျွန်မ၏ မမ' ဆိုပြီး ရေးလာခဲ့။ ဟုတ်လား"

"ရေးခဲ့မယ်– ရေးခဲ့မယ်"

နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးပြီးဖြေပါသည်။

ကျွန်တော်လည်း နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးလိုက်မိပါသည်။ သူ့ကိုယ်တွေ့ကို ရေးချင်လာအောင် သွေးဆောင်လိုက်ပြီးပြီဟု ထင်လိုက်ပါသည်။ ထို့ပြင် စာစီစာကုံးဆိုသည်မှာ ကျောင်းခန်း ထဲတွင်သာရှိနေသော ပစ္စည်းမဟုတ်ဘဲ သူ့ဘဝ



ပတ်ဝန်းကျင် တွင်လည်း ရှိနေကြောင်း ခံစားမိသွားလိမ့်မည် ထင်လိုက်ပါသည်။ တစ်နည်းအားဖြင့် စာစီစာကုံးနှင့် ဘဝကိုဆက်စပ်ပေးလိုက်ရာတွင် အတန်အသင့် အောင်မြင်သွားပြီထင်ရဲ့ဟုလည်း အောက်မေ့လိုက်ပါသည်။

*အောင်သင်း*

*(ရှင်ခွင်သစ်၊ ဧပြီ၊ ၉၃)*

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ် ပေါက်စနီးပေါက်စနလေးများအား စာစီစာကုံး သင်ပေးရသည်ကို အလွန်ပျင်းမိကြောင်း ကျွန်တော် ရေးခဲ့ပါသည်။ ထို့ကြောင့် သူတို့လည်းစိတ်ဝင်စားအောင် ကျွန်တော်လည်း အပျင်းပြေအောင် အကြံအဖန်လုပ်ရသည် ကိုလည်းရေးခဲ့ပါသည်။ ဤသို့နှင့် "မေမေ့အကြောင်း" ဟုအရေးခိုင်းကြည့်လိုက်ပါသည်။ မရေးမီ သူ့ကို ပါးစပ်က အပြောခိုင်းပြီးမှ ရေးစေခြင်းဖြစ်ပါသည်။ တကယ်ချရေး လိုက်သောအခါ နှုတ်ကပြောစဉ်ကပါလာသည့် စိတ်ဝင်စားဘွယ် ရာလေးများကို ထည့်မရေးဘဲချန်ထားခဲ့သည်။ စာစီစာကုံး တွင်ထည့်ပြီး ရေးသင့်မရေးသင့် မယုံမရဲရှိနေသောကြောင့် ချန်ထားခဲ့ခြင်းဖြစ်ရာ ကိုယ့်မေမေနှင့်ပတ်သက်သမျှ စွဲစွဲ လမ်းလမ်း မှတ်မှတ်ရရ ရှိသမျှကို ထည့်ပြီးရေးသင့်ကြောင်း ညွှန်ပြအားပေးလိုက်ပြီး အသစ်ပြင် ဖြည့်စွက်ရေးလာရန် 'အိမ်စာ' အဖြစ် အလုပ်ပေးလိုက်ပါသည်။



ယခုတစ်ခေါက်တွင်တော့ သူကိုယ်တိုင်လည်း တက်တက်ကြွကြွ ရှိလာပုံရပါသည်။ သူ့စာစီစာကုံးကို အလွန်ပြချင်နေသည့် ဟန်ပန်ကိုတွေ့ရပါသည်။ ကျွန်တော့် သင်ကြားမှုစနစ် မှန်ကန်ပြီဟု ထင်လိုက်မိပါသည်။

စာသင်ခြင်းဆိုသည်မှာ ဆရာက ဖြည့်ဆည်းထည့်သွင်း ပေးရသည်မှန်သော်လည်း တပည့်၏ ပညာလိပ်ပြာနိုးလာအောင် မလုပ်နိုင်လျှင် တကယ်အောင်မြင်သည်ဟု မဆိုနိုင်ပါ။ သူတို့ဘာသာ စိတ်အားထက်သန်စွာ ကြံစည်ချင်လာအောင်၊ ဖန်တီးချင်လာအောင် 'ပညာလိပ်ပြာ' နိုးပေးနိုင်မှသာ တကယ် အောင်မြင်သည်ဟု ထင်မိပါသည်။ ယခု သူ့ကိုကြည့်ရသည်မှာ သူ့စာစီစာကုံးကို ပြချင်လွန်းနေပုံ ရပါသည်။ ထို့ကြောင့် သူကိုယ်တိုင် ကြိုးစားပမ်းစား ဖန်တီးလာခဲ့သည်ဟု ကောက်ချက် ချမိပါသည်။

"ဟဲ့– နေစမ်းပါဦး– ငါကလဲ သမီးကို စာသာ သင်ပေးနေတယ်၊ နာမည်ကိုတောင် မမေးမိဘူး၊ ညည်းနာမည်က ဘယ်သူတဲ့လဲ"

"အ–ဖြူ–အ–ဖြူမြင့်ထွန်းပါ၊ ဒါပေမယ့် အဖြူလို့ပဲ ခေါ်ကြပါတယ်"

"ဖြူမြင့်ထွန်း တဲ့လား၊ ညည့်အမေ မြင့်မြင့်တင်ရဲ့နာမည် ရော၊ ညည့်အဖေ ခင်ထွန်းနာမည်ရော ပါအောင်ပေးလေ။ ကောင်းသားပဲ၊ သမီးလေးကို မြင့်လဲမြင့်ရမယ်၊ ထွန်းထွန်းပေါက် ပေါက်လဲ ဖြစ်ရမယ်ပေါ့–ဟုတ်လား"

"ဘာဘာ ခိုင်းလိုက်တာ သမီးရေးလာခဲ့ပြီ"

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ကိုအသင့်ဖွင့်ပြီး ကျွန်တော့်ကိုပြပါသည်။ 'မေမေ့အကြောင်း' ဟူသောစာလုံးကို သေချာဝိုင်းဝိုင်း စက်စက် ထူထူထဲထဲလေး ရေးထားပါသည်။

"အမယ်... တော်တော်ကြီးကို ရှည်ပါလား"

"ဟုတ်တယ်... ဘာဘပြောလိုက်သလို သမီးစိတ်ထဲမှာ ကြိုက်တာတွေကို၊ ဟို–နောက်ပြီး မှတ်မိနေတာတွေကို လျှောက်ပြီး ထည့်ရေးလိုက်တာနဲ့ ရှည်သွားတာပဲ။ သိပ်ရှည် ရှည်ကြီး ခရေးရဘူးလား"

"ရေးရပါတယ်။ ဘာမှမဟုတ်တာတွေနဲ့ လျှောက်ပြီး ရှည်နေရင်တော့ ဘယ်ကောင်းပါ့မလဲ၊ ထားပါ၊ အရေးမကြီး ပါဘူး။ ဘာဘ ဖတ်ကြည့်ပါဦးမယ်"

* * * * *

## မေမေ့အကြောင်း

ကျွန်မတို့မေမေမှာ ဒေါ်မြင့်မြင့်တင်ဖြစ်ပါသည်။ မေမေသည် နည်းနည်းဝပါသည်။ အသားလည်းနည်းနည်းညို ပါသည်။ သို့သော် ရုပ်ချောပါသည်။ သူတို့ညီအစ်မသုံးယောက် တွင် မေမေကအချောဆုံးဟု အန်တီခင်ကလည်း ပြောပါသည်။ မေမေ့မှာ ပါးချိုင့်ကလေးတွေရှိပါသည်။ သူရယ်လိုက်လျှင် အလွန်ချစ်စရာကောင်းပါသည်။ ကျွန်မငယ်ငယ်က မေမေ့ကို



ရယ်စမ်းပါဟုခိုင်းလေ့ရှိပါသည်။ ရယ်လိုက်၍ ပါးချိုင့်ကလေး များပေါ်လာလျှင် ကျွန်မက မေမေ့ပါးချိုင့်ကလေးများကို ပါးစပ်နှင့်အသာလေး ကိုက်လေ့ရှိပါသည်။ ကျွန်မက မှန်ကြည့်ပြီး ရယ်ကြည့်ပါသည်။ ပါးချိုင့်မပေါ်ပါ။ မေမေ့လို ပါးချိုင့် မပေါ်ဘူးဟုပြောသောအခါ မေမေက ကြီးလာရင် ပါးချိုင့် ကလေးတွေပေါ်လာမှာပေါ့ဟု ပြောပါသည်။ ကျွန်မစိတ်ထဲတွင် တကယ်ယုံနေခဲ့မိပါသည်။ မေမေသည် အချက်အပြုတ် အလွန်ကောင်းပါသည်။ အန်တီခင်ဆိုလျှင် မေမေ့ကို အလွန်ချီးမွမ်းပါသည်။ တစ်ခါက အန်တီခင် နေမကောင်း ဖြစ်ပါသည်။ နေကောင်းစပြုလာသောအခါတွင် မေမေကနေ့ကိုင်း ဟင်းချက်ပြီးပို့ပေးရပါသည်။ မေမေ ဘဲဥ ကြော်လျှင် ထောပတ်နည်းနည်းလေးထည့်ပြီး ကြော်တတ် ပါသည်။ မနက်စောစောစားရန် ထမင်းကြော်လျှင်လည်း ထောပတ်နဲ့ကလေးသင်းနေအောင် ကြော်ပေးတတ်ပါသည်။ ထမင်းကိုထောပတ်နှင့် ကြော်သောအခါတွင် ဘဲဥကို ရေနှင့်သာ ကြော်ပေးပါသည်။ မေမေက ကျွန်မကိုအလွန် ရိုက်ခဲပါသည်။ ကျွန်မက ကျောင်းလေ့ကျင့်ခန်း စာအုပ်များတွင် အရုပ်ရေးမိသောကြောင့်သာ နှစ်ခါလောက် အရိုက်ခံရဖူးပါ သည်။ မေမေက သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်နေမှကြိုက် ပါသည်။ ကျွန်မ၏စာကြည့်စားပွဲတွင် ရှုပ်နေသည်ကို တွေ့လျှင် မကြိုက်ပါ။ သူကိုယ်တိုင်သေချာရှင်းပေးပြီး ကျွန်မကို ဆူတတ်ပါသည်။ ကျောင်းသွားတော့မည် ဆိုလျှင် သူကိုယ်တိုင် အဝတ်အစားများကို သေချာပြင်ဆင်ပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းနီတော့ ဘယ်တော့မှဆိုးမပေးပါ၊ ကလေးဆိုတာ ကျန်းမာသန့်ရှင်းလျှင် အလိုလိုချစ်စရာကောင်း နေသည် လူကြီးတွေမှာသာ မလှတော့လို့လှအောင်ဆေးခြယ် နေကြရတာ ဟုပြောပြပါသည်။ ကလေးကို လူကြီးတွေလိုဆေးခြယ် ပေးလိုက်လျှင် ကလေးလိုလည်း ချစ်စရာမကောင်း လူကြီးလိုလည်း မလှဘဲ အရုပ်ဆိုးသွားသည်ဟု ပြောပြတတ် ပါသည်။

* * * *

"ညည့် စာစီစာကုံးကို ကိုယ့်ဘာသာကျေနပ်ရဲ့လား"

"ကျေနပ်ပါတယ် – အဲလေ မကျေနပ်ဘူး။ သမီးအဆုံး မသတ်တတ်ဘူး။ ဘယ်လိုအဆုံးသတ်ရမှန်း မသိတာနဲ့ဒီအတိုင်း ထားလိုက်တာ"

"ဟုတ်တယ်၊ သမီးစာစီစာကုံးက အဆုံးမသတ် သေးဘူး။ နိဂုံးချုပ်တယ်လို့ခေါ်တယ်။ နိဂုံးမချုပ်ရသေးဘူး"

"ဟုတ်တယ်။ အဲဒါကို အဲဒီနိဂုံးကိုဘယ်လိုချုပ်ရမလဲ"

"အေးပြောပြမယ်။ ခဏထားလိုက်ဦး။ တစ်ခုပြောစရာ သေးတယ်။ နောက်ပြီး သမီးစာစီစာကုံးက စာပိုဒ်လဲမခွဲဘူး တစ်ပြင်တည်းကြီး၊ ကျောက်စာကြီးလို ရေးထားတာကိုး"

သူက ရယ်ပါသည်။



"ဟုတ်တယ်၊ သမီး ဘယ်လိုစာပိုဒ်ခွဲရမှန်းမသိလို့။ စာကြောင်းရေဆယ်ကြောင်းလောက်မှာ တစ်ပိုဒ်ခွဲရမှာလားလို့ ထင်မိသေးတယ်"

"အဲဒီလို့မဟုတ်ဘူးသမီးရဲ့။ အကြောင်းအရာ အလိုက်ခွဲ ရတာ။ အကြောင်းအရာပြောင်းသွားရင် ဒပိုဒ်ကိုခွဲပေးလိုက်ရ တယ်။ သမီး နားလည်အောင် ဘယ်လိုပြောရမလဲ"

ကျွန်တော် ခဏလောက် စဉ်းစားကြည့်လိုက်မိပါသည်။ စာပိုဒ်ခွဲပုံကို ပြဇာတ်များတွင် အခန်းပြောင်းသောအခါ 'ရုပ်တာ' ခေါ် 'ထိုးကား' ကလေးများပိတ်လိုက်ခြင်းဖြင့် ကူးပြောင်း ပေးတတ်ပုံနှင့် ဥပမာပေးလိုက်မည်ဟု ကြံလိုက်ပါသေးသည်။ သို့သော် ခက်သည်က ယခုခေတ် ပေါက်စနလေးများသည် ပြဇာတ်ဘာညာစသည်တို့ကို ကြည့်ဖူးမြင်ဖူးကြတော့သည် မဟုတ်။ လွန်ခဲ့သည့်နှစ်ပေါင်းအစိတ်ခန့်ကဆိုလျှင် 'မြိုင်ထ နစ်ပါးသွား' ခေတ်စားလိုက်သည်မှာ မြိုင်ထမပါသည့် ကျောင်းကပွဲ မရှိသလောက်ပင် ဖြစ်သည်။ ပျောက်မည် ပျောက်တော့လည်း ယနေ့ကလေးငယ်များတွင် ပြဇာတ်ဝေးလို့ မြိုင်ထဆိုသည်ကိုပင် မြင်ဖူးသူမရှိသလောက်ဖြစ်သွားသည်။ ထို့ကြောင့် ပြဇာတ် ဥပမာပေးလျှင် ပို၍ ရှုပ်ကုန်လေတော့မည်။

"သမီး တီဗွီကြည့်တယ် မဟုတ်လား"

"ကြည့်တယ်"

"ပြကွက်တစ်ခုပြီးလို့ နောက်တစ်ခုပြောင်းတာကို ပြန်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်စမ်း။ ဖန်ပြင်ကို ရောင်စုံအစိမ်းတန်း သို့မဟုတ် အပြာတန်းကလေးနှစ်ခုက ဖြတ်သွားပြီး ပြောင်းလာလိုက်တာတို့၊ ဒါမှမဟုတ် လေးထောင့်ကွက်ကလေးက ကျယ်လာပြီး မြင်ကွင်းပြောင်းသွားတာတို့၊ ဒါမှမဟုတ် နာရီလက်တံကလေး လှည့်လိုက်သလိုဖြစ်ပြီး မြင်ကွင်းပြောင်းသွားတာတို့–အဲဒါမျိုးတွေကို သတိထားမိသလား၊ ပြန်ပြီးစဉ်းစားကြည့်ပေါ့”

ခဏလောက် သူစဉ်းစားနေပြီးနောက်–

“ဟုတ်တယ်–ဟုတ်တယ်၊ သတိထားမိတယ်၊ ပုံစံမျိုးစုံပဲ”

“အေး–အဲဒါဟာ တီဗွီကြည့်နေတဲ့သူကို ခုပြမှာက နောက်တစ်မျိုးဖြစ်ပါတယ်လို့ သတိပေးလိုက်တာပဲ မဟုတ်လား။ အဲဒီလို စာစီစာကုံးမှာလဲ စာပိုဒ်ခွဲလိုက်တာဟာ နောက်အကြောင်းအရာတစ်ခုကိုပြောင်းလိုက်ပါဦးမယ်လို့ပြောလိုက်တာနဲ့ အတူတူပေါ့ သမီးရဲ့”

“ဟုတ်ပြီ ဟုတ်ပြီ၊ သမီး နားလည်သွားပြီ”

“ကဲ–နားလည်ရင် သမီး စာစီစာကုံးကို သမီးဘာသာပြန်ပြီး စာပိုဒ်တွေခွဲကြည့်စမ်း၊ ဘယ်လိုခွဲမလဲ”

“ဟုတ်တယ်– ဟုတ်တယ်၊ သမီး လုပ်စမ်းကြည့်မယ်”

သူ့စာစီစာကုံးကို သေချာပြန်ဖတ်နေပါသည်။ အစအဆုံး သေချာဖတ်ပြီးမှ စာရွက်ကလေးကိုကျွန်တော့်အနားယူလာပြီး–

“ဟောဒီမှာ ဘဘ၊ မေမေရုပ်ချောတဲ့အကြောင်း



ပြောထားတာနဲ့ အချက်အပြုတ်ကောင်းတာဟာ တကယ်ဆိုတော့ ဘာမှမဆိုင်ဘူးနော်။ အဲဒီနားမှာ စာတစ်ပိုဒ်ခွဲလိုက်ရမှာပေါ့၊ သမီးလေ ထင်တော့ထင်မိသား၊ ခွဲလိုက်မှ ထင်ပါရဲ့လို့ အောက်မေ့လိုက်မိသေးတယ်။ ဒါပေမယ့် မေမေ့အကြောင်းချည်းပဲလို့ စဉ်းစားမိလိုက်ပြန်တော့ မခွဲဝံ့ပြန်ဘူး။ သမီးက တစ်ခါတည်း ခွဲလာခဲ့မိလိုက်ရင် သိပ်ကောင်းမှာပဲနော်”

“အဲဒါ အခြေခံသဘောကိုပိုင်ပိုင်နိုင်နိုင် မသိသေးလို့ မလုပ်ဝံ့တာဘဲ သမီးရဲ့၊ နောက်ကျတော့ သမီး ပိုင်ပိုင်နိုင်နိုင် ခွဲတတ်လာမှာပေါ့”

“ဒါပေမယ့် သမီးတစ်ခုမေးမယ်နော်။ ဥပမာ သမီးက မေမေ့ရုပ်ရည်ကို အများကြီးဖွဲ့လိုက်ပြီဆိုပါတော့၊ ဒီတော့ စာပိုဒ်ကြီးကလဲ အရှည်ကြီးဖြစ်လာတော့မှာပေါ့။ အဲဒီကျရင်လဲ အဲဒီလို အရှည်ကြီးအတိုင်းပဲ ဘဘပြောသလို တစ်ပြင်တည်းကြီး ထားလိုက်ရမလား”

“အဲဒီကျတော့ တစ်ပြင်တည်းကြီး သမီးထားချင်ရင်လဲ ထားလိုက်ပေါ့။ မထားချင်ရင်လဲ ခွဲလိုက်ပေါ့”

“ဘဘ ရေးရင်တော့ ဘယ်လိုရေးမလဲ”

ကျွန်တော်ဖြေးလိုက်မိပါသည်။ သူ့အသက်အရွယ်နှင့် စာလိုက်လျှင် စဉ်းစားပုံစဉ်းစားနည်းမဆိုးလှ။ ထို့အပြင် မေးပုံမေးနည်းလည်း လိမ္မာသည်ဟု တွေးပြီး ပြုံးလိုက်မိခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘဘ ဆိုရင်တော့ တစ်ပြင်တည်းကြီးသိပ်ကြီးနေရင် မြင်ရတာ ပျင်းစရာကြီးဖြစ်နေမှာကြောင့် ခွဲလိုက်မှာပဲ။ ဒါပေမယ့် စာကြောင်းရေနဲ့ မဟုတ်ဘဲ အကြောင်းအရာအလိုက် ကိုသာ ကြည့်ပြီးခွဲမှာပါပဲ။ ဆိုပါစို့–မေမေ့အကြောင်းမှာကိုပဲ အသားညိုသော်လဲရုပ်ချောတာ။ အန်တီခင်တို့ကတောင်ချောပါတယ်လို့ ပြောကြတာတွေကို တစ်ပိုဒ်၊ ထူးထူးခြားခြားဖြစ်နေတဲ့သူ့ပါးချိုင့်ကလေးရယ်၊ သမီးက ပါးချိုင့်ကလေးကို အလွန်ချစ်မိတဲ့အကြောင်းရယ်ကို တစ်ပိုဒ်စသည်အားဖြင့် ခွဲချလိုက်မှာပေါ့"

"ဟုတ်ပြီ ဟုတ်ပြီ၊ သမီးနားလည်သွားပြီ"

"အေး – သမီးနားလည်သွားပေမယ့်၊ ဘဘနားမလည်တာတစ်ခုကို မေးရဦးမယ်"

သူက ရုတ်တရက်မျက်မှောင်ကလေးကြုတ်သွားပြီး–

"ဘာလဲ ဘဘ"

"ညည်းအမေက ဘဲဥကို ရေနဲ့ကြော်ပေးတယ်ဆိုတာ ဘယ်လိုလဲ၊ အဲဒါကိုမေးချင်တာ"

"ဟော် – ဘဘကလဲ၊ ရေနဲ့ကြော်တယ်ဆိုတာ ရေနဲ့ကြော်တာပေါ့၊ ဆီမထည့်ဘူးလေ"

သူက ကျွန်တော်မသိသည်ကို အံ့သြနေပုံမျိုးနှင့် ပြန်ပြီးကြည့်နေလိုက်ပါသည်။



"ဟဲ့–ငါနားလည်တာကတော့ ကြော်တယ်ဆိုရင် ဆီနဲ့ပေါ့၊ ရေနဲ့ဆိုရင် ပြုတ်တယ်လို့ပြောမှာပေါ့"

"မဟုတ်ဘူးလေ ဘဘရဲ့"

"အေးပါ– ငါမသိလို့ပါ၊ ညည်းအမေ ဘဲဥကို ရေနဲ့ကြော်ပုံကို ပြောပြစမ်းပါဦး"

"ဒီလိုလေ–ဘဲဥဖြစ်ဖြစ်၊ ကြက်ဥဖြစ်ဖြစ်ပေါ့။ ဒယ်ပြားလေးကို မီးဖိုပေါ် တင်လိုက်ရော၊ ပြီးတော့ ဆီထည့်သလိုပဲ ရေလေးနည်းနည်းထည့်လိုက်ရော။ ပြီးမှ အဲဒီဘဲဥကို ခေါက်ပြီးထည့်လိုက်ရော။ ရေဆူလာတော့မှ ဒယ်ပြားကို လက်ကိုင်ကမပြီး ဒီလိုလေး ဟိုဘက် ဒီဘက် စောင်းစောင်းပြီး ဆေးလိုက်ရင် ဘဲဥက ဟာပ်ဖရိုက်ကလေး ဖြစ်သွားရော"

ကျွန်တော်က ရယ်မောလိုက်ပြီး–

"အေး–အေး နားလည်ပြီ။ နေပါဦး၊ ညည်းအမေက ကြက်ဥကို ရေနဲ့ကြော်တာက ဘာပြုလို့လဲ၊ ဆီကုန်မှာ စိုးလို့လား"

"အမယ် – ဘဘကလဲ မဟုတ်ပါဘူး၊ ထမင်းကို ဆီနဲ့ ဆောပတ်နဲ့ကြော်ထားရင်၊ ကြက်ဥကိုလဲ ဆီနဲ့ကြော်လိုက်ရင် အီတောက်သွားပြီး စားလို့မကောင်းဘူးတဲ့၊ အဲဒါကြောင့်ရေနဲ့ကြော်တာပါ"

"အေးအေး–နားလည်ပါပြီ၊ ညည်းအမေက အချက်အပြုတ်ကို တကယ်စိတ်ဝင်စားပုံရတယ်ကွဲ့၊ ကဲ–ထားပါတော့၊

www.burmeseclassic.com

www.burmeseclassic.com



ညည်းစာစီစာကုံးမှာ နောက်ထပ်ဘယ်နေရာတွေမှာ စာပိုဒ်ခွဲနိုင်သေးသလဲ၊ ရှာကြည့်စမ်းပါဦး"

"ဟောဒီမှာ–ဟင်းချက်ကောင်းတာနဲ့ ကျွန်မကို အလွန်ရိုက်ခဲတယ်ဆိုတဲ့ နေရာကို ခွဲပေးရမှာပေါ့"

"အေး – စာပိုဒ်ခွဲတာကို သမီးသဘောပေါက်သွားရောပေါ့"

"နားလည်ပြီ ဘဘ၊ ဒါပေမယ့် ဘဘကို မေးရဦးမယ်။ ဟို တချို့ ဝတ္ထုစာအုပ်တွေကို ကြည့်လိုက်ရင် ဝါကျတစ်ခုကို စာတစ်ပိုဒ် ခွဲချင်ခွဲထားတာပဲ၊ အဲဒါတွေကျတော့ ဘာပြုလို့လဲဟင်၊ ဘဘပြောသလို အကြောင်းအရာတွေဘာ တွေ့ရယ်လို့ မဟုတ်ဘူး"

"အဲဒါတွေကို သွားပြီးအတုမခိုးနဲ့။ အဟုတ်ကြီး သွားထင်မနေနဲ့။ ဒီလိုရှိတယ်။ တချို့စာရေးဆရာတွေက အရေးအဖွဲ့သဘောကို သွေချာနားလည်တယ်။ ဒါကြောင့် တစ်ကွက်နှစ်ကွက် လောက်မှာ ထူးခြားလောက်အောင် ဝါကျ တစ်ခု စာတစ်ပိုဒ်ခွဲပြီး ရေးလိုက်တယ်။ အဲဒါကိုကြည့်ပြီး နားမလည်ပါးမလည် ဝတ္ထုဆရာတစ်ယောက်က မဆီမဆိုင် တစ်ဝါကျကို တစ်ပိုဒ်လုပ်ချင်လုပ်နေကြတာ။ နောက်တစ်ယောက်ကျတော့ တစ်မျိုး၊ ဝတ္ထုက တိုနေရော၊ ဒီတော့စာမျက်နှာများများ ထွက်လာအောင် စာစီသူကိုချဲ့ပြီး အစီခိုင်းလိုက်တာ။ အကြံအဖန်တွေပေါ့သမီးရယ်။"

"ဟုတ်ပြီ နားလည်ပြီ၊ သမီးကတော့ ဘဘပြောသလို နည်းမျိုးနဲ့ပဲ စာပိုဒ်ခွဲမယ်၊ အော်– ဘဘ ဟိုဟာ ပြောဦးလေ၊



အဆုံးသတ်တာ"

"အေး–ဟုတ်တယ်၊ ဘဘမေ့နေလို့။ နိဂုံးချုပ်တာပေါ့။ ခုနက ပြောခဲ့တဲ့အတိုင်းပဲ တီဗွီအကြောင်းကိုပြန်ပြီးပြောကြဦးစို့။ သမီး မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်ပြီးသွားရင် နောက်ဆုံးမှာ ဘာလာသလဲ"

"နောက်တစ်နေ့အစီအစဉ်လေ ဘဘရဲ့"

"အေလေ အဲဒါပြီးတဲ့နောက်ကော"

"မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်ပြီးပါပြီ ဆိုတဲ့ စာတန်းပေါ့"

"အဲဒါပြီးတော့ကော"

"ဟို ပန်းခက်ကြီးတွေနဲ့ ဆိုင်းသံကြီးပေါ့"

"အေး– အဲဒါပွဲသိမ်းတဲ့ ကန့်လန့်ကာကြီးပေါ့။ ကားလိပ်ကြီးချလိုက်တာပေါ့။ တီးလုံးကလဲ ပတ်မသံကြီးနဲ့ပေါ့။ ဒီလိုပဲ စာစီစာကုံးမှာလဲ နိဂုံးချုပ်တယ်ဆိုတာဟာ ပွဲသိမ်းကန့်လန့်ကာကြီးချလိုက်တဲ့သဘောပဲ။ ပွဲသိမ်းကန့်လန့်ကာချလိုက်တဲ့အခါမှာ မြည်ပေ့ဆိုတဲ့ ဆိုင်းသံကြီးကိုတီးလိုက်သလို ကောင်းပေ့ဆိုတဲ့စကားလုံးနဲ့ စာစီစာကုံးကို နိဂုံးချုပ်ရမယ်တဲ့ ကြားလား"

"ဘဘ ကလဲ သမီးကမှ အဲဒီလို မရေးတတ်ပဲ"

"အေးပေါ့–မရေးတတ်သေးပါဘူး။ ဒါပေမယ့် သိထားရမှာ ပေါ့သမီးရဲ့၊ ခုတော့ဖြင့်ရိုးရိုးကလေးပဲ နိဂုံးချုပ်ရမှာပေါ့။ ဥပမာ– ထိုကဲ့သို့ မေမေသည် ကျွန်မအား အစားအသောက် အနေအထိုင်တို့မှစ၍ အမြဲစတွင်

www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းသာယာအောင် [illegible]တောင့် ရှောက်ပေးသည့်ပြင် ကျွန်မကိုလည်းအလွန် ချစ်[illegible]ကြောင့် မေမေ့လိုမေမေမျိုး၏ သမီးတစ်ယောက် ဖြစ်[illegible]ခြင်းကို အလွန်ဝမ်းသာ မိပါတော့သည် … ဆိုတာ[illegible]ယောက်ကလေးနဲ့ဖြစ်စေ နိဂုံး ချုပ်ရမှာပေါ့"

"ဘာဘာ–ဟို မမညွန့်[illegible]ကြောင်း အရေးခိုင်းလိုက်တာ လေ။ သမီး ရေးလာခဲ့တာ[illegible]ာက်ဖတ်မလား။"

"နေပါဦး သမီးရယ်[illegible]ာလဲ သွားစရာလေး ရှိသေး တယ်၊ နောက်တစ်ပတ်ကျ[illegible]ကြတာပေါ့"

**အောင်သင်း**

*(ရှင်ခွင်သစ်၊ မေ၊ ၉၃)*



ကျွန်တော်၏ တပည့်လက်သစ်ပေါက်စနလေး ဖြူမြင့်ထွန်းအားသူ၏ 'မမ' ဆိုသော မညွန့်ခင်အကြောင်းကို စာစီစာကုံးရေးခဲ့ရန် ခိုင်းလိုက်ပါသည်။ သူက 'မမ' ဟုချစ်ခင် မြတ်နိုးစွာ ဆိုသော်လည်း စင်စစ်အားဖြင့် 'အိမ်ဖော်'ကလေး တစ်ယောက်သာ ဖြစ်ဟန်ရှိပါသည်။ သို့သော် အိမ်ဖော်နှင့် အိမ်ရှင်ဆိုသည်မှာ တစ်ခါတစ်ရံ ဘဝရေစက် ခိုင်ခိုင်မာမာ ပါလာခဲ့ဘိသကဲ့သို့ တစ်ဦးကိုတစ်ဦး ဆွေမျိုးရင်းချာ ထက်ပင် သံယောဇဉ်ကြီးစွာ တွယ်တာလာတတ်သည်များကို ကျွန်တော် တို့ မကြာခဏ တွေ့ကြုံရဖူးပါသည်။

ယခုလည်း မညွန့်ခင် ဆိုသူမှာ ဤသို့သော အိမ်ဖော်မျိုး ဖြစ်ဟန်ရှိကြောင်း ဖြူမြင့်ထွန်း၏စကားအရ ကျွန်တော်သိရှိ နေခဲ့ပြီး ဖြစ်ပါသည်။ သူကလည်း သူ၏ စာစီစာကုံးကို အလွန် ပြချင်နေဟန်ရှိသည်။ ကျွန်တော်ကလည်းအလွန်ကို ဖတ်ချင် နေပါသည်။ ဖတ်ချင်နေသည်မှာ– ဖြူမြင့်ထွန်းအနေနှင့် မညွန့်ခင်ကို အိမ်ဖော်ဟုရေးချင်မည်မဟုတ်ပါ။ ထိုသို့မရေး

www.burmeseclassic.com

www.burmeseclassic.com



ပြန်လျှင်လည်း ဆွေမျိုးသားချင်း တော်စပ်မှု မရှိပါဘဲလျက် ဘာကြောင့် မမဟုခေါ်ရသနည်း။ ဖြူမြင့်ထွန်းရှင်းလင်းပြရန် လိုအပ်လာပါလိမ့်မည်။ ထိုအချက်ကို သူမည်ကဲ့သို့ပြောသွားမည်ကို ကျွန်တော်သိချင်နေပါသည်။ ထို့ကြောင့် ဖတ်ကြည့်လိုခြင်း ဖြစ်ပါသည်။

သူ့စာစီစာကုံးကို ကြည့်လိုက်တော့အတော်လေးရှည်လျားသည်ကိုတွေ့လိုက်ရပါသည်။ စာရွက်ကိုလှန်ကြည့်လိုက်တော့ မညွန့်ခင် အကြောင်းကိုစာစီစာကုံးနှစ်ပုဒ် ရေးထားကြောင်း တွေ့ရသည်နှင့် ကျွန်တော်က မေးလိုက်တော့မည်ကဲ့သို့ သူ့ကိုလှမ်းကြည့်လိုက်တော့–

"မနေ့က မေမေ့အကြောင်း စာစီစာကုံးမှာ စာပိုဒ်မခွဲခဲ့တော့ ကျောက်စာ ထိုးထားသလိုပဲလို့ ဘာဘကပြောလိုက်တယ် မဟုတ်လား။ မမ ညွန့်ခင် အကြောင်းကို စာစီစာကုံးရေးတော့လဲ သမီးက အဲဒီလိုရေးထားခဲ့တာ။ အဲဒါကြောင့် ဘာဘပြောလိုက်သလို အကြောင်းအရာ အတိုင်း စာပိုဒ်ပြန်ခွဲပြီးရေးထားတာ။ ဒါကြောင့် နှစ်ပုဒ်ဖြစ်သွားတာပါ"

"အေး – အေး ကောင်းတယ်"

သူ့စာစီစာကုံးကိုကြည့်လိုက်တော့ ခေါင်းစဉ်ကလေးကိုလည်း သပ်သပ်ရပ်ရပ် ထူထူထဲထဲ မည်းနေအောင်ရေးထားလိုက်ပါသေးသည်။

* * * * *



## ကျွန်မ ၏ မမ

ကျွန်မ၏ မမ အမည်မှာ မညွန့်ခင်ဖြစ်ပါသည်။ ကျွန်မက မမဟူ၍လည်းခေါ်ပါသည်။ မမညွန့်ခင်ဟုလည်းခေါ်ပါသည်။ ကျွန်မ၏ အစ်မအရင်းမဟုတ်ပါ။ ဆွေမျိုးလည်းတော်စပ်သည်မဟုတ်ပါ။ သို့သော်လည်း ကျွန်မတို့အိမ်တွင် ငယ်ငယ်ကလေးကတည်းက နေခဲ့သောကြောင့် ကျွန်မ၏ မမပင် ဖြစ်ပါသည်။ ကျွန်မ မမညွန့်ခင်ကို သိပ်ချစ်ပါသည်။ မမညွန့်ခင်ကလည်း ကျွန်မကို သိပ်ချစ်ပါသည်။

မမညွန့်ခင်က အရပ်ရှည်ပါသည်။ အသားခပ်ညိုညိုဖြစ်ပါသည်။ မျက်နှာတွင် ကျောက်ပေါက်မှန် နည်းနည်းလေးရှိပါသည်။ မျက်နှာမှာဝိုင်းပါသည်။ ဘယ်တော့မှ စိတ်မဆိုးတတ်ပါ။ ကျွန်မကို တစ်ခါမှ မရိုက်ဖူးပါ။ ရိုက်မည်ဟုတော့ မကြာခဏပြောပါသည်။ ရိုက်မည်ဟုလက်ဝါးနှင့်လည်း ခဏခဏရွယ်ပါသည်။ တစ်ခါတစ်ခါ ရိုက်လည်းရိုက်ပါသည်။ သို့သော်လည်း တကယ်မရိုက်ပါ။ သာသာကလေးရိုက်ခြင်းဖြစ်ပါသည်။ ကျွန်မကလည်း သူရိုက်မည်ကို မကြောက်ပါ။ မမက ကျွန်မကို တကယ်ချစ်ပါသည်။

ကျွန်မက မနက် အိပ်ရာထပျင်းနေလျှင် မကြိုက်ပါ။ ကျောင်းသွားရန်အတွက် မနက်တိုင်းလာပြီးနှိုးပါသည်။ ကျွန်မကနိုးသော်လည်း အိပ်ချင်ယောင်ဆောင်ပါသည်။ မမကနှိုးပါသည်။ ကျွန်မက အိပ်ချင်ယောင်ဆောင်နေမှန်းသိသောအခါ ‘ကြည်စင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်မက အိပ်ချင်ယောင် ဆောင်နေတာ' ဟုပြောပြီး ကျွန်မပါးကို နမ်းတတ်ပါသည်။ ကျွန်မက အိပ်ရာမထလျှင် စောင်တွေကို ခွာပစ်ပါသည်။ တစ်ခါတလေ ဂလိထိုးပါသည်။

ကျွန်မ ကျောင်းသွားရန် ထမင်းဗူးကိုလည်း မမပင် ပြင်ပေးပါသည်။ မုန့်၊ ရေဗူး အားလုံးပါပါသည်။ ကျွန်မ လွယ်အိတ်ထဲတွင် ပါသော ပစ္စည်းများကို သူက အားလုံး သိပါသည်။ ကျောင်းကပြန်လာလျှင် ပစ္စည်းတွေကို စစ်တတ်ပါသည်။ ခဲဖျက်၊ ခဲတံပျောက်လျှင်လည်းသူကသိပါသည်။ ပစ္စည်းတစ်ခုခုပျောက်လာလျှင် သူက မေမေ့ကိုတိုင်ပြော ပါသည်။ မေမေက စည်းကမ်းမရှိဘူးဟု ကျွန်မကို ဆူတတ်ပါသည်။ ရိုက်တော့မရိုက်ပါ။ မေမေက ရိုက်လျှင်လည်း မမက မေမေ့ကိုဆွဲတတ်ပါသည်။ မေမေက မမညှန့်ခင်ကိုပါ ရိုက်မည် လုပ်တတ်ပါသည်။ တကယ်တော့မရိုက်ပါ။ ကျွန်မက ငိုပစ်ပါသည်။ ထိုအခါ မမက ကျွန်မကိုချော့ပါသည်။

မမက တီဗွီဇာတ်လမ်းကိုတော့ အလွန်ကြိုက်ပါသည်။ ကျွန်မလည်းကြိုက်ပါသည်။ တီဗွီဇာတ်လမ်းကောင်း လာမည်ဆိုလျှင် သူက အလုပ်တွေအားလုံးကို စောစောပြီး အောင်လုပ်ထားပါသည်။ ကျွန်မကိုလည်း အိမ်စာတွေပြီးအောင် အလုပ်နိုင်းပါသည်။ မေမေကလည်း တစ်ပတ်လျှင်တစ်ခါ လောက် ဗွီဒီယိုအခွေငှားပေးတတ်ပါသည်။ ကျွန်မ ငယ်ငယ်က တီဗွီကြည့်လျှင် မမပေါင်ပေါ်မှာထိုင်ပြီး ကြည့်ပါသည်။ ဆောင်းတွင်းဆိုလျှင် ကျွန်မကို မမကစောင်လေးနှင့် ပွေ့ထားပါ သည်။



မမက ကျွန်မကို[illegible]ပါသည်။ ကျွန်မကလည်း မမကို သိပ်ချစ်ပါသည်။

* * *

သူ့စာစီစာကုံးတွင် [illegible]ကျက်ပေါက်မုန့်' ဟုရေးထား သည်ကို တွေ့ပါလိမ့်မည်။ [illegible]က 'ကျောက်ပေါက်မား' ဟု အမှန်ပြင်ပေးလိုက်ပါသည်။ [illegible]အားဖြင့်သတ်ပုံ၊ စာလုံးပေါင်း အမှားကလေးတွေကို [illegible]တွေ့ရပါသည်။ ပြင်ပေး လိုက်ရပါသည်။ ယခု [illegible]ပါးကို ရေးရာတွင်ကား သတ်ပုံကိစ္စက အလုပ်[illegible] ဝင်ရှုပ်မနေစေချင်သော ကြောင့် ကျွန်တော်ကပြင်[illegible]ပေးလိုက်ခြင်း ဖြစ်ပါသည်။

ဖြူမြင့်ထွန်း ရေး[illegible] စာစီစာကုံးကလေးကို စာဖတ်သူတွေ့ခဲ့ပြီးဖြစ်ပါ[illegible]တန်း၊ ခြောက်တန်းလောက် အရွယ်နှင့်ဆိုလျှင် ဤမျှ[illegible]ရေးတတ်ရန် လွယ်လှသည် မဟုတ်ပါ။

သို့သော်လည်း လွ[illegible]သည်။ ဖြူမြင့်ထွန်း အဖို့လွယ် ပါသည်။ ကျွန်တော်က [illegible]အောင် လုပ်ပေးထားခြင်း ဖြစ်ပါသည်။

သူ့သူကိုယ်ကိုယ် မ[illegible]ဝါမဆို မိမိ တကယ်ခင်မင် ရင်းနှီးသူတစ်ယောက်အား [illegible]တားမိသမျှ၊ တွေ့ကြုံမိသမျှ ကလေးများကို ပြန်လည်[illegible]တတ်သည်မှာ သဘာဝပင် ဖြစ်ပါသည်။ ကျွန်တော်က [illegible]ထွန်းစိတ်ထဲတွင် ပြောချင် ဆိုချင်စိတ်ရှိနေပုံရသည် [illegible]ကြောင်းအရာကလေးများကို

www.burmeseclassic.com



အကဲခတ်ကြည့်ပြီးနောက် ထိုအကြောင်းအရာကလေးများကိုသာ ပြန်ပြီးအပြောခိုင်း (အရေးခိုင်း)လိုက်ခြင်းမျှသာဖြစ်ပါသည်။

ကျွန်တော်ကိုယ်တိုင်က သူပြောသမျှကလေးများကို စိတ်ဝင် တစားနားထောင်လိုက်၊ ထပ်ပြီးမေးလိုက်၊ သူနှင့်အတူ ရောပြီး ရယ်လိုက်မောလိုက်လုပ်လာသောအခါ သူကကျွန်တော် နှင့် ရင်းနှီးလာပါသည်။ ကျွန်တော်နှင့် ရင်းနှီးလာတော့ သူကလည်း စိတ်ပါလက်ပါ လွတ်လွတ်လပ်လပ်ပြောလာပါ သည်။ ထိုပြောသမျှကို စာစီစာကုံးချပြီး ရေးလိုက်ရပြန် တော့လည်း တခြားသူဖတ်ဖို့၊ စာမေးပွဲ စစ်ဆေးသူတို့ ဖတ်ဖို့မဟုတ်ဘဲ (သူနှင့်ရင်းနှီးပြီးသော) ကျွန်တော်ဖတ်ဖို့သာ ရေးခြင်းဖြစ်သောကြောင့် ပေါ့ပေါ့ပါးပါး လွတ်လွတ် လပ်လပ်ကြီး ရေးချလိုက်နိုင်ပြန်ပါသည်။ ဤနည်းအားဖြင့် 'စာစီစာကုံးရေးခြင်း' နှင့်လည်းရင်းနှီးမှန်းမသိ ရင်းနှီးသွား ပါသည်။ ထို့ကြောင့် ဤအရွယ် ဤအတန်းနှင့် ဤမျှလောက် ရေးနိုင်လာခြင်း ဖြစ်ပါသည်။

သူ့အဖို့ သူပြောချင်သမျှကလေးတွေကို ပြောရသည်ကို ကျေနပ်သကဲ့သို့ စာစီစာကုံးတွင်လည်း သူပြောချင်တာကလေး တွေကို ချပြီးရေးလိုက်ရသောကြောင့် ကျေနပ်ပါလိမ့်မည်။ တစ်နည်းအားဖြင့် ဆိုရလျှင် စာစီစာကုံး ရေးရမည်ကို ပျော်နေ ပါလိမ့်မည်။ ဤသို့ပျော်လာသည်မှာ စာစီစာကုံးရေးခြင်းနှင့် ရင်းနှီးလာသောကြောင့်ပင်ဖြစ်ပါသည်။ ကိုယ်ရင်းနှီးသည့်သူနှင့် အတူ ပေါင်းဖော်နေထိုင်ရခြင်းကို မပျော်သောသူ ရှိနိုင်ပါ မည်လော။



သူ့စာစီစာကုံးတွင် စာပိုဒ်တစ်ခုနှင့်တစ်ခု အကူး အပြောင်း၌ အချိတ်အဆက် စကားလုံးကလေးများ မသွင်းတတ် သေးသောကြောင့် မပြေပြစ်သေးသည်ကို ကျွန်တော်တို့ သတိပြုမိနိုင်ကြပါသည်။ သို့သော်သူတို့အရွယ်ကို ဤမျှ လောက်ထိအောင်သင့်လို့ မရနိုင်သေးပါ။

မည်သို့ပင်ဖြစ်စေ သူ့စာစီစာကုံးကိုဖတ်နေရင်း ဖြူမြင့်ထွန်းနှင့် အိမ်ဖော်မလေး မညွန့်ခင်တို့ တစ်ဦးကို တစ်ဦးခင်မင်တွယ်တာကြပုံကို ကျွန်တော်တို့ခံစားနားလည် လိုက်မိသည်မှာကား အမှန်ဖြစ်ပါသည်။ သူပြောချင်တာကလည်း ဒါပဲမဟုတ်လား။ သူပြောချင်တာကို တစ်ဖက်သားနားလည် ခံစားနိုင်အောင်ရေးတတ်စပြုလာပြီဟုသာ ကျွန်တော်ကတော့ ဆိုလိုက်ချင်ပါသည်။

ကျွန်တော်က သူနှင့် ဆက်ပြီး စကားပြောမိပြန်ပါသည်။

"သမီးနဲ့ မမညွန့်ခင်က တော်တော်ချစ်ကြတယ်နော်"

"ဟုတ်တယ် ဘဘ။ မမညွန့်ခင်က သမီးကို သိပ်ချစ် တာ။ သမီးနေမကောင်းရင်လဲ သိပ်ဂရုစိုက်တာပဲ"

"ဟုတ်လား၊ သမီးနေမကောင်း ဖြစ်ဖူးသလား"

"ခုတော့ ခဏလေးသာ နေမကောင်းဖြစ်တာပါ"

"ခုတော့ ခဏလေးဆိုတော့ အရင်ကတော့ အကြာကြီး နေမကောင်းဖြစ်ဖူးလို့လား"

"ဖြစ်ဖူးတယ်တဲ့။ သမီးတော့မမှတ်မိဘူး။ သမီးက

www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်လေးရှိသေးတယ်တဲ့။ အဲဒါကို မမညွှန့်ခင် ပြန်ပြောပြရင် ပုံပြောပြသလိုပဲ၊ သိပ်နားထောင်လို့ကောင်းတာပဲ”

“ဟုတ်လား၊ ဘယ်လိုဖြစ်တာတဲ့လဲ၊ ပြောစမ်းပါဦး”

“သမီးက နှစ်နှစ်သုံးနှစ်လောက်ကလေးပဲရှိသေးတယ်တဲ့။ သမီးက သွေးဝမ်းကိုက်တာလို့ပြောတယ်။ မေမေကလဲ နေမကောင်းဖြစ်နေတယ်တဲ့။ သမီးလဲ ပိန် ပွားလိုက်တာ လက်မောင်းတို့ ပေါင်တို့က အရေလေးတွေဟာပျော့တွဲ ကျနေတာပဲတဲ့။ မမညွှန့်ခင်က လက်ပေါ်ကမချရဘူးတဲ့။ ညဆိုရင်လဲ သမီးက သူ့ကိုယ်ပေါ်မှာပဲအိပ်တော့ တစ်ခါတလေ မမညွှန့်ခင် တစ်ညလုံးမအိပ်ရဘူးတဲ့။ သူလဲ ပိန်ကျသွားတာပဲလို့ မေမေကပြောတယ်။ သမီးက သူ့ကိုယ်ပေါ်မှာပဲနေတော့ အိမ်မှာချက်ပြုတ်တာတောင် အန်တီခင်တို့က လာပြီး ကူလုပ်ပေးရတယ်လို့ပြောတယ်။ အဲဒါတွေကို မမညွှန့်ခင်က ပြောရင်လေ၊ သမီးလေ မမကိုသိပ် သနားတာပဲ။ အဲဒီကျရင် သမီးက မမကိုဖက်နမ်းတာပဲ။ မမကလဲ ပြန်နမ်းတာပဲ”

“သမီးက အဲဒါတွေကို ဘာပြုလို့ထည့်မရေးတာလဲ”

သူက ဘာမှပြန်မပြောပါ။ ငိုင်နေပါသည်။

“ထည့်ရေးရတယ် သမီးရဲ့။ သမီးအခုပြောပြတာလေးကို ဘဘတောင်ချစ်လာတယ်။ ထည့်ရေးလိုက်ရင်ပိုပြီး ကောင်းသွားမှာ”

“နောက်ပြီးရှိသေးတယ်။ မမညွှန့်ခင်က ဟိုအထက်ကျောက်ပန်းတောင်းဆိုလား။ အဲဒီဘက်က ရွာကလေးတစ်ရွာက။ သူ့ဆွေမျိုးတွေကို တွေ့ချင်လို့ အရင်နှစ်ကခဏ



သွားတယ်။ ဆယ်ရက်လောက်ကြာတယ်။ သမီးလေသူ့ကို မ်းလိုက်တာ။ ညဆိုရင် သမီးငိုတာပဲ။ သမီး ကျောင်းက န်လာရင် သူပြန်ရောက်နေမလား အောက်မေ့တာ။ ရောက်သေးတော့ သိပ်ဝမ်းနည်းတာပဲ။ ဆယ်ရက်လောက် ကြာမှာ ကျောင်းကပြန်လာလို့ သူ့ကိုတွေ့လိုက်တော့ ပ်ဝမ်းသာတာပဲ။ သမီးက ဒါပေမယ့် အကြာကြီးနေလို့ ကို သိပ်စိတ်ဆိုးပြီး ငိုပြီး သူ့ကို အရမ်းကိုထုပစ်တာပဲ။ ကလဲ သမီးကိုပြန်ဖက်ထားပြီး ငိုတာပဲ။ အဲဒီညက မီးတို့နှစ်ယောက် တီဗွီတောင် မကြည့်ဘူး။ စကားပြောလိုက် တာ ညဉ့်အနက်ကြီး ကြာရော”

“သမီးရယ် – အဲဒါတွေဟာ သိပ်ကောင်းတဲ့စာစီစာကုံး ပေါ့ကွဲ့။ ထည့်များရေးလိုက်ရောပေါ့ကွယ်”

စာဖတ်သူသတိထားမိပါလိမ့်မည်။ ကလေးမှာလည်း လေးအလျောက် သူတို့ခံစားမှုကလေးများ ရှိကြပါသည်။ ခံစားမှုများကို ပြောရဲဆိုရဲဖြစ်လာအောင် အားပေးလိုက်လျှင် တတတ်ဆိုတတ် ဖြစ်လာကြသည်ဟု ထင်မိပါသည်။

အစပိုင်းတွင် သူတို့တကယ်ခံစားမိသမျှကိုသာ ပြောဝံ့ ဖြစ်လာအောင် လေ့ကျင့်ပေးလိုက်လျှင် နောက်ပိုင်း၌ ကူးစိတ်သန်းနှင့် ဖန်တီးပြောဆိုမှုအတွက် အခြေခံဖြစ်လာ သည်ဟုလည်း ယူဆမိပါသည်။ ။

အောင်သင်း

(ရှင်ခွင်သစ်၊ ၄ွန်၊ ၉၃)

www.burmeseclassic.com

www.burmeseclassic.com



အလယ်တန်း အသေးစား ကလေးမကလေးတစ်ယောက်
ကို စာစီစာကုံး သင်ပေးခဲ့ရပုံ တင်ပြခဲ့ပြီးပါပြီ။ ထိုကဲ့သို့ပင်
သူ့အရင်က သူတို့အရွယ် ကောင်ငယ်ကလေး တစ်ယောက်
ကိုလည်းသင်ခဲ့ရပါသေးသည်။ သူ့ကိုလည်းယခင်တင်ပြခဲ့သည်
နည်းတူ သူတို့ဆရာမအကြောင်း စသည်အားဖြင့် သူ့အတွေ့
အကြုံကလေးများကို ရေးသားစေပြီး ပြင်ဆင်သင်ပြပေးခဲ့ရ
ပါသည်။ သူ၏အတွေ့အကြုံကလေးတစ်ခုမှာ စိတ်ဝင်စားဖွယ်
ကောင်းသည်ဟု ထင်သောကြောင့် ယခုမှ တစ်ဖန် ထပ်မံ
တင်ပြလိုက်ရပြန်ပါသည်။

* * * * *

ငနဲလေးသည် အလေ့အကျင့်ပြုနေရင်း စာစီစာကုံးရေး
ရသည်ကို နှစ်သက်စပြုလာဟန်ရှိပါသည်။ အမှုအရာကလည်း
တက်တက်ကြွကြွလေးဖြစ်လာ ပါသည်။ သူက ခါတိုင်းထက်ပင်



ပ်စောစောလေးရောက်လာသည်။ ကျွန်တော်ကလက်ဖက်ရည်
သောက်နေသည်။ သူကထမင်းကြော်စားလာသဖြင့် လက်ဖက်
ရည် မသောက်တော့ပါ ဆိုသောကြောင့် လက်ဖက်ရည်
သောက်ရင်းပင် စကားစမြည် ပြောနေကြမိပါသည်။

"ဟ-မင့်လက်က ပလပ်စတာက ဘာဖြစ်လို့လဲ"

"အိမ်က ရန်လုံကိုက်လို့ခင်ဗျ"

"အိမ်ကခွေးလား၊ ရူးနေလို့ ကိုက်တာဖြစ်နေပါဦးမယ်
ကွာ၊ ဘယ်လိုဖြစ်ပြီးကိုက်တာလဲ"

"မရူးဘူးခင်ဗျ၊ ကိုက်တာမဟုတ်ဘူး။ သူနဲ့ကျွန်တော်
တစားနေကျပါ။ သူကဒီလိုပဲ ကိုက်ချင်ယောင်ဆောင်ပြီး
ကစားတတ်ပါတယ်။ သူ့ပါးစပ်နဲ့ဟပ်ပြီး ကစားတာ
ကျွန်တော်က လက်ကို ရုပ်လိုက်တော့ သူ့သွားနဲ့ငြိသွားတာပါ"

"အဲဒီလိုဆိုရင်တော့ ကိစ္စမရှိပါဘူးကွာ၊ ရူးပြီးကိုက်တာ
ဖြစ်နေမှာစိုးလို့ပါ။ ဆေးခန်းသွားလိုက်ရသေးတယ်ပေါ့"

"ဟုတ်ကဲ့ခင်ဗျ၊ ဆေးခန်းက ဆရာဝန်က ဆေးထိုး
ပေးတယ်။ တကယ်လို့ ဒီကြားထဲမှာ ခွေးကရူးသွားရင် မြန်မြန်
လာပြောပါတဲ့"

"အေးပေါ့ကွ၊ ခွေးရူးပြန်တာဆိုရင် မလွယ်တော့ဘူး။
နေစမ်းပါဦး၊ အဲဒီခွေးက မင့်အဖေ မွေးထားတာလား"

သူကရယ်လျက် "မဟုတ်ဘူးခင်ဗျ၊ ကျွန်တော်ဝယ်
လာတာ"

"ဟေ-ဟုတ်လား၊ မင်းဝယ်တာ ဟုတ်လား၊ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



ဝယ်လာတာလဲ၊ လုပ်စမ်းပါဦး”

“ရိုးရိုးဗမာခွေးပါပဲ၊ ကျွန်တော်တို့နဲ့ တစ်လမ်းကျော်က ကောင်လေးတစ်ယောက်ဆီက ဝယ်လာတာ”

“မင့်အဖေက လိုက်ဝယ်ပေးသလား”

“မဟုတ်ဘူးခင်ဗျ၊ ကျွန်တော့်ဘာသာဝယ်တာ သူငယ်ချင်းတစ်ယောက်အိမ်ကိုသွားရင်း အဲဒီခွေးလေးနှစ်ကောင်ကိုတွေ့တော့ ချစ်စရာကောင်းတာနဲ့ ကျွန်တော်က လိုချင်တယ်လို့တောင်းတော့ အဲဒီကောင်လေးက ရှစ်ကျပ်ပေးရင်ရောင်းမယ်ဆိုလို့ မေမေ့ဆီကို ပိုက်ဆံပြန်တောင်းရတယ်။ မေမေက ခွေးမမွေးချင်ဘူးဆိုပြီး မပေးဘူး။ ကျွန်တော်က အတင်းပူဆာမှ ပိုက်ဆံထုတ်ပေးတယ်။ ပိုက်ဆံယူပြီး ဝယ်မလို့သွားတော့ အဲဒီကောင်လေးက အပြင်ထွက်သွားလို့ မရှိဘူး။ လူကြီးတွေကိုလဲ မပြောဝံ့တာနဲ့ စောင့်နေရတာ အကြာကြီးပဲ”

“ဟုတ်လား၊ လူကြီးတွေက ဘာကိစ္စလဲ ဘာညာ မမေးကြဘူးလား”

“ကျွန်တော်က အိမ်ထဲမှ မဝင်ဝံ့ဘဲ၊ အဲဒီအိမ်နားက ပျဉ်ပုံကြီးတစ်ခုပေါ်မှာ ထိုင်ပြီးစောင့်နေတာ။ (ရယ်လျက်) ထမင်းကလဲ ဆာလိုက် အလွန်ပဲ”

“အိမ်ပြန်ပြီး ထမင်းစားလိုက်ရောပေါ့ကွာ”

“ကျွန်တော်က ခွေးလေးကိုသိပ်ကိုလိုချင်နေတာ တော်ကြာရင် ကောင်လေးက မရောင်းတော့ဘူး ဖြစ်သွားမှာ စိုးလို့”



“ပြောစမ်းပါဦး၊ ဘယ်လောက်ကြာမှ ကောင်လေးပြန်လာသလဲ”

“နေ့လယ် သုံးနာရီလောက်မှ ပြန်ရောက်တယ်”

“ဘယ်အချိန်လောက်က စပြီး စောင့်တာလဲ”

“ဆယ်နာရီခွဲလောက်ကစပြီး စောင့်တာ”

“ဟာ-အကြာကြီးပါပဲလားကွ၊ တော်တော့်ခွဲကောင်းပါလား”

“ပြန်လာတော့ မေမေကစိတ်ပူနေပြီ။ ဘယ်အိမ်မှန်းလဲ မသိတော့ ဘယ်လိုက်ရှာရမှန်းမသိလို့တဲ့”

“ဟုတ်မှာပေါ့ကွ၊ မင့်အမေကမရိုက်ဘူးလား”

“စိတ်ပူနေတာနဲ့ မရိုက်တော့ဘူး။ ကျွန်တော်လဲ ထမင်းစား၊ နောက်ပြီး ခွေးလေးကိုလဲ ကျွေးတာပေါ့”

“ခွေးလေးက လှသလား”

“လှတယ်၊ အဖြူရောင်၊ မျက်လုံးနဲ့နဖူးမှာအနက်ကွက်ကလေးတွေပါတယ်။ အမှန်က ဟို အနက်ပေါ်အဖြူကွက်နဲ့ ခွေးလေးကိုလိုချင်တာ။ ဟိုကောင်လေးက အဲဒါတော့ သူမွေးမလို့တဲ့။ မရောင်းဘူး။ (ခဏလောက် စဉ်းစားနေပြီးမှ) ရန်လုံ့လဲ လှတော့လှတာပါပဲ”

“ရန်လုံ့ဆိုတာက မင်းပေးတဲ့နာမည်လား”

“မဟုတ်ဘူး၊ မေမေကခေါ်လိုက်တာနဲ့ပဲဖြစ်သွားတာ”

“အသက် ဘယ်လောက်ရှိသွားပြီလဲ”

“သုံးလလောက်ရှိပြီ။ ဒါပေမယ့်သိပ်ထွားတယ်”

“မင်းနဲ့ကစားဘက်ပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျွန်တော်ကျောင်းကပြန်လာရင်အတင်း ပြေးလာပြီး လူကိုလှည့်ပတ်နေတာပဲ။ ခြေလှမ်းတောင်လှမ်း လို့မရဘူး၊ ဖွတ်အတင်းပဲ"

"မင်းနဲ့ဒီလောက်ရောနေတော့ မင်းက ခွေးကိုကော ရေချိုးပေးရဲ့လား"

"ရေချိုးတာတော့ ဖေဖေကချိုးပေးတယ်။ ကျွန်တော် သူ့ကိုမနိုင်ဘူး။ ဖေဖေချိုးပေးရင်တောင်မှ သူကရုန်းချင်သေး တယ်။ သိပ်ရယ်ရတယ်။ ရုန်းနေတုန်းမှာပဲ ရေနစ်ခွက်လောက် ဖွတ်လောင်းပေးလိုက်ရင်တော့ မထူးဘူးဆိုတဲ့ မျက်နှာထားနဲ့ ငြိမ်ခံသွားရော"

"အောင်မာ–မင့်ခွေးကလဲ မျက်နှာထားတွေဘာတွေ နဲ့လား"

"ဟုတ်တယ်၊ သူ့မျက်နှာက သိသာတယ်"

"အေး – ဟုတ်မှာပေါ့ကွာ၊ လိမ္မာကောလိမ္မာရဲ့လား"

"သိပ်လိမ္မာတယ်။ ကျွန်တော်တို့က ချမကျွေးရင် ဘယ်ဟာကိုမှ သူနှိုက်မစားဘူး။ မေမေကတောင် သန္တေသိပ် ကောင်းတယ်လို့ပြောတယ်။ ကျွန်တော်ရန်လုံအကြောင်းကို စာစီစာကုံး ရေးလို့ရှိရင် စာစီစာကုံး ဖြစ်မလားဟင်"

"ဟ–သိပ်ဖြစ်တာပေါ့ကွ။ မင်းစိတ်ထဲက ရေးချင်စိတ် ပေါက်လေ ကောင်းလေပဲ။ ငါကကိုပဲ မင့်ကိုအရေးခိုင်တော့ မလို့။ ခုမင်းကရေးချင်တယ်ဆိုတော့ ဟန်ကျသွားတာပေါ့။ ကဲ – ရေးစမ်းကွာ။ ရေးပြီးတော့လဲ မင့်ဘာသာ မင်းကြိုက်တဲ့ ခေါင်းစဉ်ကို တပ်လိုက်ပေတော့"



"ခေါင်းစဉ်ကိုပါ ကျွန်တော့်ဘာသာတပ်ရေးရမှာလား ဆရာ"

"အေးပေါ့ကွ။ စာမေးပွဲအတွက် ရေးတာမှမဟုတ်ဘဲ။ မင့်ဘာသာ မင်းရေးချင်လို့ရေးတာပဲ၊ မင်းကြိုက်တဲ့ခေါင်းစဉ် မင်းဘာသာ ပေးနိုင်တာပေါ့ကွ"

* * * * *

ငနဲလေး အတော်ပျော်သွားပုံရသည်။ စာစီစာကုံး ဆိုသည်မှာ ကိုယ်ရေးချင်တာ ရေးနိုင်သောစာမျိုးလည်းဖြစ်ပါ ကလား ဟုသဘောပေါက်သွားပုံလည်းရပါသည်။ စာမေးပွဲဆို တာကြီးမပါဘဲ ကိုယ်ရေးချင်တာကို ရေးနိုင်သော လွတ်လပ် ခွင့်ကို သဘောကျသွားပုံလည်း ရပါသည်။

တငုံ့ငုံ့နှင့်ရေးနေလိုက်သည်မှာ အတော်လေးသွက်သွက် လက်လက် ရှိနေသည်ကို တွေ့ရပါသည်။

ကျွန်တော်နှင့် ဆက်စပ်မှုနည်းသော (တစ်နည်းအားဖြင့် ကျွန်တော်ကိုယ်တိုင်က စိတ်ဝင်စားမှုနည်းသော ကျောင်းသား ပေါက်စကလေးများကို စာစီစာကုံးသင်ပေးရခြင်းဖြစ်သော ကြောင့် ကျွန်တော်ကိုယ်ကျွန်တော် အပျင်းပြေအောင်အ[illegible] လုပ်ခဲ့ရသည်ဟု ရှေ့က ဆောင်းပါးများတွင် ဆိုခဲ့ပြီး[illegible] ပါသည်။ ကျွန်တော်ကိုယ်တိုင်က ပျော်ရွှင်စိတ်ဝင်စား[illegible] တစ်ဖက်က စဉ်းစားကြည့်လိုက်ပြန်တော့ ကလေး[illegible] ပျော်ရွှင်စိတ်ဝင်စားအောင်အလှည့်ပေးသင့်သည်ဟု [illegible]

www.burmeseclassic.com



ပေါက်လာပါသည်။ ထို့ကြောင့်သူ့စိတ်ညွှတ်ပျောင်းဝင်စားရာကို စူးစမ်းကြည့်မည်ဟုလည်း စဉ်းစားထားခဲ့ပါသည်။

အခန့်သင့်ချင်တော့ သည်အကောင်ကို ခွေးကိုက်မိသည်နှင့် ကြုံကြိုက်သွားပြီးကျွန်တော်က အထူးစူးစမ်းနေစရာ မလိုတော့ဘဲ သူစိတ်ဝင်စားရာကို အလွယ်တကူသိလိုက်ခွင့်ရသွားပါသည်။ ကျွန်တော်ကကောင်းသည်ဟုပင်ဆိုရပါတော့မည်။

ကျွန်တော့်စိတ်ထင် နာရီဝက်လောက်ပင်မကြာလိုက်ပါ။ စာစီစာကုံး ပြီးလာပါလေတော့သည်။ သူ့စာစီစာကုံးကို ဖတ်ကြည့်လိုက်တော့–

* * * * *

## ကျွန်တော့် ခွေးကလေးရန်လုံ

ကျွန်တော့်တွင် ရန်လုံခေါ်သော ခွေးကလေးတစ်ကောင် ရှိပါသည်။ အလွန်လိမ္မာပါသည်။ ကျွန်တော့်ကိုလည်း အလွန်ချစ်ပါသည်။ ကျွန်တော်ကလည်း သူ့ကိုအလွန်ချစ်ပါသည်။ ကျွန်တော်သူ့ကို ကောင်လေးတစ်ယောက်ဆီက ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။ ရှစ်ကျပ်ပေးခဲ့ရပါသည်။ ကျွန်တော် ကျောင်းကပြန်လာလျှင် ပြေးလာပြီးကြိုလေ့ရှိပါသည်။ ကျွန်တော့်ကိုဖက်ပြီးတက်သောကြောင့် ကျွန်တော်ခြေလှမ်းမလှမ်းနိုင်



အောင်ဖြစ်ပါသည်။ ကျွန်တော်နှင့် ကစားရသည်ကို သူအလွန်ပျော်ပါသည်။ တစ်ခါတလေသူ့ကြောင့် ကျွန်တော့်အဝတ်အစားများ ပေကုန်ပါသည်။ ယခုသုံးလသားလောက်ရှိပါပြီ။ သို့သော်အလွန်ထွားပါသည်။ သူ့ရှေ့တွင် စားစရာများရှိနေသော်လည်း ကျွန်တော်တို့က မကျွေးလျှင်ဘယ်တော့မှ မစားပါ။ ကျွန်တော့်မေမေက သန္ဓေကောင်းသည်ဟုပြောပါသည်။ သူ့ကို သန့်ရှင်းအောင်ထားပါသည်။ ဖေဖေကရေချိုးပေးပါသည်။ ကျွန်တော်ကရေချိုးပေးလျှင် မခံပါ။ အတင်းရုန်းပါသည်။ သူကအလွန်သန်ပါသည်။ ကျွန်တော်သူ့ကိုမနိုင်သောကြောင့် ဖေဖေကရေချိုးပေးရခြင်းဖြစ်ပါသည်။ ဖေဖေရေချိုးပေးသောအခါတွင်လည်းအစတော့သူကရုန်းပါသေးသည်။ ရေနှစ်ခွက်လောက်လောင်းပေးပြီးသောအခါတွင် မရုန်းတော့ပါ။ ငြိမ်နေပါတော့သည်။ ရေချိုးပြီးလျှင်တော့ သူ့တစ်ကိုယ်လုံးကို ယမ်းပြီး ရေတွေကိုခါပစ်လိုက်ပါသည်။ ရေတွေကိုခါပစ်ပြီး လမ်းပေါ်လျှောက်ပြေးနေပါသည်။ ခဏလောက်ရှိလျှင် ရေတွေခြောက်သွားပါသည်။ ရေခြောက်သွားလျှင် တစ်ကိုယ်လုံးဖြူဖွေးနေပြီး အလွန်ချစ်စရာကောင်းပါသည်။ ကျွန်တော့်ခွေးကလေးရန်လုံကို ကျွန်တော်အလွန်ချစ်ပါသည်။

* * * * *

"မဆိုးပါဘူးကွ၊ မင့်စာစီစာကုံးဖတ်လို့ကောင်းသားပဲ။ နောက်ပြီး ဝါကျဖွဲ့တာလဲ အတော်ကလေးကောင်းလာပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် စာရေးနည်း နောက်တစ်ဆင့်တက်လိုက်ကြဦးစို့ကွာ။ မင်းရေးထားတာက စာပိုဒ်မခွဲဘဲ တစ်ပြင်တည်းကြီး ကျောက်စာထိုးသလို ရေးထားတာဆိုတော့ ဖတ်ရတာ ပျင်းစရာကောင်းနေမှာပေါ့ကွ”

“ဟုတ်တယ်၊ ကျွန်တော်စာပိုဒ်ခွဲမလို့လုပ်သေးတယ်။ ဘယ်လိုခွဲရမှန်း မသိလို့ ဒီအတိုင်းပဲလျှောက်ပြီးရေးပစ်လိုက်တာ”

“အဲဒါ မင်းရေးတဲ့အချက်အလက်တွေကို မင်းကိုယ်တိုင်ခွဲခြားပြီးမစဉ်းစားမိလို့ စာပိုဒ်မခွဲတတ်တာကွ။ အတွေးမရှင်းရင် အရေးမရှင်းဘူး၊ အတွေးရှင်းမှ အရေးရှင်းတယ် ဆိုတာကြားဘူးလား”

“ဟင့်အင်း-မကြားဖူးဘူး”

“အေး-မကြားဖူးရင်မှတ်ထား။ ‘အတွေးမရှင်းရင် အရေးမရှင်းဘူး၊ အတွေးရှင်းမှ အရေးရှင်းတယ်’တဲ့”

“ဟုတ်ကဲ့”

“ကိုင်း-မင့်စာကိုပြန်ပြီးစစ်ကြည့်လိုက်ကြစို့။ မင့်စာထဲမှာပါတာက မင့်ခွေးလေးကိုဝယ်လာတဲ့အကြောင်းရယ်၊ သူနဲ့ကစားတဲ့အကြောင်းရယ်၊ မင်းကျောင်းကပြန်လာရင်ကြိုတဲ့အကြောင်းရယ်၊ မင့်ဖေဖေကသူ့ကို ရေချိုးပေးလို့ သန့်ရှင်းနေတဲ့အကြောင်းရယ်။ အဓိကအားဖြင့် ဒါတွေပဲမဟုတ်လား”

“ဟုတ်ကဲ့ခင်ဗျ”

“အဲဒါတွေကို တစ်ကန့်စီခွဲပြီးစဉ်းစားပေါ့။ နောက်ပြီး တစ်ကန့်စီခွဲပြီးရေးလိုက်ရင် စာပိုဒ်တစ်ပိုဒ်စီဖြစ်သွား



တော့တာပေါ့ကွ။ စာပိုဒ်ခွဲတာကို အထူးအဆန်း ပညာကြီးထင်မနေနဲ့ကွ။ ကိုယ်ပြောချင်တဲ့ အချက်အလက်တွေကို တစ်ကန့်စီခွဲ ပြောလိုက်တဲ့အတွက် စာပိုဒ်တစ်ပိုဒ်စီကွဲသွားတာ”

သူကရယ်လျက်”

“ကျွန်တော်က စာပိုဒ်ကြီးရှည်သွားလို့ ခွဲပေးရတယ်ထင်နေတာ”

“အေး-မတရားရှည်လွန်းနေရင်လဲ ကြည့်ကောင်းအောင်ခွဲပေးရတဲ့အခါမျိုးလဲရှိပါတယ်။ ဒါပေမယ့် အဲဒီအဆင့်က မင်းတို့နဲ့မဆိုင်ပါဘူး။ မင်းတို့နဲ့ ဆိုင်တာက အချက်အလက်တစ်ခုကို စာပိုဒ် တစ်ပိုဒ်စီ ခွဲရေးတယ်ဆိုတာလောက်ကိုသာ မှတ်ထားပါ”

“ဟုတ်ကဲ့ခင်ဗျ”

“မင်းရေးထားတာကို ပြန်ပြီးသေချာကြည့်ပါလား။ တစ်ကန့်စီ ခွဲပြီးမပြောဘူး၊ ခွေးလေးဝယ်လာတာနဲ့ သူနဲ့မင်းကစားတာ ရောနေတယ်။ နောက်ပြီး သူ့ကြောင့်မင်းအဝတ်အစားတွေပေကျံတာနဲ့ မင့်အဖေက သူ့ကိုရေချိုးပေးရတာကလဲ တစ်ဆက်တည်း ဖြစ်ရမှာပေါ့”

“ဟုတ်တယ်ခင်ဗျ၊ သူ့ကြောင့်ကျွန်တော့်မှာ ပေကျံတော့ ဖေဖေက သူ့ကိုရေချိုးပေးတာ”

“အဲဒီလိုဆက်လိုက်မှ အကျိုးအကြောင်း ပေါ်ပြီဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့ကွ။ ခုတော့ မင်းရေးထားတာက ဟိုရောက်လိုက် ဒီရောက်လိုက် ဖြစ်နေတယ်။ ဘာကြောင့် ဒီလိုဖြစ်သလဲဆိုရင် မင်းကိုယ်တိုင်က အတွေးမရှင်းလို့ပေါ့ကွ။ ဟုတ်ဖူးလား"

"ဟုတ်တယ်ခင်ဗျ။ ဒါဆိုရင်ဘယ်ဟာပြီးရင် ဘယ်ဟာကို ရေးမယ်ဆိုတာ အရင်စဉ်းစားရမှာပေါ့"

"ဒါပေါ့ကွ။ ဆိုကြပါစို့၊ ရန်လုံကို ဝယ်ယူခဲ့ရတာကလေးက တစ်ပိုဒ်၊ သူလိမ္မာတာ၊ သခင်ကမကျွေးဘဲနဲ့ ဘာကိုမှ နှိုက်မစားတာ၊ ခိုးမစားတာက စာတစ်ပိုဒ်"

"ဟုတ်တယ်–ဟုတ်တယ် ကျွန်တော်သိပြီ။ မေမေက ငါးတွေဘာတွေကိုင်နေရင် သူအနားမှာရှိနေတာပဲ။ မေမေက ငါးကိုင်နေရင်း ဟိုနားဒီနား ခဏထသွားလိုက်ရင်တောင်မှ ဘယ်တော့မှယူမစားဘူး။ မေမေချကျွေးလိုက်မှ စားတယ်။ ဟိုဘက်အိမ်က ကြောင်တွေ အနားလာရင်တောင်မှလိုက်ကိုက်တယ်တဲ့"

"အဲဒါတွေကိုရေးလိုက်ရင် လိမ္မာတဲ့အကြောင်းစာတစ်ပိုဒ် ဖြစ်သွားတာပေါ့ကွ။ နေပါဦးကွ၊ မင့်ခွေးကို ဝယ်ဖို့ ဟိုကောင်လေးရဲ့ အိမ်ရှေ့မှာစောင့်နေခဲ့ရတာ ဘာကြောင့် ချန်ပစ်ခဲ့ရတာလဲ"

"သိပ်ရှည်သွားမလားလို့ ချန်ပစ်ခဲ့တာ"

"ရှည်တော့ဘာဖြစ်လဲကွ၊ စာမေးပွဲဖြေနေတာမှ မဟုတ်ဘဲ။ ရှည်ချင်သလောက်ရှည်သွားပါစေ။ မဆိုင်ကာတွေ လျှောက်ထည့်နေလို့ ရှည်တာမျိုး မဟုတ်ရင် ပြီးတာဘဲ။ နောက်ပြီးမင့်ဖေဖေက ရေချိုးပေးတော့ မထူးတော့ဘူးဆိုတဲ့



ရန်လုံရဲ့ ပုံပန်းမျိုး၊ မျက်နှာထားမျိုး ဆိုတာကိုထည့်ရေးသင့်တယ်ကွ။ အဲဒါမျိုးလေးတွေက သိပ်စိတ်ဝင်စားဖို့ကောင်းတယ်"

"ဟုတ်ကဲ့ခင်ဗျ"

"နောက်ပြီး၊ မင့်စာစီစာကုံးမှာ ခွေးနဲ့ပတ်သက်လို့အရေးအကြီးဆုံးအချက်ကြီးတစ်ခုကျန်နေတယ်။ ဘာလဲသိလား"

သူခဏမျှ စဉ်းစားနေပါသည်။

"မ...[illegible] ခင်ဗျ"

"လူတွေဟာ ခွေးတွေကို ဘာကြောင့် မွေးလေ့ရှိကြသလဲ ...ချာ စဉ်းစားကြည့်စမ်းကွာ"

သူခဏမျှထပ်ပြီးငိုင်နေပြန်ပါသည်။ ထို့ကြောင့် ကျွန်တော်ကပင် ဆက်၍–

"မင့်ခွေးနာမည်ကို ပြန်ပြီးစဉ်းစားကြည့်ဦးလေကွာ"

ထိုအခါတွင်မှ ရုတ်တရက် သွက်လက်စွာ–

"သြော်–သိပြီ၊ အိမ်စောင့်ဖို့၊ ဟုတ်တယ်။ ရန်လုံဟာ ...စောင့်လဲကောင်းတယ်။ လူစိမ်းဝင်လာရင် အတင်းထိုးဟောင် ... ညဆိုရင်လဲ ဒီလိုပဲခြံနားကို လူကပ်လာရင် အတင်း ...င်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွ၊ အဲဒါလေးတွေထည့်ပြီးရေးမှ ပိုပြီးပြည့်စုံမှာပေါ့"

"ကျွန်တော့်ခေါင်းစဉ်ကော ကောင်းရဲ့လားဆရာ"

"မဆိုးပါဘူးကွ၊ ဒါပေမယ့် ခေါင်းစဉ်ဆိုတာကတော့ ဉာဏ်ရှိရင်ရှိသလောက် လှအောင်၊ ဆန်းအောင်၊ ခေါင်းစဉ်တွေ့လိုက်တာနဲ့ ဖတ်ချင်စိတ် ပေါ်လာအောင် ဖန်တီးကြရတဲ့ အခါမျိုးလဲ ရှိတာပေါ့"

"ဒီထက်ပိုကောင်းအောင်ဘယ်လိုဟာမျိုးပေးနိုင်မလဲ ဆရာ၊ ခေါင်းစဉ်ကောင်းကောင်းလေးတစ်ခုတပ်ပေးစမ်းပါ"

"ဆိုပါစို့ကွာ 'ကျွန်တော်အချစ်တော်လေးရန်လုံ' ဆိုရင်-"

"ဟုတ်တယ်ဆရာ အဲဒါလေးကပိုကောင်းတယ်"

"ကျွန်တော့် ကစားဖော် သူငယ်ချင်း"

"အဲဒါလဲ ကောင်းတာပဲ ဆရာ"

"ရှစ်ကျပ်ဖြင့် ဝယ်ယူခဲ့သော ကျွန်တော့်မိတ်ဆွေကောင်း"

သူကျေနပ်စွာရယ်မောလိုက်ပါသည်။ ပြီးမှ-

"ကျွန်တော်လဲ အဲဒီလိုခေါင်းစဉ်မျိုးလေးတွေပေးတတ်အောင်သေချာ စဉ်းစားမယ်ဆရာ"

"ဒါပေါ့ကွ၊ စိတ်ကူးဉာဏ်ကောင်းအောင် အလေ့အကျင့်လုပ်ကြရစမြဲပါပဲ။ မင်းလဲကြိုးစားရင်ဖြစ်လာမှာပေါ့။ ကဲ... ဒီနေ့တော့ဖြင့်တော်ကြသေးရောပေါ့ကွာ။ မင့်စာစီစာကုံးကို သေချာ ပြန်ပြီး ရေးပေးခဲ့ပေတော့ကွာ"

**အောင်သင်း (ရင်ခွင်သစ်၊ စက်တင်ဘာ၊ ၉၃)**



ကျွန်တော့်တပည့်ဟောင်းများ၏ သားသမီးများကို စာသင်ပေးရသောကြောင့် အသစ်တိုးလာရပြန်သည့် 'အဆစ်တပည့်လေးများ' အနက် 'ဇော်ခိုင်မိုး' ဆိုသော ငနဲလေးနှင့် သူ့ခွေးကလေး ရန်လုံအကြောင်းကို ယခင် တစ်ပတ်ကတင်ပြခဲ့ပါသည်။ သူ့အချစ်တော်ခွေးကလေးအကြောင်း ကိုပြောရသည်ဆိုတော့ ဝမ်းသားအားရ တက်ကြွစွာပြောပြပါသည်။ ထို့ကြောင့် သူ့ခွေးကလေးအကြောင်း ဟိုဟိုဒီဒီ မေးစမ်းကြည့်ပြီးနောက် ထိုအကြောင်းကိုပင်စာစီစာကုံးအရေးခိုင်းလိုက်သည်။ စာပိုဒ်ခွဲ စီစဉ်တင်ပြပုံများကို သင်ကြားပေးပြီး ထပ်မံပြင်ဆင်ရေးသားရန် အိမ်စာအဖြစ်ပေးလိုက်ပါသည်။ သူစိတ်ဝင်စားသည့်အကြောင်း အရာဖြစ်လေတော့ စိတ်ပါလက်ပါ ရေးလာခဲ့ပုံ ရပါသည်။ သူပြင်ဆင်ဖြည့်စွက် ရေးသားလာခဲ့သည့် စာစီစာကုံးကို ဖတ်ကြည့်လိုက်လျှင် စာဖတ်သူလည်း သူ၏ အားထုတ်မှုကို ရိပ်မိလောက်ဖွယ်ရာ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကျွန်တော့် အချစ်တော်လေးရန်လုံ

ကျွန်တော့်တွင် ရန်လုံဟုခေါ်သော ခွေးလေးတစ်ကောင်ရှိပါသည်။ ရန်လုံဆိုသောအမည်ကို ကျွန်တော့်မေမေက ပေးလိုက်ခြင်းဖြစ်ပါသည်။ အရင်ကသူ့မှာဘာနာမည်မှမရှိပါ။ သူ့ကို ကျွန်တော်ကိုယ်တိုင် ဝယ်ယူလာခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော်ကျောင်းကအပြန်တွင် အိမ်တစ်အိမ်ရှေ့လမ်းဘေးတွင် ကစားနေသော ခွေးကလေးသုံးကောင်ကိုတွေ့ခဲ့ရာ အလွန်ချစ်စရာကောင်းသောကြောင့် ထိုခွေးလေးများကို ပိုင်ရှင်ကောင်လေးတစ်ယောက်ထံမှ ရှစ်ကျပ်ပေးပြီး ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။

မေမေက ခွေးကိုမမွေးချင်ပါ။ သို့သော်လည်း ခွေးကလေးကိုမြင်လိုက်သောအခါ မေမေကလည်းချစ်သွားပါသည်။ သူစားဖို့ သံဇလုံကလေးတစ်လုံးကိုပေးပါသည်။ အိပ်ဖို့လည်း ထင်းရှူးသေတ္တာလေးတစ်လုံးထဲတွင် အဝတ်ဟောင်းကလေးတွေခင်းပြီး အိပ်ရာလုပ်ပေးပါသည်။ မေမေက ရန်လုံဟုအမည်ပေးလိုက်ပါသည်။

ယခုအခါ ရန်လုံမှာ သုံးလသားလောက် ရှိပါသည်။ အစားကောင်းကောင်းကျွေးသောကြောင့် ဝလည်းဝပါသည်။ သူက ကျွန်တော့်ကို အလွန်ချစ်ပါသည်။ ကျွန်တော်နှင့် ကစားရသည်ကိုလည်း သိမ်ကြိုက်ပါသည်။ ကျွန်တော် ကျောင်းသွားလျှင် ပျင်းနေမည် ထင်ပါသည်။ ကျွန်တော် ကျောင်းကပြန်လာလျှင် ဝမ်းသာအားရအသံပေးကာပြေးလာပြီး ကျွန်တော့်ကို လှည့်ပတ်နေတတ်ပါသည်။ ကျွန်တော့်ကို



အတင်းဖက်ပြီးတက်တတ်သောကြောင့် ကျွန်တော်အင်္ကျီများ အဝတ်အစားများ ပေကျံကုန်တတ်ပါသည်။ ထို့ကြောင့်ဖေဖေက ရန်လုံကို ရေမှန်မှန်ချိုးပြီး သန့်ရှင်းပေးရမည်ဟုပြောပါသည်။ သို့သော် ကျွန်တော် ရေချိုးပေးလျှင် သူ့ကိုမနိုင်ပါ။ ထို့ကြောင့် ဖေဖေက ကိုယ်တိုင်ရေချိုးပေးရပါသည်။ ထိုအခါ၌ပင် ရုန်းပါသေးသည်။ ဖေဖေက ရေနှစ်ခွက်သုံးခွက်လောက် အတင်းလောင်းပေးလိုက်သောအခါတွင်မှ မထူးတော့ဘူးဟု သဘောထားပြီး ငြိမ်သွားပါသည်။ ဖေဖေက သေချာဆပ်ပြာတိုက်ပြီး ရေချိုးပေးပါသည်။ ရေချိုးပြီး၍ ကြိုးဖြေပြီးလွှတ်လိုက်လျှင် ဝမ်းသားအားရ ထွက်ပြေးသွားပြီး တစ်ကိုယ်လုံးက ရေတွေကို ခါပစ်ပါသည်။ ရန်လုံရေခါသည်မှာ အလွန်ကြည့်ကောင်းပါသည်။ ရေခြောက်သွားလျှင် တစ်ကိုယ်လုံး ဖွေးဖွေးဖြူနေသောကြောင့် အလွန်ချစ်ဖို့ကောင်းပါသည်။

ရန်လုံကို မေမေက သန္ဓေကောင်းသည်ဟုပြောပါသည်။ အစားအစာများကို သူ့ရှေ့တွင် ချထားသော်လည်း လူကသူ့ကို မကျွေးလျှင်ဘယ်တော့မှမစားပါ။ မေမေက မီးဖိုထဲ၌ သားငါးများကိုင်နေစဉ် အနားမှာ စပ်နေတတ်ပါသည်။ မေမေ တစ်နေရာသွားလျှင်လည်း ထိုသားငါးများကိုမစားပါ။ တစ်ဖက်အိမ်ကကြောင်တွေလာလျှင်ပင် လိုက်ပြီး ကိုက်တတ် ပါသည်။ အနေအထိုင်လည်း သန့်ရှင်းပါသည်။ ကျင်ကြီးကျင်ငယ်ကို အိမ်ပေါ်တွင် ဘယ်တော့မှ စွန့်လေ့မရှိပါ။

ညအခါဆိုလျှင်လည်း အိမ်ကိုစောင့်ရှောက်ပါသည်။ အိမ်ဝင်းနား လူကပ်လာလျှင် အတင်းထိုးဟောင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့အခါတွင်လည်း ဝင်းတံခါးကိုပိတ်ထားစဉ် လူကပ်လာလျှင် ဟောင်ပါသည်။ သို့သော် ဘာကြောင့်မှန်းမသိ ဆွမ်းခံသည့်ဘုန်းကြီးကို ဘယ်တော့မှ မဟောင်ပါ။ ခံသာကြည့်နေလေ့ရှိပါသည်။ မေမေကတော့ "တိရစ္ဆာန်ပေမယ့် ရတနာသုံးပါးကိုတော့ သိတယ်ဟဲ့။ လူ့ဘဝနဲ့ နီးသလားမသိဘူး" ဟုပြောပါသည်။

ကျွန်တော် ရန်လုံကို အလွန်ချစ်ပါသည်။ သူကလည်း ကျွန်တော့်ကိုချစ်ပါသည်။ ရှစ်ကျပ်နှင့်ပေးဝယ်ခဲ့ရသော ကစားဖော် မိတ်ဆွေကောင်းတစ်ယောက်ကိုရလာခဲ့သည်ဟု ထင်ပါသည်။

* * * * *

သူ့စာစီစာကုံးကိုသေချာဖတ်ပြီးနောက် ကျွန်တော်က-

"မင့် စာစီစာကုံး အတော်လေးကောင်းသားပဲကွ။ မင်းစာစီစာကုံးတော်တော်လေးရေးနိုင်လာပါပြီ။ မင့်ဖေဖေနဲ့ မေမေ့ကို ကူပြီး အရေးခိုင်းသေးသလား"

"ဟင့်အင်း-မခိုင်းပါဘူး။ ရန်လုံအကြောင်းကို အရေးခိုင်းတယ်လို့တော့ ပြောပြတယ်"

"သူတို့က ဘာပြောလဲ"

"မင့်ခွေးအကြောင်း မင်းမရေးတတ်ဘူးလားတဲ့။ ကျွန်တော်က ရေးတတ်တာပေါ့လို့ ပြောပြလိုက်တယ်"

ကျွန်တော် ခဏစဉ်းစားနေလိုက်မိပါသည်။ နောက်တစ်



ဆင့်ဘယ်လိုတက်ရမည်နည်းဟု စဉ်းစားနေခြင်းဖြစ်ပါသည်။

တစ်ဆင့်နှင့် တစ်ဆင့် ကွာခြားလွန်းအားကြီးပြီး ချာတိတ်ကလေး လန့်သွားမည်ကိုလည်း စိုးရိမ်ရပါသေးသည်။ ထို့ကြောင့် သေချာစဉ်းစားရခြင်း ဖြစ်ပါသည်။

"ရန်လုံက မင်းကျောင်းသွားနေရင် ပျင်းတော့ပျင်းမှာပဲကွ။ မင်းကျောင်းကိုသွားရင်ကော လမ်းထိအောင်လိုက်လာသေးသလား"

"သူကလိုက်ချင်တယ်။ ဒါပေမယ့် တခြားခွေးကြီးတွေက ကိုက်မှာစိုးလို့ အိမ်ထဲကမထွက်ရဘူး။ ကျွန်တော်ကျောင်းသွားရင် အိမ်ဝင်းတံခါးနားက မျှော်ပြီး ကျန်ရစ်ခဲ့တာပဲ"

"ညအိပ်တော့ မင်းနဲ့အတူတူမအိပ်ဘူးလား"

"ကျွန်တော်က ရန်လုံကို ကျွန်တော်နဲ့အတူသိပ်ချင်တာ။ ဖေဖေနဲ့ မေမေက မသိပ်ရဘူးဆိုလို့"

"သူကတော့ မင်းနဲ့အတူ အိပ်ချင်မှာပဲကွ"

"ဟုတ်တယ်နော်. သူကတော့ အိပ်ချင်မှာပဲ"

"မင်းက မုန့်[illegible] ဘာတွေစားရင်ကော သူက မတောင်းဘူးလား"

"တောင်းတယ်။ ဒါပေမယ့် စားချင်လို့မဟုတ်ဘူး၊ ကစားချင်လို့"

"ဟုတ်လား- ဘယ်လိုကစားတာလဲ"

"ကျွန်တော်က စားစရာကို လက်မှာကိုင်ပြီးမြှောက်ထားရော။ သူက ခုန်ပြီးဟပ်တာပေါ့။ အဲဒါကိုသူသိပ်ပျော်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက ခဏလောက်စဉ်းစားနေပြီးနောက်–

"ရန်လုံက သူ ငယ်ငယ်လေးက အကြောင်းတွေ၊ ဟိုကောင်လေး အိမ်မှာနေခဲ့ရတာတွေကို သတိရနေဦးမလားဘဲ"

"သူက ငယ်လွန်းသေးတာကိုကွ။ ဘယ်မှာသတိရပါတော့မလဲ။ သတိရတယ်ဆိုရင်လဲ ဝိုးတဝါးလောက်ပဲဖြစ်နေမှာပေါ့။ နောက်ကျတော့လဲ တဖြည်းဖြည်းလုံးဝ ပျောက်သွားမှာပေါ့ကွာ။ ငယ်ငယ်လေးက အကြောင်းတွေကို အကုန်မှတ်မိနိုင်ပါ့မလား"

"ဟုတ်တယ်နော်–ကျွန်တော်လဲအကုန်မမှတ်မိဘူး။ တစ်ခုနှစ်ခုလောက်တော့ မှတ်မိသလိုလိုပဲ"

"ကဲ–ထားပါတော့ကွာ။ နောက်စာစီစာကုံး တစ်ခု ရေးကြဦးစို့ရဲ့"

"ဘာအကြောင်းရေးရမလဲ၊ ကျွန်တော့်ကို အရင်လိုပဲ သင်ပေးလိုက်ဦးနော်၊ အဲဒါမှ ကျွန်တော်ရေးတတ်မှာ"

"အေးပါကွာ–သင်ပေးမှာပေါ့"

"ဘာအကြောင်းကို ရေးရမလဲ"

"ရန်လုံ့အကြောင်းပဲ ရေးကြဦးစို့ကွာ"

"ဟင်–ဘာဘကလဲ၊ ရန်လုံ အကြောင်းကဖြင့်ကုန်နေပြီ။ ဘာမှ ရေးစရာ မရှိတော့ဘူး"

"အရင်တစ်ပတ်က မင်းက ရန်လုံအကြောင်းကိုရေးခဲ့တယ် မဟုတ်လား။ ဒီတစ်ပတ်တော့ ရန်လုံ အကြောင်းကို သူ့ဘာသာသူ အရေးခိုင်းရမှာပေါ့"



"ဟင်–ဘာဘကလဲ။ ရန်လုံက စာမှမရေးတတ်ဘဲ"

"အေးလေ–ရန်လုံ စာမရေးတတ်မှန်း ဘဘလဲ သိတာပေါ့။ ဒီတော့ မင်းက ရန်လုံကိုယ်စား ရေးပေးပေါ့"

"ဟင်–ဘယ်လိုလုပ်ပြီးရေးရမှာလဲ။ ကျွန်တော်မရေးတတ်ဘူး"

"ဘာပြုလို့မရေးတတ် မှာလဲကွ။ မင်းကိုယ်မင်းရန်လုံ နေရာမှာထားပြီး 'ငါသာရန်လုံဆိုရင် ဘာအကြောင်းတွေ ရေးမလဲ' ဆိုတာမျိုး စဉ်းစားပြီး ရေးရင်ဖြစ်နိုင်တာပေါ့ကွ"

ချာတိတ်ခမျာ ခဏငိုင်နေပါသည်။ မတွေးတတ်၊ မကြံတတ်နှင့် နားမလည်နိုင်လောက်အောင် ဖြစ်နေဟန်တူပါသည်။ သူ့ကို အပြစ်တင်စရာတော့ မရှိပါ။ မည်သည့် ကလေးငယ်မဆို ဒီလိုသာဖြစ်သွားပါလိမ့်မည်။ ထို့ကြောင့် ကျွန်တော်ကပင် စတင်၍–

"ဥပမာ ဒီလိုကွာ– 'ကျွန်တော့်နာမည်မှာ ရန်လုံဖြစ်ပါသည်။' နေဦးကွ–ရန်လုံသာ စကားပြောတတ် မယ်ဆိုရင် မင်းကို သူကဘယ်လိုခေါ်မယ်ထင်သလဲ၊ ဆိုလိုတာကကွာ မင်းကို သူက ညီလေးခေါ်မလား၊ အစ်ကိုကြီးလို့ခေါ်မလား၊ အဲဒါကိုမေးတာ"

"ဟာ–ကျွန်တော်က အသက်ကြီးတာပဲ၊ အစ်ကိုကြီးလို့ ခေါ်မှာပေါ့"

"အေး–အဲဒါကိုပြောတာ။ ဒီတော့ ရန်လုံကရေးမယ် ဆိုရင် 'ကျွန်တော့်နာမည်မှာ ရန်လုံဖြစ်ပါသည်။ ကျွန်တော့်အစ်ကိုကြီး နာမည်မှာ 'ဓော်ခိုင်မိုး' ဖြစ်ပါသည်။ အစ်ကိုကြီးက

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို အလွန်ချစ်ပါသည်။ ကျွန်တော်ကလည်း အစ်ကိုကြီးကိုအလွန်ချစ်ပါသည်။ ဖေဖေကြီးနှင့် မေမေကြီးတို့ ကလည်း ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကိုအလွန်ချစ် ပါသည်' ဆိုတာမျိုးပေါ့ကွ"

ငနဲလေးကျွန်တော်ပြောပြနေသည်ကို နားထောင်နေရင်းပင် တပြုံးပြုံးဖြစ်နေရာမှ တခစ်ခစ်နှင့် ရယ်ပါလေတော့သည်။ ပြီးမှ သူက–

"နားလည်ပြီ– နားလည်ပြီ။ ရေးရင် သိပ်ရယ်စရာကောင်းမှာပဲနော် ဘဘ"

"ရယ်စရာတွင်မဟုတ်ဘူး၊ စိတ်ဝင်စားစရာလဲကောင်းတာပေါ့ကွ"

သူ့ဘာသာ စဉ်းစားနေရင်း တစ်ခါထပ်ပြီး တခစ်ခစ်နေအောင် ရယ်ပြန်ပါသည်။ ရန်လုံနေရာကိုလှမ်းပြီး စိတ်ကူးကြည့်နေဟန် ရှိပါသည်။

"ကျွန်တော် ကျောင်းသွားနေတဲ့အခါ သူတစ်ယောက်တည်း ပျင်းနေတာတို့ ဘာတို့လဲ ပါရမှာပေါ့နော်"

"ဒါပေါ့ကွ၊ သူ့တစ်ကောင်တည်းလို့ သွားမပြောနဲ့ကွ။ သူကသူ့ကိုယ်သူ ခွေးလို့ထင်ချင်မှ ထင်မှာပေါ့။ မင်းနဲ့အတူတူပဲလို့ထင်ချင်ထင်နေမှာ"



"ဟာ - ဘဘ ကလဲ။ အဲဒါတော့ သိမယ်ထင်တာပဲ"

"ဟာ– ဘယ်ပြောနိုင်မလဲကွ။ မင်းလဲကလေးပေါက်စ ငယ်ငယ်တုန်းက မင်းကိုယ်မင်း ကလေးလို့ သိခဲ့တယ် ထင်သလား။ လူကြီးတွေက ဖွန်းနဲ့ ခက်ရင်းနဲ့ ထမင်းစားတာမြင်ရင် ဖွတ်ကိုင်တာပဲ မဟုတ်လား။ လူကြီးတွေ စာဖတ်တာမြင်ရင် မင်းကလဲ စာအုပ်ကိုကိုင်ပြီးဖတ်တာပဲ မဟုတ်လား။ မင့်ကိုယ်မင်း ကလေးရှိသေးတယ်၊ စာမဖတ်တတ်သေးဘူးလို့ သိခဲ့လို့လား"

သူလည်း နည်းနည်းတော့ငိုင်သွားပါသည်။ ခဏရှိမှ–

"ဟုတ်တယ်နော် ဘဘ၊ သူ့ကိုယ်သူ လူလို့ထင်ချင်ထင်နေမှာ"

"အေးလေ–ဘာပဲဖြစ်ဖြစ်ပေါ့။ မင်းသာသူ့နေရာမှာရောက်ရင်ဘယ်လိုနေမလဲ၊ ဘယ်လိုခံစားမိမလဲဆိုတာကို လှမ်းတွေးပြီး ရေးကြည့်ပေါ့ကွာ"

သူက ရယ်မောလျက်–

"အိမ်ရောက်လို့ဖေဖေနဲ့ မေမေ့ကိုပြောပြရင် သိပ်ရယ်ကြမှာပဲ"

သူကပြောနေရင်းရယ်ပြန်ပါသည်။ ကျွန်တော်က–

"ဒီနေ့ ကျွန်တော်ရန်လုံဖြစ်သွားပြီ လို့ပြောပြပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးသဘောကျသွားလျက် တိုးလို့ရယ်ပြန်ပါသည်။

"ကဲ – ရေးခဲ့ကွာ။ ခေါင်းစဉ်ကိုလဲ မင့်ဘာသာမင်း ရန်လုံ့နေရာက စိတ်ကူးပြီး သင့်အောင်သာကြည့်တပ်ခဲ့ပေတော့"

ငနဲလေး စိတ်အားတက်ကြွစွာနှင့်ပြန်သွားပါသည်။ သည်တစ်ခါတော့ဖြင့် သူ့ပင်ကို စိတ်ကူးစိတ်သန်းကို များစွာ အားကိုးရပါတော့မည်။ သူတစ်ပါး၏ နေရာတွင် မိမိကိုယ်ကို ထားပြီး စိတ်ကူးကြည့်ခြင်းသည် စာစီစာကုံးတွင်သာမက အခြားသောနေရာများစွာတို့တွင်လည်းကောင်းကျိုးပေးနိုင်သည်ဟု ကျွန်တော်ထင်မိပါသည်။ ထို့ကြောင့် ဤသို့ စိတ်ကူးစိတ်သန်း လေ့ကျင့်ခန်းဘက်ဆီသို့ တစ်ထစ်လှမ်းပြီးတက်လိုက်မိခြင်း ဖြစ်ပါသည်။

ယခုတစ်ခါတော့ဖြင့် ငနဲလေးမှုသာမဟုတ်၊ ကျွန်တော် ကိုယ်တိုင်ကလည်း သူဘာရေးလာမည်ကို လှမ်းပြီး သိချင်နေ ပြန်ပါပြီ။ ကျွန်တော်ကိုယ်တိုင်လည်း စာစီစာကုံးသင်ရခြင်းကို ပျော်စပြုလာပြီဟု သိလိုက်မိပြန်ပါသည်။

**အောင်သင်း**

**(ရှင်ခွင်သစ်၊ အောက်တိုဘာ၊ ၆၃)**



ကျွန်တော့် တပည့်မောင်နှံ၏သား (ကျွန်တော့် မြေးတပည့်လေး) မော်ခိုင်မိုးအား သူ့ရွှေးကလေးရန်လုံ့ အကြောင်းကို စာစီစာကုံး အရေးခိုင်းခဲ့ပါသည်။

သူကလည်း စိတ်ပါလက်ပါရေးလာခဲ့ရာ သူ့အတန်း သူ့အရွယ်နှင့် စာလိုက်မည်ဆိုလျှင် သင့်တင့်ကောင်းမွန်သော အဆင့်ဟုဆိုနိုင်လောက်သည့် စာစီစာကုံးလေးတစ်ပုဒ်ဖြစ်လာ ပါသည်။ ကျွန်တော်က နောက်တစ်ဆင့်တက်ပြီး သူ့ကိုယ်သူ ရန်လုံ့နေရာမှာထား၍ စဉ်းစားစိတ်ကူးပြီး၊ နောက်ထပ်စာစီစာကုံး တစ်ခုကို အရေးခိုင်းလိုက်ပါသည်။ မည်သို့မည်ပုံ စဉ်းစား စိတ်ကူးရမည်ကိုလည်း 'လမ်းကြောင်း' ပေးလိုက်ပါသည်။ သူလည်း ကြိုးစားပမ်းစား ရေးလာပါသည်။ ကျွန်တော်မှာကြား လိုက်သည့် အတိုင်းခေါင်းစဉ်ကိုလည်း သူ့ဘာသာသူပေးလာ ပါသည်။

သူ့စာစီစာကုံးကို ကြည့်ပါဦး။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



## ကျွန်တော့်အကြောင်း

ကျွန်တော့်၏အမည်မှာ 'ရန်လုံ' ဟုခေါ်ပါသည်။ ကျွန်တော့် အစ်ကိုကြီး၏ အမည်မှာ ဇော်ခိုင်မိုး ဖြစ်ပါသည်။ ကျွန်တော်တို့အိမ်ရှိ ဖေဖေနှင့် မေမေ တို့က ကျွန်တော်တို့နှစ်ယောက်ကို အလွန်ချစ်ပါသည်။ ကျွန်တော်တို့ကို မေမေက ထမင်းကျွေးပါသည်။ အစ်ကိုကြီးက စားပွဲတွင်ထိုင်ပြီးထမင်းစားပါသည်၊ ကျွန်တော်က စားပွဲတွင် မထိုင်တတ်ပါ။ အစ်ကိုကြီးလို လက်နှင့်လည်း မစားတတ်ပါ။ ထို့ကြောင့် မေမေက သံဇလုံကလေးတစ်ခုနှင့်ထည့်ပြီး ကျွေးပါသည်။ အလွန်စားလို့ကောင်းပါသည်။

ကျွန်တော်က မေမေကျွေးမှသာ စားပါသည်။ မေမေ မကျွေးလျှင် ဘာကိုမှမစားပါ။ အိမ်နားက ကြောင်များက ခိုးစားတတ်ပါသည်။ ထို့ကြောင့် မေမေက ကြောင်တွေလာလျှင် မောင်းလွှတ်ပါသည်။ ကျွန်တော်ကလည်း ထိုကြောင်တွေလာလျှင် လိုက်ပြီးကိုက်လွှတ်ပါသည်။ ကျွန်တော်လိုက်ကိုက်လျှင် သူတို့ထွက်ပြေးကြပါသည်။ မီးဖိုထဲ၌ မေမေက သားငါးဟင်းချက်စရာများကိုကိုင်လျှင် ကြောင်တွေကအလစ်သုတ်ချင်ပါသည်။ သူတို့ကိုမြင်လျှင် ကျွန်တော်က လိုက်ကိုက်ပါသည်။ ထို့ကြောင့် မေမေက ကျွန်တော့်ကိုချစ်ပါသည်။

မေမေက ကျွန်တော့်ကိုမရိုက်ပါ။ ငေါက်လည်း မငေါက်ပါ။ ဖေဖေကတော့ တစ်ခါတစ်ရံ ငေါက်ပါသည်။ ဖေဖေက ကျွန်တော့်ကို ရေချိုးပေးပါသည်။ ရေချိုးရသည်ကို



ကျွန်တော်အလွန်စိတ်ညစ်ပါသည်။ ကျွန်တော်က ရေချိုးလျှင် ထွက်ပြေးပါသည်။ သို့သော် ဖေဖေက ကျွန်တော့်ကိုကြိုးနှင့် ချည်ပြီး ဆပ်ပြာတိုက် ရေချိုးပေးပါသည်။ ရေချိုးပြီးလျှင် ကြိုးဖြည်ပြီး လွှတ်လိုက်ပါသည်။ ထိုအခါတွင်မှ လမ်းပေါ်သို့ ထွက်ပြေးပြီး ရေတွေကို ခါလိုက်ရပါသည်။

အစ်ကိုကြီးက ကျောင်းသို့ နေ့တိုင်းလိုလို သွားရပါသည်။ သူကျောင်းသွားနေသည့်အခါတွင် ကျွန်တော်အလွန်ပျင်းပါသည်။ သူပြန်လာခါနီးလျှင် ဝမ်းသာနေပါသည်။ သူပြန်လာသည်ကို လှမ်းမြင်လိုက်ရလျှင် အလွန်ပျော်သောကြောင့် သူ့ကိုပြေးပြီးကြိုပါသည်။ အစ်ကိုကြီးက သူ့တွင်ပါလာသော မုန့်ကလေးများကို ကျွေးပါသည်။ သူက မုန့်ကိုလက်နှင့် မြှောက်ပြီးကိုင်ထားသည်ကို ကျွန်တော်က ခုန်ပြီးဟပ်ရပါသည်။ ကျွန်တော်က ခုန်လိုက်လျှင် သူက ကျွန်တော်မမီအောင် လက်ကိုမြှောက်ပစ်တတ်ပါသည်။ ဤသို့ခုန်ရသည်ကို ကျွန်တော်အလွန်ပျော်ပါသည်။

ညကျလျှင်တော့ အစ်ကိုကြီးနှင့် ကျွန်တော်တခြားစီ အိပ်ရပါသည်။ ကျွန်တော်ကအစ်ကိုကြီးနှင့် အတူအိပ်ချင်ပါသည်။ သို့သော်ဖေဖေက မအိပ်ရပါ။ အိမ်လှေကားဦးနားတွင် ကျွန်တော့်အတွက် အိပ်ရာကလေးတစ်ခု လုပ်ပေးထားပါသည်။ အစ်ကိုကြီးကတော့ တစ်ညလုံးအိပ်ပါသည်။ ကျွန်တော်ကတော့ မအိပ်ပါ။ အိမ်ကိုစောင့်ရပါသည်။ ကြောင်တွေလာလျှင်လည်း လိုက်ကိုက်ရပါသည်။ တခြားလူတွေလာလျှင်လည်း ဖေဖေနှင့် မေမေတို့သိအောင် ဟောင်ပေးရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ၊ မေမေ အစ်ကိုကြီးတို့နှင့် ဤအိမ်တွင် နေရသည်ကို ကျွန်တော်အလွန်ပျော်ပါသည်။

* * * * *

ငနဲကလေးကိုကြည့်လိုက်တော့ သူ့စာစီစာကုံးကလေးကို အလွန်ကျေနပ်နေပုံရပါသည်။ အခြားအခြားသော အကြောင်းအရာမျိုးနှင့်မတူဘဲ သူ့စိတ်ကူးစိတ်သန်း စွမ်းအားရှိသမျှ အားထုတ်ထားရသောကြောင့် ကျွန်တော်၏ မှတ်ချက်ကိုလည်း ကြားချင်လှပါလိမ့်မည်။ အထူးသဖြင့် ချီးမွမ်းစကားကို ကြား ချင်ရှာပါလိမ့်မည်၊ သူ့မျက်နှာကလေးကလည်း အားရကျေနပ်စွာပြုံးနေပါသည်။

စင်စစ်အားဖြင့်လည်း သူ့အရွယ်နှင့် စာလိုက်လျှင် ကျေနပ်လောက်စရာဖြစ်နေသည်ဟု အောက်မေ့လိုက်မိပါသည်။ ထို့ကြောင့်–

"မဆိုးပါဘူးကွ။ မင်းအတော်သားပဲ။ ဒီလောက်မှဖြစ်ပါ့မလားလို့ အောက်မေ့နေတာ။ အကောင်းသားပဲ"

သူလည်းကျွန်တော့်စကားကိုကြားလိုက်ရသောအခါ အတော်လေးဝမ်းသာသွားပုံပေါ်ပါသည်။ ကျွန်တော်ကဆက်၍–

"မင့်ဖေဖေနဲ့ မေမေကိုကော ပြကြည့်သေးသလား"



"ကျွန်တော်က ဖတ်ပြကြည့်တယ်။ သူတို့ကပြုံးနေကြတယ်။ နောက်ပြီးမှ 'မင့်ဘာဘကို ပြကြည့်ပေါ့'တဲ့။ ငါတို့က ပြင်မပေးတတ်ဘူး၊ မင့်ဘာဘကမှ လိုတာတွေကိုပြင်ပေးတတ်မှာ'တဲ့။ ဟုတ်တယ် ဘာဘ။ ဘာလိုသေးသလဲ၊ ထပ်ပြီးပြင်ပေးဦးနော်"

"အေးပါကွယ်။ ပြင်ပေးမယ်ဆိုရင်လဲ ပြင်ပေးစရာ၊ ထပ်ပြီးသင်ပေးစရာတော့ရှိနေဦးမှာပဲပေါ့။ ဒါပေမယ့် မင့်အတန်း မင့်အရွယ်အနေနဲ့ဆိုရင် အတော်ကောင်းတဲ့ စာစီစာကုံးကလေးတစ်ခုပါပဲ"

ကျွန်တော်က သူ့စာစီစာကုံးကို တစ်ခေါက် ပြန်ဖတ်လိုက်ပြီးနောက် –

"ပြင်စရာရယ်လို့တော့ မဟုတ်ဘူးပေါ့ကွာ။ စိတ်ကူးစိတ်သန်းနဲ့ ပတ်သက်ပြီး ငါနည်းနည်းထပ်ပြီးဖြည့်ပေးပြမယ်။ ဥပမာ– မင့်စာစီစာကုံးထဲမှာ ရန်လုံက ကြောင်တွေကိုလိုက်ကိုက်တယ်လို့ပြောတယ်။ ကြောင်တွေကိုမီအောင် လိုက်နိုင်သလား"

"မလိုက်နိုင်ဘူး"

"ဘာကြောင့်လဲ"

"ကြောင်တွေက ဝင်းထရံတွေပေါ်ခုန်တက်ပြေး၊ သစ်ပင်တွေပေါ်ခုန်တက်ပြေးလုပ်ကြတာကိုး၊ နောက်ပြီး သိပ်မြန်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး–အဲဒါမျိုးပေါ့ကွ။ ရန်လုံက သစ်ပင်တွေဘာတွေပေါ် မတက်နိုင်ဘူးမဟုတ်လား။ အောက်ကလှမ်းကြည့်ပြီး ဘယ်လောက်များ မခံချင်ဖြစ်လိုက်မလဲဆိုတာ စဉ်းစားကြည့်ပေါ့"

ငနဲလေး ဟက်ဟက်ပက်ပက် ရယ်လိုက်ပါသည်။

"ဟုတ်တယ်–ဟုတ်တယ်၊ အဲဒီကျရင် ရန်လုံက အောက်ကနေ မော့ကြည့်ပြီး ဒေါသဖြစ်နေတတ်တယ်"

"အဲဒါမျိုးကို ထည့်ပြီးရေးကြည့်ပေါ့ကွ။ ဒီကြောင်တွေက ကျွန်တော်လိုက်ကိုက်လျှင် သစ်ပင်ပေါ် ခြစ်စည်းရိုးပေါ်သို့ တက်ပြေးပါသည်။ ကျွန်တော်က သစ်ပင်မတက်တတ်ပါ။ ထို့ကြောင့် အလွန်ဒေါသဖြစ်ပါသည်။ သစ်ပင်ပေါ်က ကျွန်တော့်ကို ခပ်တည်တည်လှမ်းကြည့်နေလျှင် ပိုပြီးဒေါသဖြစ်မိပါသည်– ဆိုတာမျိုးတွေ. . ."

"ဟုတ်တယ်–ဟုတ်တယ်၊ အဲဒီလိုထည့်ပြီးရေးလိုက်ရင် သိပ်ကောင်းမှာပဲနော်။ ကျွန်တော်က အဲဒါမျိုးမတွေးလိုက်မိဘူး"

"အေးပေါ့ကွာ၊ နောက်တော့တွေးတတ်လာမှာပေါ့။ နောက်ပြီး ကိုယ့်စိတ်ကူးကောင်းရင်ကောင်းသလို ချဲ့နိုင်တဲ့နေရာလေးတွေလဲရှိတာပေါ့။ ဆိုကြပါစို့၊ မင့်ဖေဖေက ရန်လုံကိုရေချိုးတဲ့အခါ ဆပ်ပြာနဲ့တိုက်ပြီး ချိုးပေးတယ်လို့ပြောတယ်။ ဒီနေရာမှာ ရန်လုံက ဆပ်ပြာဆိုတာဘာမှန်း မသိဘူး လို့တွေးပြီး ရေးလိုက်ရင်လဲ ဖြစ်နိုင်တာပဲ မဟုတ်လား။ ရေချိုးလျှင်



ကျွန်တော့်ကို ဘာတုံးကြီးမှန်းမသိသောအတုံးကြီးနှင့် တိုက်ပါသည်။ နံ့လည်းနံ့ပါသည်။ အမြှုပ်တွေလည်း ထွက်ပါသည်။ မျက်စိထဲဝင်လျှင်လည်း စပ်ပါသည်။ လျှာနှင့်လျက်ကြည့်လိုက်တော့လည်း ငံစပ်စပ်နေပါသည်။ အလွန်စိတ်ပျက်စရာကောင်းသော အတုံးကြီးဖြစ်ပါသည်"

ငနဲကလေး ရယ်လိုက်ပြန်ပါသည်။

"ဟုတ်တယ်နော်။ ရန်လုံကအဲဒီဆပ်ပြာတိုက်တာကို သိပ်စိတ်ပျက်မှာပဲ"

"ဒီထက်ပိုပြီး မင်းကနည်းနည်းချဲ့လိုက်ချင်သေးရင်– လူတွေကတော့ ရေချိုးကြပြီဆိုလျှင် ထိုအတုံးကြီးမျိုးနှင့် အမြဲတိုက်လေ့ရှိကြပါသည်။ ဘာကြောင့်များ ဒီလိုလုပ်ကြသည်ကို ကျွန်တော် နားမလည်နိုင်တော့ပါ။ ထို့ပြင်ဘာကြောင့် လူတွေ ရေချိုးကြသလဲဆိုသည်ကိုလည်းနားမလည်နိုင်ပါ ဆိုတာမျိုးတွေထိအောင် ထည့်ပြီးရေးသွားနိုင်သေးတာပေါ့ကွ"

"ဟုတ်တယ်နော်–ဘဘ ပြောလိုက်တော့လဲ ရေးစရာတွေ အများကြီးကို ဖြစ်နေတော့တာပဲ။ ကျွန်တော်လဲ ဘဘလိုရေးတတ်ချင်လိုက်တာ"

"မင်းလဲနောက်တော့ ရေးတတ်လာမှာပေါ့ကွာ။ နောက်ပြီး မင်းသတိမထားမိတာ တစ်ခုရှိသေးတယ်ကွ"

"ဟုတ်လား–ဘာလဲဘဘ"

"ရန်လုံက မင်း ကျောင်းကပြန်လာချိန်ကို မျှော်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



သဘောကိုရေးထားတယ်။ မင်းလာတာကို မြင်လိုက်ရင် လာပြီး ကြိုတယ်ပေါ့ကွာ။ မင်းသတိထားဖို့က ခွေးဆိုတာ ငါတို့လူလို မဟုတ်ဘူးကွ။ အနံ့ကို သိပ်ပြီးသိတယ်။ လေသင့်မယ် ဆိုရင် မင်းလာတာကို အဝေးကြီးကကိုပဲ အနံ့ရလိုက်နိုင်တယ်။ မင့်အနံ့၊ မင့်ဖေဖေ မေမေအနံ့ အားလုံးကို ခွဲပြီးသိတယ်"

"ဟုတ်တယ်နော်-သူတို့ကနှာခေါင်း တရှုတ်ရှုတ်နဲ့ အနံ့ခံတာကိုမြင်ဖူးတယ်။ လူတစ်ယောက်နဲ့ တစ်ယောက်ကို တောင် အနံ့နဲ့ ခွဲခြားနိုင်တယ်နော်"

"တစ်ယောက်နဲ့ တစ်ယောက် အနံ့တောင်မကဘူး။ ခွေးတစ်ကောင်ဟာ လူတစ်ထောင်လောက်ရှိတဲ့ ပရိသတ်ထဲမှာ တောင်သူ့သခင်ရဲ့ အနံ့ကိုခွဲခြားသိပြီး သူ့သခင်ရှိရာကို သွားနိုင်တယ်လို့ ဆိုတယ်ကွ"

"ဟုတ်လား-သိပ်အံ့ဩဖို့ကောင်းတာပဲနော်"

"အေးပေါ့ကွ-တကယ်လို့အဲဒီလို ဗဟုသုတမျိုး မင့်မှာ ရှိနေမယ်ဆိုရင် ကျွန်တော့် အစ်ကိုကြီးပြန်လာ၍ အနံ့ရလိုက်လျှင် ကျွန်တော့်မှာ အိပ်ရာကပင်နိုးပြီး ပျော်သွားလေ့ရှိပါသည် ဆိုတာမျိုးကို ထည့်ပြီးရေးလိုက်နိုင်တာပေါ့"

"ဟုတ်တယ်နော်- ကျွန်တော်လဲ အဲဒီလို ဗဟုသုတမျိုး သိပ်ရှိချင်တာပဲ"

"ရှိချင်ရင် 'ရှိလာမှာပေါ့ကွ။ ဗဟုသုတရှိချင်စိတ် တကယ်ရှိရင် စာဖတ်ရတယ်ကွ။ နောက်တော့ မင်းဖတ်ဖို့ စာအုပ်ကို ဘဘရှာပေးပါ့မယ်"

"ပေးနော်ဘဘ-ကျွန်တော် တကယ်ဖတ်မယ်"



"အေး-ပေးပါ့မယ်ကွာ။ ကဲ-နောက်တစ်ပတ်အတွက် စာစီစာကုံး ရွေးလိုက်ကြဦးစို့"

"ဟုတ်ပြီ ဘဘ-ဘာအကြောင်းရေးရမလဲ"

"ဒီတစ်ပတ်လဲ စိတ်ကူးစိတ်သန်းစာစီစာကုံး ကလေး တစ်ခု ထပ်ပြီးရေးလိုက်ကြဦးစို့ကွာ"

"ရေးမယ် ဘဘ-ဘာအကြောင်းကိုရေးရမလဲ"

"မင့် စာစီစာကုံးထဲမှာ ရန်လုံက ကြောင်တွေကို လိုက်ပြီးကိုက်တယ်လို့ပါတယ်ကွ။ ကြောင်တွေကလဲ ရန်လုံကို တော့ အမြင်ကတ်မှာပဲကွ"

"ဟုတ်တယ် ဘဘ- အမြင်ကတ်မှာဘဲ"

"အဲဒီအထဲမှာ ရန်လုံပိုပြီး အမြင်ကကတ်တဲ့ကြောင် ပါသေးလားကွ"

"ပါတယ် ဘဘ-ဟိုနက်ကြုတ်ဆိုတဲ့အကောင်ပဲ။ ကျွန်တော်လဲသိပ်ကိုအမြင်ကတ်တာဘဲ။ ကျွန်တော်တို့အိမ်နဲ့ တစ်အိမ်ကျော်က အကောင်။ သိပ်ကိုလည်တဲ့အကောင်။ ကျွန်တော်လဲမြင်လိုက်ရင် လိုက်ရိုက်တာပဲ။ ရန်လုံကလဲ မြင်လိုက်ရင် အတင်းပြေးလိုက်တာပဲ"

"အဲဒီတော့ မင့်ကိုယ်မင်း 'နက်ကြုတ်' နေရာက စိတ်ကူးပြီး ရေးပေတော့ကွာ"

ငနဲ ကလေးခဏလောက်တော့ ငိုင်သွားပါသည်။ ပြီးမှ-

www.burmeseclassic.com

www.burmeseclassic.com



"သူကလဲ ရန်လုံကိုရော၊ ကျွန်တော့်ကိုရော မုန်းမှာပဲ ထင်တယ်နော်"

"အေးလေ–အဲဒါ မင့်ဘာသာ သူ့နေရာကိုဝင်ပြီးစဉ်းစား ကြည့်ပေါ့ကွ၊ မင်းက သူ့ကိုမြင်လိုက်တိုင်း လိုက်ပြီးရိုက်၊ ရန်လုံကလဲ မြင်လိုက်ရင် လိုက်ပြီးကိုက်နေတဲ့ ဥစ္စာ၊ မင်းတို့ကို ချစ်နိုင်ပါ့မလားကွ"

သူက ရယ်မောလိုက်လျက်–

"ဒါကတော့ သူက ခိုးတာကိုး ဘဘရဲ့"

"အေးလေဟုတ်ပါတယ်။ ဒါက မင့်ဘက်ကပြောနေ တာကိုးကွ။ သူကတော့ ခိုးတာလို့သိချင်မှသိမှာပေါ့။ အစာ ရှာစားတာပဲ။ ကြွက်ကလေးတွေ၊ ငှက်ကလေးတွေကို တွေ့ရင်လဲချောင်းခုပ်ပြီးသတ်စားမှာပဲမဟုတ်လား။ သူ့ဘက်ကအတွေးကိုရအောင် စိတ်ကူးပြီး စဉ်းစားကြည့် ပေါ့ကွာ။ ရန်လုံကသာ မင့်ကိုချစ်လို့ အစ်ကိုကြီးလို့ တွေးတာကို။ နက်ကြုတ်ကတော့ မင့်ကို 'ဟိုအကောင်ကြီး' လို့တွေးပြီး ဆဲချင် ဆဲနေမှာပေါ့ကွ"

သူက ဟက်ဟက်ပက်ပက် ရယ်လိုက်ပါသည်။

"ဟုတ်ပြီ ဘဘ–ကျွန်တော် နက်ကြုတ်နေရာက တွေးပြီး သေသေချာချာ ရေးလာခဲ့မယ်"



ကျွန်တော်က နောက်တစ်ဆင့်မြှင့်ပေးလိုက်သည်ကို လိုလိုချင်ချင် လိုက်ပါလာသည့်အတွက် ကျွန်တော်လည်း ဝမ်းမြောက်သွားမိပါသည်။

အောင်သင်း

(ရှင်ခွင်သစ်၊ အောက်တိုဘာ၊ ၉၃)

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏မြေးတပည့်ကလေး ဇော်ခိုင်မိုးအား သူ့ပတ်ဝန်းကျင်၊ သူ့ကိုယ်တွေ့ကလေးများကိုပြန်ပြီးရေးပြတတ်အောင်လေ့ကျင့်ပေးခဲ့ပါသည်။ ထိုမှနောက်တစ်ဆင့်တက်ပြီး သူ့အချစ်တော်မွေးကလေး ရန်လုံ၏ ခံစားမှုကို စိတ်ဝင်စားစေပြီး ရန်လုံ၏ အနေနှင့် စိတ်ကူး စာစီစာကုံးတို့ကို အရေးခိုင်းခဲ့ပါသည်။ သူ့အသက်သူ့အရွယ်နှင့် စာလိုက်မည်ဆိုလျှင် မဆိုးသည်သာမက အတန်အသင့် ကောင်းပါပေသည်ဟု ဆိုနိုင်လောက်သော စာစီစာကုံးကလေးများ ဖြစ်လာခဲ့ပါသည်။

ထိုသို့သော အဆင့်မျိုးတိုင်အောင်ရောက်လာခဲ့သည့်အတွက် ကျွန်တော်လည်း ဝမ်းမြောက်ခြင်းဖြစ်မိပါသည်။ ဝမ်းမြောက်မိသည်မှာ လူကလေး ဇော်ခိုင်မိုး တိုးတက်လာသည့်အတွက်ကြောင့်မျှသာ မဟုတ်ပါ၊ ကျွန်တော်၏စမ်းသပ်မှုအတော် အတန်အောင်မြင်လာသည့် အတွက်ကြောင့်လည်း ဖြစ်ပါသည်။

ပထမပိုင်းဆောင်းပါးများတွင် ကျွန်တော်ရေးသားဝန်ခံ



ခဲ့ဖူးသည့်အတိုင်း ကလေးငယ်များအား မြန်မာစာသင်ကြားပေးသည့်အတွေ့အကြုံ ကျွန်တော့်မှာမရှိပါ။ မလွဲသာ မရှောင်သာ၍ သင်ပေးနေရသည့်တိုင် ကျွန်တော့်မှာ (ကိုယ်မပိုင်သောကိစ္စဖြစ်၍) စမ်းတဝါးဝါးနှင့် တထိတ်ထိတ် စခန်းသွားခဲ့ရခြင်းဖြစ်ပါသည်။ စိတ်ကူးပေါက်ရာ လက်တည့်စမ်းရင်း ကြက်ကန်းဆန်အိုးတိုးမိသလို အဆင်ပြေသွားသောကြောင့်လည်းဖြစ်ပါသည်။ ထို့ပြင်ကလေးငယ်အား သူ့ပင်ကို အားထုတ်မှုကို ယုံစားသည့်စိတ် ဝင်သွားအောင်လုပ်ပေးလိုက်နိုင်ခြင်းမှာကား တကယ့်အမြတ်ဟု ယူဆလိုက်မိသောကြောင့် ပို၍ပင် ဝမ်းသာမိရိုးအမှန် ဖြစ်ပါသည်။

ရန်လုံ၏ဘက်ကလှမ်းပြီး စိတ်ကူးတွေးတောသော စာစီစာကုံးကို အရေးခိုင်းလိုက်ပြီးသည့်နောက် ရန်လုံကလည်းလိုက်ကိုက်၊ ဇော်ခိုင်မိုးကလည်း မြင်တိုင်းလိုက်ပြီးရိုက်သော (ဆိုကြပါစို့) ကြောင်သူခိုး 'နက်ကြုတ်' ဘက်က တွေးပြီးရေးလာခဲ့ရန် စေခိုင်းလိုက်ပါသည်။ သူလည်း ကြိုးစားပမ်းစား ရေးလာခဲ့ပါသည်။ သူ့ဘာသာသူလည်း ကျေနပ်ပျော်ရွှင်နေပုံရပါသည်။ သူ့စာစီစာကုံးကို ဖတ်ကြည့်လိုက်ပါသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



## “ကျွန်တော် ဘိုနက်ကြွက်”

ကျွန်တော့်ကို ကျွန်တော်တို့အိမ်ကလူကြီးများက နက်ကြွက်ဟုခေါ်ပါသည်။ တစ်အိမ်လုံးတွင် မမစိန်က ကျွန်တော့်ကို အချစ်ဆုံးဖြစ်ပါသည်။ ကျွန်တော့်ကို ထမင်းနှင့် အသားဟင်းများကိုနယ်ပြီးကျွေးလေ့ရှိပါသည်။ ကျွန်တော်က အိမ်မှာချည်းမနေချင်ပါ၊ အလွန်ပျင်းပါသည်။ ထို့ကြောင့် ကျွန်တော်က အိမ်လည်တတ်ပါသည်။ ထိုကဲ့သို့အိမ်လည်ရာတွင် တစ်ခါတစ်လေ အသားစိမ်း၊ ငါးစိမ်းများကို စားရတတ်ပါသည်။ မမစိန်က အသားဟင်းကိုသာ ကျွေးပါသည်။ အသားစိမ်းငါးစိမ်းကိုမကျွေးပါ။ ငါးအစိမ်းကိုစားရသည်မှာ အလွန်အရသာရှိပါသည်။ ထို့ကြောင့် အိမ်လည်ရင်း သားငါးအစိမ်းကိုတွေ့လိုက်လျှင် ကျွန်တော်မနေနိုင်တော့ပါ။ စားရအောင် အတင်းယူပါသည်။ ကျွန်တော်တို့အိမ်နှင့် နှစ်အိမ်ကျော်လောက်တွင် အိမ်တစ်အိမ် ရှိပါသည်။ ထိုအိမ်ရှိ ရန်လုံဆိုသော ခွေးမှာ ကျွန်တော်၏ ရန်သူတော်ကြီး ဖြစ်ပါသည်။ ကျွန်တော်က သူတို့အိမ်က ငါးတစ်ကောင်ကိုဆွဲပြေးဖူးပါသည်။ သို့သော် ကျွန်တော့်ကိုမီအောင်မလိုက်နိုင်ပါ။ ယခုတော့ ရန်လုံက ကျွန်တော့်ကိုမြင်လိုက်လျှင် အတင်းပြေးလိုက်ပါသည်။ ကျွန်တော်က နီးရာသစ်ပင်ပေါ်ပြေးတက်ပါသည်။ သူဘာမျှမတတ်နိုင်ပါ။ အောက်ကနေပြီး ဟောင်နေတတ်ပါသည်။ ရန်လုံထက်ပိုပြီးမုန်းစရာကောင်းသူမှာ သူ့အစ်ကိုကြီး ဇော်ခိုင်မိုးဆိုသော အကောင်ကြီး ဖြစ်ပါသည်။ သူ့ကိုတော့



ကျွန်တော်လည်း ကြောက်ပါသည်။ သူကရန်လုံလို မပြေးနိုင်ပါ။ သို့သော် တံမြက်စည်းတွေ၊ တုတ်တွေနှင့် လှမ်းပစ်တတ်ပါသည်။ များသောအားဖြင့် ကျွန်တော့်ကိုမမှန်ပါ။ နှစ်ခါလောက်တော့ ကျွန်တော်ခံလိုက်ရပါသည်။ တစ်ခါမှာ ကျွန်တော့်ခေါင်းကို ထိသွားသောကြောင့် အတော်လေးနာသွားပါသည်။ တစ်ခါမှာတော့ တံမြက်စည်းကိုထိုးပြီး ပစ်လိုက်ရာ နံဘေးကို ထိပ်နှင့် မှန်လိုက်သောကြောင့် နည်းနည်းအောင့်သွားပါသည်။ ထိုအခါမျိုးတွင် အဲသည်အကောင်ကြီးက သိပ်ပျော်သွားပုံရပါသည်။ ကျွန်တော့်စိတ်တွင် သူ့၏မျက်နှာကို လက်သည်းနှင့် ကုပ်ဖဲ့ပစ်လိုက်ချင်ပါသည်။ သူ့ကိုပိုပြီးမုန်းသည့် အချက်တစ်ခု ရှိပါသေးသည်။ တစ်ခါက သူကျောင်းကပြန်လာစဉ် လမ်းတွင်သူနှင့်တွေ့ပါသည်။ သူတို့အိမ်ထဲတွင်လည်းမဟုတ်ပဲနှင့် ကျွန်တော့်ကိုခဲနှင့်ကောက်ပစ်လိုက်ပါသည်။ ကျွန်တော်က သူ့ကိုမမြင်မိပါ။ အေးအေးဆေးဆေးလမ်းလျှောက်သွားနေစဉ်ဖြစ်ပါသည်။ သို့သော်ကျွန်တော့်ကိုမထိပါ။ မြေကြီးကိုလာမှန်သဖြင့် အလန့်တကြားမော့ကြည့်လိုက်တော့ ထို ဇော်ခိုင်မိုးဆိုသည့်အကောင်ဖြစ်နေပါသည်။ သူကနောက်ထပ် ခဲကောက်နေစဉ် ကျွန်တော်က နီးရာခြံစည်းရိုးတစ်ခုအောက်ဝင်ပြီး ထွက်ပြေးခဲ့ရပါသည်။ ကျွန်တော့်ကို တွေ့ရာနေရာတွင် ရန်ရှာသောကြောင့်၊ ကျွန်တော်ကလည်း သူ့ကို အလွန်မုန်းပါသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



"မဆိုးပါဘူးကွ၊ ခေါင်းစဉ်ကလဲအကောင်းသားပဲ။ 'ကျွန်တော့်ဗိုနက်ကြွတ်' ဆိုတော့ခေါင်းစဉ်ကိုမြင်လိုက် တာနဲ့ပဲ ဖတ်ချင်စရာ ဖြစ်သွားတာပေါ့"

သူကြီးစားပမ်းစားရှာကြံလာလိုက်သည့် ခေါင်းစဉ်ကို ကျွန်တော်က ချီးကျူးလိုက်သည့်အတွက် အတော်လေးပီတိဖြစ်သွားပုံ ရပါသည်။

"မမစိန်ဆိုတာက ဘယ်သူလဲကွ။"

"အဲဒီအိမ်က လူကြီးတွေနဲ့ အမျိုးလဲတော်တယ်လို့ ပြောတယ်။ အိမ်ဖော် သဘောမျိုးပဲ ဆိုပါတော့"

"သူက နက်ကြွတ်ကိုချစ်သလား"

"ချစ်တယ်ခင်ဗျ။ နက်ကြွတ်ကို အစာကျွေးဖို့ခေါ်တာကို နှစ်ခါသုံးခါလောက် ကျွန်တော်တွေ့ဖူးတယ်"

"ကျောင်းကအပြန် လမ်းမှာတွေ့တော့ မင်းကခဲနဲ့ပစ်လိုက်တယ်ဆိုတာက တကယ်ပစ်ခဲ့တာလား"

သူက ရယ်ပါသည်။ ပြီးမှ–

"ဟုတ်တယ်ခင်ဗျ။ သူကသိပ်လျင်တဲ့အကောင်။ ဘယ်တော့မှမမီအောင်လိုက်လို့မရဘူး။ အဲဒီတစ်ခါမှာတော့ သူ့ကိုလှမ်းမြင်တာနဲ့ အသာလေးခဲကိုကောက်ပြီး အပိုင်ထုလိုက်တာ မကြီးသွားမှန်တော့ သူလဲလန့်ခုန်ပြီးဝင်ပြေးတာပဲ" ပြောပြီးနောက် သူကဆက်ရယ်နေပြန်ပါသည်။ လူငယ်ကျောင်းသားငယ်များဘဝတွင် ဤသို့သောအဖြစ်မျိုးကလေး



တွေကို ကြုံတတ်ရမြဲဖြစ်ပါသည်၊ အထူးသဖြင့်ကိုတ်ဆော့ မလိုလို လုပ်သောခွေးများ၊ ခိုးစားတတ်သောကြောင်များနှင့် ကျောင်းသား ကလေးငယ်များမှာ တစ်ဖက်နှင့် တစ်ဖက် အကျိတ်အခဲ ရှိနေ တတ်ကြသည်ဟုထင်ပါသည်။ ကိုယ့်ငယ်စဉ်ဘဝကိုသေချာ ပြန်ပြီး တွေးလိုက်ပြန်တော့လည်း ထိုသို့သော အကျိတ်အခဲ ရှိခဲ့ဖူးသည်ကို ပြန်ပြီးသတိရမိသောကြောင့် ကျွန်တော်ပါ ရောပြီး ပြုံးလိုက်မိပြန်ပါသည်။

"မင့် စာစီစာကုံးအတော်လေးကောင်းလာပါပြီကွာ။ ဒီလောက်ဆိုရင် မင့်အသက်နဲ့ မင့်အတန်းနဲ့ဆိုရင် စာစီစာကုံးရေးတတ်တယ်လို့ပြောနိုင်ပါပြီ။ ဒီလောက်ဆိုရင် မတော်လောက်သေးဘူးလား"

သူ့ကိုကြည့်လိုက်တော့ နည်းနည်းမျက်နှာပျက်သွားပါသည်။ ဘာမျှတော့မပြောဝံ့ပါ။ ဘယ်လိုပြောရမည်ကိုလည်း မသိဖြစ်နေပုံရပါသည်။ ထို့ကြောင့်ကျွန်တော်ကပင်ဆက်၍–

"မင်းက ဆက်ပြီး ရေးချင်သေးသလား"

သူ့မျက်နှာကလေး ဝင်းသွားသည်ကို သတိထားလိုက်မိပါသည်။

"ရေးချင်တယ် ဘဘ၊ ဘဘနဲ့ စာစီစာကုံးတွေကို ရေးရတာ သိပ်ပျော်စရာကောင်းတာပဲ။ ကျောင်းမှာရေးရတာက ပျော်စရာ မကောင်းဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းမှာရေးရတာကတော့ အများနဲ့ကိုးကွယ့်။ နောက်ပြီးသင်ရိုးညွှန်းတမ်းတို့၊ စာမေးပွဲမေးခွန်းတို့ဆိုတာတွေနဲ့လဲ ကိုက်ညီအောင် သင်ကြရသေးတယ် မဟုတ်လား"

"ဒါဖြင့် ကျွန်တော်ဆက်ပြီးရေးခဲ့ဦးမယ်။ ဘာအကြောင်းကို ရေးခဲ့ရမလဲ ဘဘ"

"ဒီတစ်ခါတော့ အကြောင်းအရာကိုပြောင်းလိုက်ကြဦးစို့ကွာ။ နေဦး- မင်းတို့အိမ်ရှေ့မှာ သရက်ပင်ကြီးတစ်ပင်ရှိတယ် မဟုတ်လား"

"ရှိတယ် ဘဘ"

"ဘာသရက်မျိုးလဲကွ"

"စိုင် သရက်မျိုးလို့ မေမေကပြောတယ် ဘဘ"

"စားလို့ကောင်းလားကွ"

"မချစ်စု တို့လိုတော့ မကောင်းလှဘူး၊ ဒါပေမယ့် ချိုတော့ချိုတာဘဲ၊ အနံ့ကတော့ သိပ်မမွှေးလှဘူး"

"အသီးကော တော်တော်များများ သီးသလား"

"ဒီနှစ်တော့ အတော်များများကို သီးတယ်။ ဟိုဘက်နှစ်က နည်းနည်းလေးပဲသီးတယ်။ အရင်က အပင်သာကြီးလာတယ် တစ်လုံးနှစ်လုံးလောက်ပဲ သီးတယ်။ အသီးများလာတာကတော့ မေမေ့ကြောင့်လို့ထင်ထာပဲ"

"ဟေ-ဟုတ်လား။ မေမေကဘာလုပ်ပေးလို့လဲ"

"မေမေကအဲဒီသရက်ပင်မှာ သစ်ခွတွေအများကြီးတင်ထားတယ်။ သူ့သစ်ခွပန်းတွေပွင့်အောင် မေမေကရေပန်းနဲ့တအားကိုလောင်းပေးတာပဲ။ အဲဒီနှစ်မှာစပြီး အတော်များများ



ကြီးသီးလာတာပဲ။ ဖေဖေကတော်င် သစ်ခွပန်းတွေကို ရေလောင်းတာ သရက်ပင်က သူ့ကိုရေလောင်းပေးတယ်ထင်ပြီး ဝမ်းသာအားရ သီးတာနဲ့တူတယ်ကွ လို့ပြောပြီးရယ်နေသေးတယ်"

"အေးပေါ့ကွ။ ရေလောင်းကောင်းတာလဲပါမှာပေါ့။ နေပါဦး၊ အဲဒီသရက်ပင်က မင်းတို့ခြံထဲမှာလား၊ ခြံပြင်မှာလား"

"ခြံအပြင်မှာပဲ။ ဒါပေမယ့် ကျွန်တော်တို့ သရက်ပင်ဆိုတာ အကုန်လုံးသိနေကြတာပါပဲ"

"ကောင်လေးတွေဘာတွေ လာပြီး သရက်ပင်ကို ခဲနဲ့ဘာနဲ့ ပစ်ပြီး မစားကြဘူးလား"

"တစ်ခါတစ်လေ လာပြီးပစ်တယ်"

"အဲဒီကျရင် မင့်မေမေက ထွက်ပြီးအော်တာပဲလား"

"မေမေက မအော်ဘူး။ မပစ်ကြနဲ့၊ သရက်သီးကို နမြောလို့မဟုတ်ဘူး၊ သစ်ခွပင်တွေကိုထိမှာစိုးလို့ပါ။ မင်းတို့လိုချင်ရင် အန်တီခူးပေးမယ်ဆိုပြီး ဝါးလုံးနဲ့ နှစ်လုံးသုံးလုံး ခူးပေးလိုက်တယ်။ နောက်ကိုလိုချင်ရင် အန်တီ့ကိုပြောနော်၊ ခဲနဲ့မပစ်ကြနဲ့ လို့လဲ ပြောလိုက်သေးတယ်"

"နောက်ကော လာပြီးတောင်းသေးလား"

"ဟင့်အင်း မတောင်းကြတော့ဘူး၊ လာလဲမပစ်ကြတော့ဘူး၊ ဒါတောင်မေမေက တစ်ခါတလေ သရက်သီးခူးပြီးသားရှိရင် သူတို့ကို လှမ်းခေါ်ပြီး ပေးပါသေးတယ်"

"အဲဒါ မင့်မေမေ လိမ္မာတာပေါ့ကွ"

အမှန်ပင် သူ့မိခင်၏ လိမ္မာပုံကို စိတ်ထဲကချီးကျူး

www.burmeseclassic.com



လိုက်မိပါသည်။ ထိုနောက်ဆက်၍ “မင်းတို့သရက်ပင်က အရိပ်ကောင်းသလား”

“အရိပ်ကောင်းတယ်၊ ကျွန်တော်တို့ဆို အဲဒီသစ်ပင်ရိပ်မှာ ကစားကြတာပဲ။ နောက်ပြီး ဖေဖေက သစ်ပင်ရင်းနားမှာ ထိုင်ခုံကလေးတစ်ခု လုပ်ပေးထားတယ်”

“အေးပေါ့ကွ၊ ညနေခင်းတို့ဘာတို့ဆိုရင် အလွန်ထိုင်လို့ကောင်းတာပေါ့။ ကဲကွာ။ အဲဒီသရက်ပင်အကြောင်းကို မင်း စာစီစာကုံးရေးခဲ့ကွာ၊ ရေးနိုင်ပါ့မလား”

“ရေးနိုင်တယ် ဘဘ၊ ကျွန်တော်ရေးချင်တာတွေ အကုန်ထည့်ပြီး ရေးပစ်လိုက်မယ်နော်”

“ရေးခဲ့ပျား၊ ရေးချင်တာ အကုန်သာထည့်ပြီးရေးခဲ့”

**အောင်သင်း**

***(ရှင်ခွင်သစ်၊ နိုဝင်ဘာ၊ ၉၃)***



ကျွန်တော်၏ တပည့်ပေါက်စကလေး ဖော်ခိုင်မိုးအား တွေတွေ့ရှာရှာ ကတ်သီးကတ်သတ် စာစီစာကုံးကလေးများကို အရေးခိုင်းလေ့ရှိကြောင်း စာဖတ်သူများသိနေကြပြီးဖြစ်ပါသည်။ ယခုလည်း သူတို့အိမ်ရှေ့က သရက်ပင်အကြောင်းကို စာစီစာကုံး အရေးခိုင်းလိုက်ပါသည်။

* * * * *

## ကျွန်တော်တို့ သရက်ပင်

ကျွန်တော်တို့အိမ်ရှေ့တွင် သရက်ပင်တစ်ပင်ရှိပါသည်။ အတော်မြင့်ပါသည်။ ကျွန်တော်တို့အိမ်ထက် မြင့်ပါသည်။ ကျွန်တော်တို့ ဤအိမ်ကိုပြောင်းလာကတည်းက ရှိနေခြင်း ဖြစ်ပါသည်။ ထိုအခါ အပင်သိပ်မမြင့်သေးပါ။ ကျွန်တော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ထိုသရက်ပင် ခွဆုံထိအောင် တက်နိုင်ပါသေးသည်။ ယခုတော့ မတက်နိုင်တော့ပါ။ သရက်ပင်ကလည်း မြင့်လာပါသည်။ ထို့ပြင် မေမေက သရက်ပင်တွင် သစ်ခွပင်တွေကို တင်ထားလိုက်သောကြောင့် တက်လို့မရတော့ပါ။ မေမေက သူ့သစ်ခွပန်းပင်တွေကို လုံးဝအထိမခံပါ။ သရက်ပင်က အပင်ကြီးလာသော်လည်း တစ်လုံးမျှ မသီးခဲ့ပါ။ မေမေကတော့ သရက်ရွက် ဝါဝါနုနုကလေး များကို ခူးပြီး ပြုတ်ပြီး တို့စားတတ်ပါသည်။ မေမေကသူ့ သစ်ခွပင်တွေကို တင်လိုက်သောအခါ သစ်ခွပင်တွေကို ရေအများကြီးလောင်းပါသည်။ ရေပိုက်နှင့် လှမ်းပြီး ပက်ရခြင်းဖြစ်သောကြောင့် ကျွန်တော်ကလည်း ကူပြီးပက်ပေးပါသည်။ ထိုနှစ်ဦးပင်လျှင် အဖူးတွေ အများကြီး ထွက်လာပါသည်။ ခါတိုင်းနှစ်လည်း အဖူးတော့ထွက်ပါသည်။ သို့သော် အသီးမသီးပါ။ ထိုနှစ်တွင်တော့ အသီးတွေ ပြွတ်နေအောင်သီးပါသည်။ အသီး ငယ်ငယ်ကလေးတွေ ကြွေလျှင် ငါးပိရည်နှင့် တို့ပြီး စားကြပါသည်။ အသီးတွေ ကြီးလာသောအခါ သရက်ကိုင်းတွေပင် ညွတ်လာပါသည်။ ကျွန်တော်တို့အိမ်ဘက်သို့ထွက်နေသောကိုင်းမှာ အောက်ဘက်သို့ ညွတ်လွန်းအားကြီးလာသောကြောင့် ကျွန်တော်တို့ လက်နှင့် ခုန်ပြီးပုတ်လျှင် ထိပါသည်။ ဖေဖေကလည်း သရက်ပင် အသီးတွေပြွတ်နေပုံကိုကြည့်ပြီး အံ့သြပါသည်။ သစ်ခွပင်ကို ရေနိုင်နိုင်ကြီးလောင်းပေးတာကို သူ့ကို့ရေလောင်း ပေးတယ်ထင်လို့ သရက်ပင်က ဝမ်းမြောက်ဝမ်းသာ သီးလိုက်တာ ထင်ပါရဲ့ဟု ပြောပြီးရယ်ပါသည်။ ကျွန်တော်



တို့သရက်ပင်မှာ အိမ်ရှေ့ခြံစည်းရိုးပြင်ဘက်တွင် ပေါက်နေသောကြောင့် တစ်ခါတစ်ရံ အချိုကောင်လေးများ ကလာပြီး ခုတ်တွေခဲတွေနှင့် ပစ်တတ်ကြပါသည်။ ထိုအခါ မေမေက လူလေးတို့ရယ် မပစ်ကြပါနဲ့၊ အိမ်ကမှန်တံခါးတွေကို ထိမှာစိုးလို့ပါ၊ အန့်တီ သစ်ခွပင်တွေကို ထိကုန်မှာစိုးလို့ပါ စသည်ဖြင့် ပြောပြပါသည်။ ထို့နောက် မေမေကိုယ်တိုင် သရက်သီးတစ်လုံးနှစ်လုံးကို ဝါးလုံးနှင့်ခူးပေးပါသည်။ ထို့ကြောင့် သရက်ပင်ကိုလာပြီးမပစ် ကြတော့ပါ။ မေမေက သရက်သီးကို သိပ်မနှမြောပါ။ သူ့သစ်ခွပန်းကလေးတွေပွင့်လာလျှင် မျက်နှာပင်မသစ်နိုင်သေးဘဲ သူ့သစ်ခွပန်းကလေးတွေကို သွားပြီးကြည့်တတ်ပါသည်။ တစ်ခါတွင် သစ်ခွပန်းကလေး တစ်ခက် ပျောက်သွားပါသည်။ မေမေသိပ်နှမြောသွားပြီး ပြောလို့မဆုံးတော့ပါ။ ဖေဖေကတော့ သစ်ခွပန်းက လှလွန်းသောကြောင့် မိန်းကလေး တစ်ယောက်ယောက် ခူးပန်သွားတာဖြစ်မည်ဟု ပြောပါသည်။ ကျွန်တော်တို့ သရက်ပင်ကအရိပ်ကောင်းပါသည်။ အပင်ခြေရင်းတွင် ထိုင်ခုံကလေးတစ်ခု ဖေဖေကလုပ်ပေးထား သောကြောင့် ကျွန်တော်တို့လည်း ထိုင်စရာရပါသည်။ ကျွန်တော် လည်းတစ်ခါတစ်ရံ ထိုထိုင်ခုံကလေးတွင်ထိုင်ပြီး စာကျက်ပါသည်။ သစ်ရွက်ကြွေချိန်တွင်တော့အမှိုက်လှည်းကြရပါသည်။ ဖေဖေကတော့ ရွက်ခြောက်တွေကို ပုံပြီးမီးရှို့ပါသည်။ ကျွန်တော့်စာကြည့်စားပွဲက ကြည့်လိုက်လျှင် အမြဲမြင်နေရသောကြောင့် သရက်ပင်ကြီးကို ကျွန်တော်ချစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



* * * * *

"မင့်စာစီစာကုံးက မဆိုးပါဘူးကွ။ ဒါပေမယ့် မင့်ကို အရင်တစ်ခါ ပြောထားဖူးသားပဲ။ မင်းကစာပိုဒ်ကို ခွဲမှမခွဲပဲ ကိုး ကွ"

"ဟာ-ဟုတ်တယ်။ ကျွန်တော်အဲဒါကို မေ့မေ့နေတယ်"

"မင့်စာစီစာကုံးကို ပြန်ပြီး ကြည့်စမ်း။ ဘယ်နေရာတွေမှာ စာပိုဒ်တွေကို ခွဲရင် ကောင်းမယ် ထင်သလဲ"

သူ့စာစီစာကုံးကိုပြန်ပြီးဖတ်နေပါသည်။ အတော်လေး ကြာမှ-ခဲတံနှင့် မျဉ်းစောင်းကလေးများခြစ်ထားသည့် တို့ကို ပြရင်း-

"ဘဘ-ပေဘာဒီမှာ မေမေကသူ့သစ်ခွပင်တွေကိုလုံးဝ အထိမခံပါ ဆိုပြီးစာပိုဒ်ခွဲလိုက်ရင်ကောင်းမယ်ထင်တယ်နော်။ နောက်ပြီး သရက်သီးတွေပြွတ်နေအောင်သီးလို့ ဖေဖေကပြောပြီး တဲ့နောက်မှာ ခွဲရင်ကောင်းမှာပဲ"

ဤသို့အားဖြင့် စာပိုဒ် (၅) ပိုဒ်ခွဲပြထားပါသည်။ သူခွဲလိုက်ပုံကလေးမှာလည်း သင့်လျော်သောကြောင့်-

"အေး-အဲဒီအတိုင်း စာပိုဒ်ခွဲပြီးအသစ်ပြန်ရေးရမယ်။ နောက်ပြီး မင့်ဖေဖေ ပြောတဲ့စကားတွေကို သူ့ပြောစကားအတိုင်း ထည့်ပြီး ရေးထားတာမဟုတ်လား။ အဲဒါမျိုးဆိုရင် မျက်တောင်



အဖွင့်အပိတ်နဲ့ ပြရတယ်။ မျက်တောင်ဆိုတာကော သိတယ် မဟုတ်လား"

ခဏလောက် စဉ်းစားလိုက်ပြီးမှ-

"အော် သိပြီ-ဟို ကော်မာ..."

"အေး-အဲဒါပေါ့ကွ။ အင်္ဂလိပ်လိုတော့ 'အင်ဗာ့တက်ကော်မာ' လို့ခေါ်ကြတယ်။ မြန်မာလိုတော့ မျက်တောင်ဖွင့်၊ မျက်တောင်ပိတ်လို့ ခေါ်ကြတယ်"

"ဟုတ်တယ်-နောက်ဆိုရင် အဲဒီစာပိုဒ်ခွဲတာနဲ့ မျက်တောင်ထည့်တာကို ကျွန်တော် သေချာ မှတ်မှတ်ရရ လုပ်ခဲ့မယ်"

"နောက်ပြီးမင့်မေမေက သရက်သီးလာပစ်တဲ့ ကောင်လေးတွေကို ပြောပြတဲ့စကားကိုလဲ မျက်တောင်ထဲသွင်းပြီး ပြရင် ပိုကောင်းတာပေါ့"

"ဟုတ်ကဲ့ ဘဘ"

"မင်းတို့ကျောင်းမှာကော စာစီစာကုံးအရေးခိုင်းသေးသလား"

"အရေးခိုင်းသေးတယ်ဘဘ၊ ဒါပေမယ့် ဘဘခိုင်းတာမျိုး မဟုတ်ဘူး။ ဟိုလေ-ဟို-ရေးဖို့အကြောင်းတွေကိုပြောပေးတယ်။ နောက်ပြီး ခေါ်ပေးတာကို လိုက်ပြီးရေးရတယ်။ နောက်ပြီး ရေးရတာတွေက 'ကျွန်တော်တို့ကျောင်း' တို့၊ 'ပညာရဲရင့် ပွဲလယ်တင့်' တို့၊ အဲလို အဲလိုဟာမျိုးတွေပဲ။ ရေးရမှာတွေကို

www.burmeseclassic.com

www.burmeseclassic.com



ဆရာမက ခေါ်ပေးထားတယ်။ စာမေးပွဲအတွက် သုံးလေးပုဒ် လောက်ခေါ်ပေးထားတော့ အဲဒါကိုကျက်လိုက်ရုံပဲ။ သိပ်လွယ်တာပဲ။ ဘဘခိုင်းတာလောက်မခက်ဘူး။ ဒါပေမယ့် ဘဘနဲ့ ရေးရတာက ပိုပြီး ပျော်စရာကောင်းတယ်"

ကျွန်တော် သူ့ကို ဘာမှ ပြန်မပြောလိုက်တော့ပါ။

"ကဲကွာ– ငါတို့ နောက်တစ်ပုဒ်ရေးစမ်း ကြည့်လိုက်ကြဦးစို့။"

"ရေးမယ် ဘဘ၊ ဘာအကြောင်းကို ရေးရမလဲ"

"အဲဒီ မင်းတို့အိမ်ရှေ့က သရက်ပင်အကြောင်းကိုပဲ ထပ်ပြီးရေးလိုက်ကြဦးစို့ကွာ"

"ဟင်–ဘဘ အဲဒီသရက်ပင်အကြောင်းဆိုရင် ကျွန်တော် နောက်ထပ်ရေးစရာမရှိတော့ဘူး"

"ရှိပါသေးတယ်ကွ။ ဒီလိုလေကွာ။ ဟိုအရင် နက်ကြုတ် ဘက်ကနေပြီးရေးသလို သရက်ပင်ရဲ့ဘက်ကနေပြီးရေး ကြည့်စမ်းလကွာ"

သူရုတ်တရက်ငေးသွားလိုက်ပြီးနောက် ချက်ချင်းပင် သဘောပေါက်သွားကာ–

"သိပြီ ဘဘ၊ ကျွန်တော်ရေးတတ်ပြီ။ ဟို– သူကကျွန်တော့်ကို မြင်တာ တွေ့တာတွေ၊ ရေလောင်းပေးလို့ ပျော်တာတွေကိုပါ ရေးရမှာပေါ့နော်"



"ဒါပေါ့ကွ။ အဲဒါကို 'ရှုထောင့်' လို့ခေါ်တယ်ကွ။ မင်းတို့အိမ်ကို အိမ်ရှေ့က မြင်ရတာနဲ့ နောက်ဘက်ကမြင်ရတာ တူနိုင်ပါ့မလား"

"မတူဘူး ဘဘ"

"ဒီလိုပဲ ရှုထောင့်ပြောင်းရင် မြင်ကွင်းပြောင်းသွားတတ်တာ ပဲပေါ့။ ဒီလိုပဲလောကကြီး တစ်ခုလုံးမှာ သူ့ဘက်၊ ကိုယ့်ဘက်၊ ကိုယ့်ရှုထောင့်၊ သူ့ရှုထောင့် ဘယ်တူနိုင်ပါ့မလဲ။ ဟိုကြောင်ကလေး နက်ကြုတ်တုန်းကလိုပဲပေါ့။ မင်းဘက်ကနေကြည့်လိုက်ရင် ကြောင်သူခိုးပဲပေါ့။ သူ့ဘက်က နေကြည့်လိုက်ပြန်တော့လဲ မင်းဟာအလွန့်ကို ရန်လိုတတ်တဲ့ ကောင်လေး ဖြစ်နေပြန်တာပေါ့။ အဲဒါမျိုးတွေကို လှမ်းပြီး တွေးကြည့်တတ်ရမှာပေါ့"

"ဟုတ်တယ်နော် ဘဘ– အဲဒါမျိုးတွေကိုတွေးကြည့်ရတာ ပျော်ဖို့သိပ်ကောင်းတာပဲ"

"ပျော်စရာကောင်းတာတင်မဟုတ်သေးဘူး။ အဲဒီလိုကို တွေးကတတ်အောင် ကျင့်ယူကြရတယ်ကွ။ ဆိုကြပါစို့ကွာ၊ မင်းကသဲတွေဖုန်တွေအလူးလူးနဲ့ ဆော့ရကစားရတာကို သိပ်ပြီး ပျော်တယ်။ အဲဒါက မင်းရှုထောင့်ပေါ့။ ဒါပေမယ့် မင်းအမေက အဝတ်လျှော်ရတာ မသက်သာလို့ မင့်ကိုဆူမှာ ပေါ့ကွ။ အဲဒါက သူ့ရှုထောင့်ပေါ့"

သူက ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီးနောက်–

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဘဘ၊အဲဒါမျိုးခဏခဏဖြစ်တယ်။ ကျွန်တော်တို့ကလဲ သိပ်ကမြင်းတာပဲမဟုတ်လား။ တစ်ခါတလေ အကျီမှာ ဘာတွေပေလားမှန်းမသိဘူး။ စာတ်ဆီတွေဘာတွေနဲ့ကို ချွတ်ယူရတာ။ မေမေက သိပ်ဆူတာပဲ"

"အေးပေါ့ကွ။ ဘယ်နေရာမှာမဆို သူ့ဘက် ကိုယ့်ဘက် မျှမျှတတဖြစ်အောင် စဉ်းစားနိုင်ရင် အကောင်းဆုံးပဲပေါ့။ ကဲကဲ ခုလဲပဲ သရက်ပင်ကြီးအနေနဲ့ဆိုရင် မင့်ကိုဘယ်လိုမြင်မလဲ ဆိုတာကိုတွေးပြီး ရေးခဲ့ပေတော့ကွာ"

**အောင်သင်း**

***(ရင်ခွင်သစ်၊ ဒီဇင်ဘာ၊ ၉၃)***



တပည့်ပေါက်စ 'အောင်ခိုင်မိုး' အား သူတို့အိမ်ရှေ့က သရက်ပင်ကြီး အကြောင်းကို စာစီစာကုံးအရေးခိုင်းခဲ့ပါသည်။

ကလေးများကို စာစီစာကုံးအရေးခိုင်းသောအခါ ချက်ချင်း ဟိုဟာအကြောင်း ဒီဟာအကြောင်းစသည်ဖြင့်အရေးခိုင်းလျှင် သူတို့ခမျာမျာ၊မှာ အလွန်ဒုက္ခရောက်တတ်ကြပါသည်။ ကိုယ် အရေးခိုင်းချင်သည့် အကြောင်းအရာကို အရေးခိုင်းသည်ထက် သူတို့စိတ်ဝင်စားသောအကြောင်းအရာကို အရေးခိုင်းလိုက်လျှင် ပိုပြီးလွယ်ကူစွာ ရေးနိုင်ကြသည်ကို တွေ့ရတတ်ပါသည်။

သည်တော့ သူတို့နှင့် ထွေရာလေးပါးစကားပြောကြည့်ရပါသည်။ သူ့ပတ်ဝန်းကျင် သူ့လောကရှိ ထွေရာလေးပါးကိစ္စများကို စိတ်ပါဝင်စားစွာ ကိုယ်ကမေးကြည့်ရပါသည်။ ဤသို့မေးနေရင်းကပင် သူစိတ်ပါဝင်စားပုံရသော အကြောင်းကိစ္စကို အမှတ်မထင်တွေ့လာတတ်ပါသည်။ ထိုအခါမျိုးရောက်မှ ပိုမိုအသေးစိတ်ပြီး ထပ်မေးကြည့်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသား (ကလေးငယ်) ကိုယ်တိုင်ကလည်း သူစိတ်ဝင်စားသောအကြောင်းအရာဖြစ်နေလေသောကြောင့် သွက်လက်ချက်ချာစွာ ပြန်ပြီးဖြေနိုင်ကြသည်ကို တွေ့ရပါသည်။ အလွန်ရှက်တတ်၊ ကြောက်တတ်သော ကျောင်းသူမိန်းကလေးငယ်များသည်ပင်လျှင် ပိုမိုသွက်လက်လာကာ ရယ်ကာမောကာနှင့် ပြောဆိုလာတတ်ကြပါသည်။ ထိုအခါမျိုးကျမှ "ခုနက သမီးပြောပြတဲ့အကြောင်းကို စာစီစာကုံးရေးကြည့်စမ်းပါလား" ဟုဆိုလိုက်လျှင် ရုတ်တရက် အစပထမ၌ အူကြောင်ကြောင် ဖြစ်သွားတတ်ကြသော်လည်း နောက်ပိုင်းတွင် သွက်သွက်လက်လက် ရေးနိုင်လာကြသည်ချည်းပင် ဖြစ်ပါသည်။

နောက်ကျတော့ သူတို့နှင့် စကားပြောနေရင်းကပင် ကျွန်တော်က စာစီစာကုံးခေါင်းစဉ်ရှာနေပြီဖြစ်ကြောင်း သိနေကြသည့်အတိုင်း ဒီတစ်ခါဘာရေးရမည်လဲ ကို စိတ်အားထက်သန်စွာ စောင့်နေကြမြဲဖြစ်ပါသည်။

ကျွန်တော်၏ဆောင်းပါးများထဲတွင် ထည့်သွင်းဖော်ပြခြင်းမပြုခဲ့သော်လည်း ပထမဆုံးပြင်ဆင်သတိပေးခဲ့ရသည်မှာ သတ်ပုံများပင် ဖြစ်ပါသည်။ အလွန် အခြေခံကျသော သတ်ပုံကလေးများကိုပင် မှားလာတတ်ကြပါသည်။ ဤအချက်ကလေးများမှစပြီး ပြင်ပေးရပါသည်။ ထို့နောက်တွင်ကား ဝါကျတွင်းရှိ ကတ္တားအထားအသို၊ ဝိသေသနအထားအသို စသည်တို့ကိုပြင်ပေးရပါသည်။ ထို့နောက်တွင်ကား ရှေ့နောက်စကားအချိတ်အဆက်တို့ကို တည့်မတ်ပေးရပါသည်။ ဤအပိုင်းမှာ သိမ်မွေ့သည်ဖြစ်သောကြောင့် အထက်တန်းကျောင်းသား



များပင်လျှင် ဇဝေဇဝါ ဖြစ်တတ်ကြပါသည်။

ကျွန်တော်ကိုယ် ကျွန်တော် အထူးသတိပြုရသည်မှာ *'ကိုယ်ကသင်ပေးနေခြင်းမဟုတ်၊ သူသိတာကိုထွက်လာအောင် လမ်းဖောက်ပေးနေခြင်းဖြစ်သည်'* ဟူသောအချက်ကိုမမေ့ရန်မျှသာ ဖြစ်ပါသည်။

သူတို့နှင့် စကားစမြည်ပြောသောအခါတွင်လည်း သူ့ပတ်ဝန်းကျင်ရှိ မိဘ၊ သားချင်း မောင်နှမ စသည်တို့ပြင် အိမ်ရှိလူများ၊ သူနှင့်အနီးကပ်ဆုံးနေရသူများဆိုလျှင် ခွေးကလေး ကြောင်ကလေးကစပြီး စေ့စေ့စပ်စပ် မေးကြည့်ရပါသည်။ ထိုသို့သော သက်ရှိများကိုသာမက အိမ်ရှိသစ်ပင် ပန်းပင် ခြံစည်းရိုး စသည်တို့အကြောင်းကိုလည်း ကြုံလျှင်ကြုံသလို ထည့်သွင်း မေးမြန်းသွားရပါသည်။

ဤသို့မေးမြန်းလိုက်လျှင် သူတို့ကိုယ်တိုင်ကလည်း လိုလိုချင်ချင် ရယ်ကာမောကာ ပြောပြတတ်ပါသည်။ အမှန်ပြောရလျှင် ကျွန်တော်ကိုယ်တိုင်ကလည်း သူတို့တတွေနှင့် ဤသို့စပ်မိစပ်ရာ စကားပြောနေရသည်ကိုပင် ကျေနပ်နေမိသည်။ သူတို့ကလည်း စာစီစာကုံးအတွက်ပြောနေရသည်ဟု မထင်၊ ကျွန်တော်ကိုယ်တိုင်ကလည်း စာသင်ပေးနေသည် ဟုမထင်၊ စာသင်ခြင်းဆိုသည့်ကိစ္စကို ဆရာရော တပည့်ပါ အမေ့ကြီးမေ့နေကြတော့သည် ဟုသာ ဆိုလိုက်ရပါတော့မည်။

ထိုသို့ဖြစ်သောကြောင့်လားမသိ၊ သူတို့ကလေးတွေ၏ စိတ်ထဲတွင် ကျွန်တော့ကို 'ဆရာကြီး' ဟူသောအသိလုံးဝ ပျောက်သွားပြီး၊ သူတို့နှင့် ရင်းနှီးသော၊ သူတို့ပြောချင်တာကို

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးစွာပြောနိုင်သော 'ဘဘ' အဖြစ်သို့လုံးဝရောက်သွားသည်ကို တွေ့လိုက်ရပါတော့သည်။ ကျွန်တော် တကယ့်ကို ကြည်နူးမိပါသည်။ ကျွန်တော်၏ ဘဝမှာ နီဂုံးဘက်သို့နီးလာပြီ။ သူတို့က ဘဝနိဒါန်း။ သည်တော့ 'နိဂုံး'နှင့် 'နိဒါန်း' တို့ပြန်လည် ဆုံမိကြသောဘဝစက်ဝိုင်းကလေးပါကလား ဟူ၍ပင် ကြည်နူးခြင်းဖြစ်မိသည်မှာ အကြိမ်ကြိမ်ဖြစ်ပါသည်။

ယခုလည်း 'ဇော်ခိုင်မိုး'အား သူတို့အိမ်ရှေ့က (သူပြောပြသည့်) သရက်ပင်ကြီး အကြောင်းကို အရေးခိုင်းလိုက်ပါသည်။ ထိုသို့ရေးပြီးသည့်နောက် သရက်ပင်ကြီးအနေနှင့် စိတ်ကူးပြီးရေးရန် ခိုင်းလိုက်ပြန်ပါသည်။

ဤစိတ်ကူးကို ကျွန်တော့်ဉာဏ်စွမ်းနှင့် ကျွန်တော်ရသည် မဟုတ်ကြောင်း ဝန်ခံလိုပါသည်။ ကျွန်တော်ခပ်ငယ်ငယ် ဟိုစာ ဒီစာကလေး လက်လှမ်းမီရာလှမ်းပြီးဖတ်တတ်စတွင် 'ကြီးပွားရေးမဂ္ဂဇင်း' တွင်လားမသိ (သိပ္ပံမှတ်ကြီး ဟောင်း) ဦးတင့်ဆွေ၏ 'မပြုံးပါနဲ့ ခရေပင်ကြီးရယ်' ဟူသော စာကလေးတစ်ပုဒ်ကိုဖတ်ခဲ့ဖူးပါသည်။ စစ်ကြီးပြီးသောအခါ သွေးသောက်မဂ္ဂဇင်းတွင် 'ခရေပင်ကြီးလဲ မပြုံးနိုင်တော့ပြီ' ဟူသော ရသစာတမ်းကို ထပ်ပြီးဖတ်ရပြန်ပါသည်။ ထိုဒုတိယ စာတမ်းကိုတော့ ဦးတင့်ဆွေ၏ "၂၄ နာရီ" ဟူသော စာအုပ်တွင် တွေ့နိုင်ကြပါသည်။ ထိုစာများကို ကျွန်တော် အလွန်စွဲလမ်းနှစ်သက်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော့် တပည့်ပေါက်စ 'ဇော်ခိုင်မိုး' အားသူတို့အိမ်ရှေ့က သရက်ပင်ကြီး၏ 'အတွေ့အကြုံနှင့် စိတ်ကူး' ကိုမှန်းဆပြီး စာစီစာကုံး



အရေးခိုင်းလိုက်ခြင်း ဖြစ်ပါသည်။

*ဤသို့ စိတ်ကူး စိတ်သန်းမြူးစေခြင်းအားဖြင့် ကလေးငယ်အား ပျော်ရွှင်စေသည်သာမက စိတ်ကူးဉာဏ်ဖွံ့ဖြိုးစေခြင်း၊ အခြားတစ်ဘက်ကို လှမ်းပြီး နားလည်နိုင်စေခြင်းကို အထောက်အကူပြုနိုင်သည်ဟုလည်း ထင်မိပါသည်။* သူ့စာစီစာကုံးကို ကြည့်ပါဦး။

* * * * *

## ကျွန်တော် သရက်ပင်

ကျွန်တော်သည် သရက်ပင်ကြီးတစ်ပင် ဖြစ်ပါသည်။ ကျွန်တော့်ပိုင်ရှင်မှာရုံးအမှုထမ်းတစ်ဦးဖြစ်ပါသည်။ သခင်မ ကတော့ ဘာမျှမလုပ်ပါ။ အိမ်မှာ အိမ်ထောင်မှုကိစ္စကိုသာ ထိန်းသိမ်းပါသည်။ သူတို့တွင် သားကလေးတစ်ယောက်ရှိပါသည်။ ကျွန်တော်က သူတို့အိမ်ရှေ့တွင် ပေါက်နေပါသည်။ ကျွန်တော့်ခြေရင်းတွင် ကျွန်တော့်သခင်ကြီးက ထိုင်ခုံကလေး တစ်ခုကို လုပ်ပေးထားပါသည်။ ကျွန်တော့်သခင်၏သားဖြစ်သူ ကောင်လေးမှာ ကျွန်တော့်ထက်ငယ်ပါသည်။ သူ့ကို မွေးသော အခါ ကျွန်တော့်အရပ်က ရှစ်ပေလောက်တောင် ရှိနေပြီထင်ပါသည်။

သူ့ကို မွေးကင်းစကလေးတွင် သူ့အမေက သူ့ကို ပွေ့ပြီး ကျွန်တော့်ခြေရင်းထိုင်ခုံ၌ လာပြီးထိုင်နေတတ်သည်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သတိရနေပါသေးသည်။ ကောင်လေးကို သူတို့အိမ်က 'ဇော်ခိုင်မိုး' ဟုခေါ်ကြပါသည်။ ကောင်လေးနည်းနည်းကြီးလာတော့ သူကလည်း ခွေးကလေးတစ်ကောင်ကိုမွေးပါသည်။ ထိုခွေးကလေးကို 'ရန်လုံ' ဟုခေါ်ကြပါသည်။ ရန်လုံက ချစ်စရာကောင်းပါသည်။ သို့သော် တစ်ခါတလေ ကျွန်တော့်ခြေရင်းကိုလာပြီး သေးနှင့်ပန်းတာကိုတော့ ကျွန်တော်မကြိုက်ပါ။ သို့သော်လည်း ကျွန်တော်စိတ်တော့မဆိုးပါ။ ခွေးဆိုတော့ မိုက်တာပဲ ဟုသာ အောက်မေ့လိုက်ပါသည်။

သူတို့က ကျွန်တော့်ကို အသီးမသီးဘူးဟုပြောကြပါသည်။ ကျွန်တော်ကလည်း သီးချင်ပါသည်။ သို့သော် ဘာကြောင့်မှန်းမသိ မသီးပါ။ လွန်ခဲ့သောနှစ်က ဇော်ခိုင်မိုးအမေက ကျွန်တော့်ပင်စည်ပေါ်တွင် သစ်ခွပန်းတွေတင်ပေးပါသည်။ ထင်ပေးပြီးနောက် မနက်တိုင်းရေပန်းနှင့်ရေလောင်းပါသည်။ သစ်ခွပန်းတွေကြောင့်သာလောင်းခြင်းဖြစ်ပါသည်။ သူတို့ကိုရေလောင်းတော့ ကျွန်တော်လည်း ရေမှန်မှန်ကြီးသောက်ရချိန်ရ ဖြစ်လာပါတော့သည်။ ထိုနှစ်တွင် ကျွန်တော်လည်း အဖူးတွေဖူးပြီး အသီးတွေ သီးလာပါတော့သည်။ အချို့ကောင်လေးတွေက အသီးကို ခဲနှင့်လှမ်းပစ်တတ်ကြပါသည်။ ကျွန်တော့်ကိုင်းတွေကို မှန်ကုန်ပါသည်။ ထိုအခါ ဇော်ခိုင်မိုးအမေက ထွက်ပြီးပြောမှ အပစ်ရပ်သွား ကြပါသည်။

ကျွန်တော့် အသီးတွေက အလွန်ချိုသည်ဟုပြောကြသောအခါ ကျွန်တော်အလွန်ဝမ်းသာပါသည်။ နွေရောက်လျှင် ကျွန်တော် အရွက်တွေကြွေပါသည်။ ထိုအခါတွင် သူတို့အားလုံး



အလုပ်ရှုပ်ကြပါသည်။ ရွက်ခြောက်တွေကိုအမှိုက်လှည်းကြရပါသည်။ သို့သော် ရွက်နုများထွက်လာသောအခါ သူတို့ခူးပြီး ထမင်းနှင့်စားကြပါသည်။ စားလို့ကောင်းသည်ဟု ပြောကြသောအခါတွင်လည်း ကျွန်တော်ဝမ်းသာပါသည်။ ကျွန်တော် သူတို့ကို ချစ်ပါသည်။

* * * * *

ကျွန်တော်က သူ၏ စာစီစာကုံးကိုဖတ်လိုက်ပြီးနောက်–

"မဆိုးပါဘူးကွ။ မင်းအတော်လေးကို စိတ်ကူးကောင်းလာပြီပဲ"

ကျွန်တော့်မှတ်ချက်ကိုကြားလိုက်ရသောအခါ သူအတော်လေး ပီတိဖြစ်သွားပုံရပါသည်၊ ကျွန်တော်က ပြုံးလိုက်ရင်း–

"မင်းကော တစ်ခါတစ်လေ သရက်ပင်ခြေရင်းမှာ သေးမပန်းဖူးဘူးလား"

သူကရုတ်တရက် ရယ်မောလိုက်ကာ–

"ဟုတ်တယ်။ ငယ်ငယ်တုန်းက တစ်ခါတလေ ပန်းလိုက်တာပဲ"

"မင်း–အဲဒါကိုတော့ ဘာပြုလို့ထည့်မရေးသလဲ"

သူကဘာမျှမပြောဘဲ ရယ်နေပါသေးသည်။ ပြီးမှ–

www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်း ရှက်လို့"

"ထည့်ပြီးရေးပေါ့ကွ၊ သရက်ပင်အနေနဲ့ဆိုရင် မင်းငယ်ငယ်က သေးနဲ့ပန်းတတ်တာကိုလဲ ထည့်ပြောမှာပဲ မဟုတ်လား၊ ဒီစာက မင်းရေးတာမှမဟုတ်ပဲ။ သရက်ပင်ကရေး နေတာ မဟုတ်လား"

သူ ခဏတော့ ငိုင်သွားလိုက်ပါသေးသည်။ မင်းရေးတာ မဟုတ်ဘူး၊ သရက်ပင်ကရေးနေတာဟူသော စကားကိုပြန်လည် စဉ်းစားနေဟန် ရှိပါသည်။ သို့သော် ကျွန်တော်ပြောသည်ကို သဘောပေါက်သွားဟန်နှင့် "ဟုတ်တယ်နော်- သရက်ပင်က ရေးတာပဲ" ဟုပြန်ပြောပါသည်။

ကျွန်တော်လည်း ကျေနပ်သွားပါသည်။

"ကဲကွာ-မင်းငယ်ငယ်က သေးနဲ့ပန်းတာကို ထည့်ပြီး ရေးမယ်ဆိုပါတော့။ ရန်လုံ သေးနဲ့ပန်းတော့ ခွေးမို့ ပန်းတာပဲလို့ သရက်ပင်က စဉ်းစားတယ်။ မင်းပန်းတာကို ထည့်ပြီး ရေးမယ်ဆိုရင်ကော သရက်ပင်က ဘယ်လိုစဉ်းစားမယ် ထင်သလဲ။

သူ- ခဏလောက် ငိုင်သွားပါသည်။ ပြီးမှ-

"ကလေးမို့လို့ စဉ်းစားမှာပေါ့"

"အေးပေါ့ကွ- အဲဒီလို သူ့နေရာက လှမ်းပြီး တွေးတတ် ရမှာပေါ့"



ကျွန်တော်က သူ့အဖြေကို အသိအမှတ်ပြုလိုက်သည်ကို ကျေနပ်သွားပုံရပါသည်။ ခဏရှိမှ ကျွန်တော်ကဆက်၍-

"မင်း မေ့ကျန်နေတာတွေ ရှိသေးတယ်ကွ"

ဇော်နိုင်မိုး မျက်မှောင်ကလေးကုပ်ပြီး ကြည့်နေပါသည်။

"မင်းတို့အဲဒီသစ်ပင်အရိပ်မှာ မကစားကြဘူးလား။ နေပူတဲ့အခါမှာ အရိပ်မရဘူးဟား"

"ဟုတ်တယ်နော်-ကျွန်တော်အဲဒါတွေကို မေ့သွားတယ်"

"အေးပေါ့ကွ- တစ်ခုခုအကြောင်းကိုရေးတော့မယ်ဆိုရင် တတ်နိုင်သမျှ အသေးစိတ်ပါဝင်နိုင်အောင် ကြိုကြိုတင်တင် စဉ်းစားရတယ်ကွ"

"ကျွန်တော် နောက်တစ်ခါကျရင် အဲဒီလိုဖြစ်အောင် ရေးမယ်"

"အဲဒီလိုကြိုးစားပြီးရေးလိုက်ရင် ဖတ်လို့ကောင်းတဲ့ စာစီစာကုံးလေးတွေဖြစ်လာတာပဲကွ။ မင်း- သိပ္ပံမောင်ဝဆိုတာ ကြားဖူးလား"

"ကြားဖူးတယ်၊ စာအုပ်ကိုလဲတွေ့ဖူးတယ်ထင်တယ်"

"အေး-တွေ့ဖူးမှာပေါ့။ သူဟာ သူ့အိမ်က ခွေးကလေး တွေအကြောင်း၊ သူ့ပတ်ဝန်းကျင်က လူတွေအကြောင်းကို ရေးတာပဲ။ ဒါပေမယ့် သိပ်ကောင်းလွန်းလို့ ကျောင်းသုံးတွေမှာ တောင် ပြဋ္ဌာန်းယူရတယ်။ မင်းကိုယ်တိုင်လဲ အတန်းကြီးရောက်

www.burmeseclassic.com



လာရင် သူ့စာတွေကို သင်ရဦးမှာပါပဲ”

“အဲဒီသိပ္ပံမောင်ဝရဲ့ စာတွေကို ကျွန်တော် အခု ဖတ်ရင် ကော ဖတ်နိုင်ပါ့မလား”

“ဘာလို့မဖတ်နိုင်ရမှာလဲကွ။ သူရေးတဲ့ မြန်မာစာက သိပ်လွယ်တာ။ ပါဠိတို့ဘာတို့လို ခက်တဲ့စကားလုံးတွေ လုံးဝမပါဘူး”

“ကျွန်တော်အဲဒီလို စာအုပ်မျိုးတွေကို သိပ်ဖတ်ချင်တယ်။ ဘဘမှာ ရှိရင် ကျွန်တော့ကို ပေးဖတ်မလား”

“ရပါတယ်ဗျာ၊ မင်းဖတ်ချင်လို့ကတော့။ ဒါပေမယ့် ခုတော့နေဦးကွ၊ ငါပြန်ပြီးရှာလိုက်ဦးမယ်”

“ခုတစ်ခါကော ဘာအကြောင်းရေးခဲ့ရမလဲ ဘဘ”

“နေဦးကွ၊ နောက်တစ်ခေါက်လာမှ ရေးကြတာပေါ့ကွာ၊ မင့်ကို ရှေ့တစ်ဆင့်တက်စမ်းကြည့်ရဦးမယ်။ နောက်တစ်မျိုးရေးကြည့်မလားလို့”

“ဘယ်လိုဟာမျိုးလဲ ဘဘ”

“အေးလကွာ- ရေးကြတော့ သိလာလိမ့်မပေါ့”

အောင်သင်း

(ရှင်ခွင်သစ်၊ ဖေဖော်ဝါရီ၊ ၉၃)



ကျွန်တော့် တပည့်ပေါက်စကလေး ဇော်ခိုင်မိုးအား စာစီစာကုံးရေးနည်းများကို သင်းပေးရာတွင်မိမိပတ်ဝန်းကျင်ရှိလူများ၊ တိရစ္ဆာန်ကလေးများ၊ သစ်ပင်ပန်းမန်များစသည်တို့ကို သရုပ်ဖော်တင်ပြတတ်ရန်သင်ကြားပေးခဲ့ပါသည်။ ထိုမှ နောက်တစ်ဆင့်တက်ရန် အချိန်တန်ပါပြီ။ မည်သည့်အဆင့်သို့ တက်သင့်သနည်းဆိုသည့် ကိစ္စကိုစဉ်းစားလိုက်သောအခါ အတော်လေးကို အစဉ်းစားရကြပ်နေသည်ကိုတွေ့ရပါသည်။

ပထမသော် ‘စည်းကမ်းရှိမှု’ ‘ပညာသင်ကြားမှု’ ‘ရိုးသားမှု’ ‘ဝီရိယရှိမှု’ စသည်တို့ကို အရေးခိုင်းမည်ဟု စိတ်ကူးလိုက်ပါသေးသည်။ သို့သော် ထိုသို့သော ခေါင်းစဉ်များကိုပေးလိုက်လျှင် သူ့ဘာသာသူရေးတတ်အောင်၊ တွေးတတ်အောင် လုပ်ပေးလိုက်ဖို့ မလွယ်လှပါ။ ကျွန်တော်ပြောကြားလိုက်သမျှကို သေချာမှတ်သားပြီး ပြန်ရေးပြတာမျိုးလောက်သာလျှင် ဖြစ်နေပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပတ်ဝန်းကျင်သရုပ်ဖော်မှု တစ်မျိုးကိုပဲ ထပ်မံမိတ်ဆက်ပေးလိုက်မည်ဟု ဆုံးဖြတ်လိုက်ရပြန်ပါသည်။

"မင်း ကော်ဖီသောက်ခဲ့ပြီးပြီလား"

"ထမင်းကြော်စားလာခဲ့တယ် ဘဘ"

"မနက်တိုင်း ထမင်းကြော်စားသလား"

"တစ်ခါတလေ မုန့်ဟင်းခါးလဲ စားတယ်၊ တစ်ခါတလေတော့ ကျောင်းရောက်မှ အသုပ်ဝယ်စားတယ်"

"မင်းကျောင်းသွားတော့ ဖယ်ရီကားနဲ့ သွားသလား"

"ဖယ်ရီကားမစီးပါဘူး၊ ကျောင်းက သိပ်မှမဝေးပဲ၊ လမ်းလျှောက်သွားတာပဲ၊ ကျွန်တော်တို့လို လမ်းလျှောက်သွားတဲ့ ကျောင်းသား ကျောင်းသူတွေလဲ အများကြီးပဲ"

"အေးကွ- လမ်းလျှောက်သွားရတာက ပိုပြီးတော့ တောင်ပျော်စရာကောင်းပါသေးတယ်၊ ဘဘ တို့လဲ ငယ်ငယ်က ဒီလိုပဲ လမ်းလျှောက်ပြီး ကျောင်းတက်ကြရတာပဲ"

"ဟုတ်တယ်-လမ်းလျှောက်ပြီးကျောင်းတက်ရတာ သိပ်ပျော်စရာကောင်းတာပဲ၊ တစ်ခါတလေ လမ်းမှာ ကစားသွားတာပဲ"

"ဟုတ်လား၊ ဘယ်လိုကစားသွားတာလဲ"

"ဘော်လုံးကန်ချင်လဲ ကန်သွားတာပဲ၊ ဂျင်ပေါက်ပြီး သွားချင်လဲသွားတာပဲ"

"လမ်းမှာ မော်တော်ကားတွေ ဘာတွေနဲ့ ကစားသွားလို့ ဖြစ်ရဲ့လား"



"ကျွန်တော်တို့သွားတဲ့လမ်းက မော်တော်ကားသိပ်ပြီး မရှုပ်ပါဘူး၊ နောက်ပြီး ကျွန်တော်တို့က လမ်းဘေးမှာ ကစားရင်း သွားကြတာပဲ"

"မိုးတွင်းမှာ မိုးတွေရွာနေရင်ကောကွာ"

"မိုးရွာနေရင်တော့ ကစားလို့မရတော့ဘူး၊ မိုးတွင်း ကျောင်းသွားရတာကတော့ စိတ်ပျက်စရာကောင်းတယ်။ ဒါပေမယ့် တစ်ခါတလေ ကျောင်းပြန်ရတာတော့သိပ်ပျော်ဖို့ ကောင်းတယ်"

"ဟုတ်လား- ဘာပြုလို့လဲကွ"

"ကျွန်တော်တို့ စာအုပ်တွေ၊ လွယ်အိတ်တွေကို မိုးကာအင်္ကျီနဲ့ထုပ်ပြီး မိုးရေထဲမှာ ဆော့ပြီးပြန်လာကြတာပဲ"

ထိုသို့ပြောနေရင်း ရယ်လိုက်ပါသေးသည်။

"မင်းတို့တစ်ကိုယ်လုံး မိုးရေတွေရွှံ့တွေနဲ့ ဖြစ်နေကြမှာပေါ့"

သူက ထပ်မံ ရယ်မောလိုက်ပြီး-

"ဟုတ်တယ်၊ ဒါပေမယ့် သိပ်ပျော်စရာကောင်းတယ်"

"အိမ်ပြန်ရောက်တော့ မင့်အမေက မရိုက်ဘူးလား"

"ရိုက်တော့ မရိုက်ပါဘူး၊ ဒါပေမယ့် ဆူတော့ ဆူတယ်၊ ချက်ချင်း ရေထပ်ပြီးချိုးရတယ်၊ နောက်ပြီး အနွေးထည်

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ထပ်ပြီးဝတ်ရတယ်"

"အအေးမိမှာစိုးလို့ ဖြစ်မှာပေါ့ကွ"

"ဟုတ်တယ်၊ တစ်ခါတလေရေနွေးပူပူကို အသောက်ခိုင်းတယ်"

"ဆောင်းတွင်းကျတော့ကောကွာ"

"ဆောင်းတွင်းကျတော့ ပိုပြီးလမ်းလျှောက်လို့ကောင်းတယ်။ နောက်ပြီး ကျွန်တော်တို့သင်္ချာဆရာမက စနေ တနင်္ဂနွေမှာ မနက်စောစော အချိန်ပိုခေါ်ပြီးသင်ပေးတယ်၊ အဲဒီကျရင် မနက် အစောကြီးထပြီးသွားရတယ်။ အဲဒီလိုသွား ရရင် တစ်ခါတလေနှင်းတွေထဲမှာ သွားရတယ်။ ချမ်းတော့ ချမ်းတယ်။ ဒါပေမယ့် သိပ်ကောင်းတာပဲ၊ တစ်မျိုးပဲ"

သူ့ခံစားမှုကိုပြောရန် စကားလုံးရှာနေဟန်တူပါသည်၊

"လွမ်းတာလား၊ လွမ်းစရာ ကောင်းတာလား"

ခဏလောက် သူငိုင်နေပါသည်။ ပြီးမှ–

"လွမ်းတာလိုပဲ–မဟုတ်ဘူး၊ ဟို–တစ်မျိုးပဲ"

"ကြည်နူးတာလား"

"ဟုတ်တယ်–ဟုတ်တယ်၊ ကြည်နူးတာမျိုးပဲ သိပ်ကောင်းတာပဲ"

"မြက်ခင်းတွေပေါ်မှာ နှင်းပေါက်ကလေးတွေလဲတွေ့



ရတယ်ကွ"

"အဲဒီနှင်းပေါက်ကလေးတွေက မြက်ပင်ကလေးတွေပေါ်မှာသီးနေတယ်၊ သိပ်လှတာပဲ"

"ချစ်စရာကောင်းတာပေါ့၊ ဟုတ်လား"

"ဟုတ်တယ်၊ သိပ်ချစ်စရာကောင်းတယ်၊ ကျွန်တော် လက်နဲ့ အသာလေးတို့ကြည့်တယ်၊ အေးနေတာပဲ"

"ဘဘတို့ငယ်ငယ်ကလဲ မင်းတို့လိုပဲကွ၊ အဲဒီလိုနှင်းပေါက်ကလေးတွေကို လက်နဲ့ တို့ကြည့်ပြီး အေးစက်နေတာကို သိပ်ပြီးသဘောကျတာပဲ။ နောက်ပြီး ထိကရုန်းပင်ကလေးတွေရှိပါရောလား၊ အဲဒီအပင်ကလေးတွေကို လက်နဲ့အသာတို့ကြည့်ရတာလဲ သိပ်သဘောကျတာပဲ"

"ဟုတ်တယ်–ဟုတ်တယ်၊ ကျွန်တော်တို့လဲ ဒီလိုပဲ လက်နဲ့ တို့ကြည့်ကြတာပဲ၊ တစ်ခါတလေ သူတို့ကို ချောင်းပြီး တို့ကြည့်မိတယ်"

သူ့စကားလုံးကလေးကို ကျွန်တော်အလွန်သဘောကျသွားပါသည်။ သူတို့လို ကလေးငယ်များတစ်ခါတစ်ရံ သုံးလိုက်သည့် စကားလုံးမျိုး ကျွန်တော်တို့ခေါင်းထဲတွင် ပေါ်မလာတတ်ပါ။ သူတို့မိုလို့ ဒီစကားလုံးမျိုးကိုရတတ်ပလေ ဟုပင် အောက်မေ့ရပါသည်။ ထို့ကြောင့်–

"ဘာတဲ့ကွ 'ချောင်းပြီးတို့ကြည့်မိတယ်' ဟုတ်လား"

"မဟုတ်ဘူး–အဲ–ဟုတ်တယ်၊ ကျွန်တော်ပြောတာက

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုသွားပြီး လက်နဲ့တို့ကြည့်လိုက်ရင်ရှန်းသွားတယ် မဟုတ်လား၊ သူတို့မသိအောင်၊ ရှန်းမသွားအောင်လက်နဲ့ သာသာကလေး တို့ကြည့်တာကိုပြောတာ"

ကျွန်တော်တို့ ငယ်ငယ်ကလည်း သူတို့လို စမ်းကြည့်ခဲ့ကြ ဖူးသည်မဟုတ်လား။ ထိုကြောင့် သူတို့စမ်းကြည့်ပုံကိုနားလည် နိုင်ပါသည်။

"အဲဒီလို တို့ကြည့်တော့ ရသလား။"

"သာသာကလေးထိတယ်ဆိုရုံကလေး ထိရင် မရှန်းဘူး"

"အေးကွ–ဘဘတို့လဲ ငယ်ငယ်က မင်းတို့လိုပဲပေါ့ စမ်းကြည့်မိတာပေါ့"

"အဲဒီထိကရုန်းပင်ကလေးတွေဟာ သိပ်ပြီးအံ့သြစရာ ကောင်းတာပဲ နော်ဘဘ၊ သူတို့မှာ စိတ်ရှိနေသလိုပဲ"

"စိတ်ရှိနေလို့တော့ ဘယ်ဟုတ်မလဲကွာ၊ သူ့သဘာဝနဲ့ သူပေါ့၊ သဘာဝဆိုတာမျိုးက သိပ်ဆန်းတာကိုကွ၊ သည်ထက် ဆန်းတာတွေအများကြီးရှိသေးတာပေါ့၊ မင်းအသက်ကြီးလာလို့ စာတွေများများဖတ်လာလေလေ၊ သဘာဝရဲ့ ဆန်းကြယ်မှုတွေ ပိုပြီးသိလာလေလေ ဖြစ်လာလိမ့်မယ်"

"အော်–ဘဘ၊ ဟို သိပ္ပံမောင်ဝစာအုပ်ရှာပေးမယ်ဆိုတာ လေ"

"အေးကွာ–ဘဘလဲ အလုပ်တွေများနေတာနဲ့ မရှာအား သေးပဲဖြစ်နေတယ်၊ ရှာထားလိုက်ပါ့မယ်"



သိပ္ပံမောင်ဝ စာအုပ်ကိုအမှတ်တရ မေးလိုက်သဖြင့် ကျွန်တော်အလွန်ဝမ်းသာမိသွားပါသည်။ သူ့ဘာသာ စာဖတ်ချင်စိတ် ပေါက်လာလိုက်ပြီဆိုလျှင် ကျွန်တော့်တာဝန် (ဆရာ့တာဝန်) အတော်ကြီး ကျေပွန်သွားပြီ ဟုယူဆနိုင်သော ကြောင့် ဖြစ်ပါသည်။

"ကဲကွာ၊ စာစီစာကုံးတစ်ပုဒ်ရေးလိုက်ကြဦးစို့"

"ဘာအကြောင်း ရေးရမလဲ ဘဘ"

"ခုနက မင်းပြောပြတဲ့ ကျောင်းသွားကျောင်းပြန် တွေ့တာတွေကိုရေးခဲ့စမ်းကွာ၊ ခေါင်းစဉ်ကို 'ကျောင်းသွား ကျောင်းပြန်' လို့ပဲ ပေးလိုက်တာပေါ့ကွာ"

"ဟို–ထိကရုန်းပင်တွေအကြောင်းကိုရော ထည့်ရေးလို့ ရသလား ဘဘ"

"ရတာပေါ့ကွ၊ ဘာမဆို မင်းစိတ်ဝင်စားတဲ့အကြောင်း ဆိုရင် ရဲရဲကြီးသာ ထည့်ရေးလိုက်"

စာစီစာကုံးမရေးမီ တွေးတောပြင်ဆင်ပုံစနစ်ကို ကျွန် တော် သင်ပေးရတော့မည် ဖြစ်ပါသည်။ ထို့ကြောင့်–

"တစ်ခုတော့ရှိတယ်ကွ၊ ချက်ချင်းအလွယ်တကူ ကောက်ပြီးမရေးလိုက်နဲ့ဦး။ မင့်စိတ်ထဲမှာ စွဲစွဲလမ်းလမ်း မှတ်မိနေတာတွေကို ပြန်ပြီးစဉ်းစားလိုက်။ အဲဒီလိုမှတ်မိ နေတာကလေးတွေကို စာရင်းကလေးချထားလိုက်။ အဲဒါတွေ ကိုလဲ ရာသီဥတုနဲ့တွဲပြီးပြရမှာကိုမမေ့နဲ့။ ရာသီဥတုဆိုတာက

www.burmeseclassic.com

www.burmeseclassic.com



မိုးတွင်း၊ ဆောင်းတွင်း မိုးရွာတဲ့အခါ၊ နေပူတဲ့အခါ ဆိုတာမျိုးတွေပေါ့ကွာ။ အဲဒီလို စာရင်းချထားပြီးတဲ့ နောက်မှ ဘယ်ဟာကို အရင်ရေးမယ်၊ ဘယ်ဟာကို နောက်မှရေးမယ်ဆိုတဲ့အစီအစဉ်ကို ပြန်လုပ်ရတယ်"

"ကျွန်တော်ရေးချင်တာတွေ အကုန်ထည့်ရေးပြီးရေးမယ်နော် ဘဘ"

"ရေးပေါ့ကွ၊ မင့်စိတ်ထဲမှာ ထည့်ပြီးရေးချင်ရင် ခွေးချင်ကိုက်တာကအစ ထည့်ပြီးရေးလိုက်ပေါ့ကွ"

သူက ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး–

"ဟုတ်တယ်– တစ်ခါတလေ ခွေးချင်းကိုက်တာတွေလဲ တွေ့ရတာပဲ"

"အဲဒါလဲ ကောင်းမယ်ထင်ရင်ထည့်ရေးလိုက်ပေါ့ကွ"

ဖော်ခိုင်မိုးတစ်ယောက် ပေါ့ပေါ့ပါးပါးပြန်သွားပါသည်။ နောက်တစ်ပတ် စာစီစာကုံး ရေးလာလို့ ကြည့်လိုက်တော့–

* * * * *

## ကျောင်းသွား ကျောင်းပြန်

ကျွန်တော်တို့ကျောင်းမှာ ကျွန်တော်တို့အိမ်နှင့်မဝေး



လှပါ။ မိနစ် ၂၀ ခန့်မျှ လမ်းလျှောက်လိုက်လျှင်ရောက်ပါသည်။ ထို့ကြောင့် ကျောင်းပို့ကျောင်းကြိုကားကိုမစီးဘဲ လမ်းလျှောက်သွား ပါသည်။ ကျွန်တော်လို လမ်းလျှောက်သွားသော အဖော်များလည်းရှိပါသည်။ ရိုးရိုးလမ်းလျှောက်သွားလျှင် မိနစ် ၂၀ ခန့်မျှသာ ကြာသော်လည်း ကျွန်တော်တို့မှာ မိနစ် ၃၀ ခန့်မျှကြာပါသည်။ ကျွန်တော်တို့က လမ်းတွင် ဘောလုံးကန်သွားခြင်း၊ ဂျင်ပေါက် ကစားသွားခြင်းတို့ကြောင့် အချိန်ပိုကြာပါသည်။

မိုးတွင်းရောက်လျှင်တော့ ကျောင်းအသွားတွင် ထိုကဲ့သို့ ကစားရင်းသွားလို့မဖြစ်တော့ပါ။ ထို့ကြောင့်ကျွန်တော်တို့က မိုးတွင်းကို မနှစ်သက်ကြပါ။ သို့သော်လည်း တစ်ခါတလေ ကျောင်းအပြန် မိုးရွာလျှင်တော့ ပျော်ကြပါသည်။ ကျွန်တော်တို့ လွယ်အိတ်တွေ စာအုပ်တွေကို မိုးကာအင်္ကျီထဲတွင် စုထုပ်ပြီး မိုးရေထဲ၌ ဘောလုံးကစားပြီး ပြန်ကြရသည်ကို အလွန်ပျော် ပါသည်။

မိုးရေရွှံ့ရေထဲတွင်ကစားကြခြင်းဖြစ်သောကြောင့် ကျွန်တော်တို့အားလုံးမှာ ရွှံ့တွေပေနေပါတော့သည်။ အိမ်ပြန်ရောက်လျှင် မေမေက အလွန်ဆူပါသည်။ ကျွန်တော်ကတော့ အဝတ်အစား တွေနှင့် အတိုင်းပင် အိမ်ရှေ့အုတ်ကန်ထဲက ရေကိုချိုးလိုက်ပါသည်။ မေမေက ချက်ချင်းအဝတ်အစား အနွေးထည်များနှင့် လဲပေးပါသည်။ ရေနွေးပူပူကိုလည်း အသောက်ခိုင်းပါသည်။

ဆောင်းတွင် ရောက်လျှင်တော့ လမ်းလျှောက်သွားရသည်မှာ ပိုပြီးပျော်စရာကောင်းပါသည်။ အထူးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သင်္ချာဆရာမက အချိန်ပိုခေါ်လျှင် နံနက် ၇ နာရီခွဲတွင်ခေါ်လေ့ရှိပါသည်။ ကျွန်တော်တို့က ၇ နာရီတွင် အိမ်ကထွက်ပါသည်။ တစ်ခါတစ်ရံ နှင်းတွေကျနေသောကြောင့် အဝေးကို မမြင်ရပါ။ သစ်ပင်များ အိမ်များကိုပင် ကောင်းကောင်း မမြင်ရပါ။ သစ်ပင်ကြီးများကို မှိန်မှိန်မြင်ရသည်မှာ အလွန်လှပါသည်။

လမ်းဘေးမြက်ခင်းပေါ်တွင် နှင်းတွေသီးနေတတ်ပါသည်။ ထိုမြက်ပင်များပေါ်ကနှင်းရည်ကလေးများကို လက်နှင့်တို့ကြည့်ရသည်မှာ အလွန်အရသာရှိပါသည်။ အလွန်လည်းအေးပါသည်။ ထိကရုန်းပင်ကလေးများပေါ်တွင်လည်း နှင်းရည်ကလေးများ သီးနေတတ်ပါသည်။ ထိကရုန်းပင်များကို လက်နှင့်တို့ကြည့်ရသည်ကို ကျွန်တော် အလွန်သဘောကျပါသည်။ ထိုအပင်ကလေးများမသိအောင် လက်နှင့်သာသာကလေး တို့ကြည့်ရသည်ကိုလည်း ကျွန်တော်ပျော်ပါသည်။

ကျွန်တော်တို့ကျောင်းသွားလမ်းတွင် ဘုန်းတော်ကြီးကျောင်းတစ်ခု ရှိပါသည်။ ထိုကျောင်းကြီး၏အုတ်တံတိုင်းနားတွင် အင်ကြင်းပင်ကြီး တစ်ပင်ရှိပါသည်။ ဆောင်းတွင်းရောက်လျှင် အပွင့်တွေအများကြီးပွင့်ပါသည်။ အင်ကြင်းပန်းအနံ့ကို လှုတိုင်းရပါသည်။ ထိုပန်းအနံ့ကို ကျွန်တော်အလွန်နှစ်သက်ပါသည်။ မေမေတို့သုံးသော ရေမွှေးနံ့ထက်ပင်ပိုကြိုက်ပါသည်။

* * * * *



ကျွန်တော်ကသူ့စာစီစာကုံးကိုဖတ်ကြည့်လိုက်ပြီးနောက်–

"မင့်ဟာက နိဂုံးမှ မချုပ်ရသေးဘဲကိုကွ။ တစ်ပိုင်းတစ်စ ကြီးလို ဖြစ်နေတယ်"

"ဟုတ်တယ် ဘဘ– ကျွန်တော်ဘယ်လိုအဆုံးသတ်ရမှန်းကို မသိဘူး"

ကျွန်တော်သူ့ကိုအပြစ်မတင်ပါ။ စာစီစာကုံးရေးကြပြီဆိုလျှင် အစနှင့် အဆုံးမှာ အခက်ဆုံးဖြစ်သည်ဟုပင်ဆိုသင့်ပါသည်။

"အေးပါ– ဟုတ်ပါတယ်။ နိဂုံးချုပ်တာကခက်တတ်တယ်ကွ။ ဒါမျိုးဆိုရင် 'ကျွန်တော်တို့ကျောင်းသွား ကျောင်းပြန်လမ်းတွင် စိတ်ဝင်စားစရာတွေများလှသောကြောင့် ကျောင်းသွားရမည်ကို ကျွန်တော်ဘယ်တော့မှမပျင်းပါ' ဆိုတာမျိုးနဲ့ပဲဖြစ်ဖြစ် 'ဤသည်တို့မှာ ကျွန်တော်တို့၏ ကျောင်းသွားကျောင်းပြန်ခရီး အတွေ့အကြုံများဖြစ်ပါသည်' ဆိုတာမျိုးနဲ့ ဖြစ်စေနိဂုံး ချုပ်လိုက်ပေါ့"

"ဟုတ်ပြီ–နောက်မှ ကျွန်တော်ဖြည့်ပြီးထည့်လိုက်မယ်"

"မင့်စာစီစာကုံးမှာ အရင်က ငါ့ကိုမပြောခဲ့တာတွေပါသေးတယ်။ အင်ကြင်းပင်ကြီးအကြောင်း မင်း ငါ့ကိုမပြောခဲ့ဘူး"

"ဟုတ်တယ် ဘဘ၊ နောက်မှ ဘဘပြောသလိုပြန်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်တော့မှ သတိရလာတာ။ အင်ကြင်းပန်းက သိပ်မွှေးတာပဲနော် ဘဘ"

"အေး‌ကွ၊ တကယ်အပွင့်တွေဝေလာတဲ့အခါဆိုရင် မင်းပြောသလိုပဲ အပင်နားဟိုက်မှာ မွှေးနေတာပဲ။ အဲဒီလို ပေါ့ကွ၊ စာစီစာကုံးရေးတယ်ဆိုတာ ကိုယ်တွေ့တာ ကြုံတာကလေးတွေကို ပြန်ပြီးစဉ်းစားပြီး ရေးရတာပဲ။ နောက်ကျတော့ မင်းရေးတတ်လာပါလိမ့်မယ်။ အခုဆိုရင်ပဲ မင်းအတော်လေး ရေးတတ်လာပါပြီ။ တချို့ ရှစ်တန်းကိုးတန်းတွေတောင်မှ မင်းလောက် မရေးတတ်ပါဘူး။ အလေ့အကျင့်လုပ်မှ ရေးတတ်တာ"

သူကကျေကျေနပ်နပ်ကြီး တစ်ချက်ပြုံးလိုက်ပြီး–

"ကျွန်တော်တို့အိမ်နားက ကိုးတန်းက အစ်မကြီးတစ်ယောက်က ကျွန်တော့် စာစီစာကုံးကိုဖတ်ပြီး 'ဇော်ခိုင်မိုးက ရေးတတ်တယ်တော့၊ တို့တောင်အဲဒီလောက် မရေးတတ်ဘူး' လို့ပြောတယ် ဘဘ"

ကျွန်တော်ကလည်း သူ့နည်းတူ ကျေကျေနပ်နပ်ကြီးပြုံးလိုက်ပြီး–

"ဒါပေါ့ကွ–သူတို့လဲ ကိုးတန်းပေမယ့် အလေ့အကျင့်မရှိရင်၊ စဉ်းစားနည်းကိုမသိရင် ဘယ်မှာ ရေးတတ်ပါ့မလဲ"

*အောင်သင်း*

*(ရင်ခွင်သစ်၊ မေ၊ ၉၄)*



ကျွန်တော့် တပည့်ကျော် ပေါက်စနကလေး ဇော်ခိုင်မိုး တစ်ယောက် သည်ကနေ့ ရောက်လာလိုက်တော့ ခါတိုင်းလို မဟုတ် ထီးတွေဘာတွေကို လက်ကကိုင်လိုက်လို့။

"အမယ်–မင်းကလဲထီးတွေဘာတွေဆောင်းလို့ပါလား။ နေပူမှာစိုးလို့လား"

"မေမေက ထီးယူသွားဆိုလို့ ဘဘ။ ကျွန်တော်က ထီးတို့ဘာတို့ကိုင်ကို မကိုင်ချင်ဘူး၊ သိပ်ရှုပ်တာပဲ။ နောက်ပြီး ထီးကို မေ့ကျန်တတ်လွန်းလို့"

"အေး–အဲဒါတော့ မင်းနဲ့ငါနဲ့ အတော်ကိုတူသကွာ။ ငါကလဲ မိုးရွာနေလို့ ထီးကိုယူသွားရော။ မိုးတိတ်သွားပြီဆိုရင် ရောက်လေရာမှာ မေ့ကျန်ခဲ့ရော။ ဒီလိုနဲ့ ထီးပျောက်တာ များလှပြီ"

သူကလည်း ရယ်မောလိုက်ကာ–

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လဲ ဒီလိုပဲ၊ ခုတောင်မှ ပြန်ရင်တော့ ထီးကိုမမေ့အောင် ဘယ်လိုလုပ်ရမလဲလို့ အောက်မေ့နေတာ"

"အေးပါကွာ–ငါက သတိပေးပါ့မယ်။ အေး– သတိပေးဖို့ကိုပဲမေ့နေရင်တော့ မတတ်နိုင်တော့ဘူးပေါ့ကွာ"

သူရော ကျွန်တော်ပါ နှစ်ယောက်လုံ ရယ်လိုက်ကြပြန်ပါသည်။

"ဘဘပြောသလို မိုးရွာရင်တော့ မေ့မှာမဟုတ်ပါဘူ"

"အေးကွ– တကယ်ပဲရွာချင်ရွာနေမှာ၊ မုန်တိုင်းက ရှိနေသေးတယ်"

"မနေ့ညနေက ကျွန်တော် မိုးမိသွားတယ်၊ ဒါကြောင့် မေမေကလဲ ထီးယူသွားလို့ပြောတာ"

"မင်းတို့ဘက်မှာကော မိုးသည်းသလား"

"ဘဘရာ သိပ်ကိုသည်းတာပဲ။ ကျွန်တော်က သူငယ်ချင်းတစ်ယောက်အိမ်ကို သွားတာ။ ပြန်လာတော့ လေတွေ တအားကြီးကို တိုက်ထာပဲ။ ထီးမပါလို့အိမ်ကိုအရောက် ပြေးတာ၊ မလွယ်ဘူး"

"အေးကွ၊ နွေခေါင်ခေါင်မှာ မိုး ဒီလောက်ကြီးတာ ကြုံတောင့်ကြုံခဲပဲ"

"လေကသိပ်တိုက်တော့ ဘယ်မှာ စာတ်ကြိုးပြတ်သလဲ မသိဘူး၊ လမ်းမီးတွေကလဲမှောင်သွားတယ်။ ဒါပေမယ့် လျှပ်စီးတွေက သိပ်လက်တော့ လမ်းကိုကောင်းကောင်းမြင်ရ



တယ်"

"အေးကွ– မနေ့က လျှပ်တွေသိပ်လက်တာပဲ၊ မိုးကြိုးလဲသိပ်ထစ်တယ်"

"ကျွန်တော်ဖြင့် မနေ့ညတုန်းကကြောက်လာတာပဲ"

"မင်းကမိုးချုန်းတာ လျှပ်လက်တာကို ကြောက်တတ်သလား"

"ရိုးရိုးတန်းတန်းဆိုရင် ကျွန်တော်မကြောက်ဘူး၊ မနေ့ကတော့ ခေါင်းပေါ်နားလေးမှာကပ်ပြီး မိုးချုန်းနေသလိုပဲ"

သူက တစ်ချက်လောက် ရယ်မောလိုက်ပြီး ဆက်၍–

"ကျွန်တော်ဖြင့် ကျွန်တော့်ကိုများ မိုးကြိုးပစ်ချလိုက်မလားလို့တောင် ထင်လာမိတယ်။ သစ်ပင်ကြီးတွေရှိနေပေမယ့် အဲဒီသစ်ပင်တွေအောက်ဝင်ပြီးတော့လဲ မိုးမခိုဝံ့ဘူး။ သစ်ကိုင်းကျိုးကျမှာလဲ စိုးရသေးတယ်၊ နောက်ပြီး သစ်ပင်ကို မိုးကြိုးပစ်လိုက်မှာလဲစိုးရသေးတယ်၊ ကျွန်တော်ဖြင့် မနေ့ညက တကယ့်ကို သိပ်ကြောက်သွားတာပဲ၊ နောက်ပြီးလမ်းတွေမှာလဲ လူကသိပ်မရှိဘူး၊ လူသိပ်ပြတ်သွားတာပဲ"

"အေး–ဟုတ်မှာပေါ့၊ မုန်တိုင်းမိုးလာတော့မယ်ဆိုတာကိုသိနေကြတော့ စောစောစီးစီးအိမ်ကိုပြန်ကြတော့မှာပေါ့ကွ။ မင်းကော မိုးတော်တော်ရွှဲသွားလိုက်သေးသလား"

"ရွှဲတာပေါ့ ဘဘရဲ့"

"မင့်မှာ နာရီတို့ဘာတို့ကောပါသေးသလား"

www.burmeseclassic.com

www.burmeseclassic.com



“ပါတယ်၊ အဲဒီအပြင် အိတ်ကပ်ထဲမှာ ပိုက်ဆံတွေလဲပါတယ်၊ သူငယ်ချင်းတွေဆီကလဲ စာအုပ်တစ်အုပ်ကို ငှားလာခဲ့မိသေးတယ်”

“အဲဒါတွေ အကုန်ရွှဲကုန်တာပဲလား”

“မရွှဲဘူး ဘဘရဲ့။ ကျွန်တော်က အိမ်ဆိုင်ကလေးတစ်ဆိုင်မှာဝင်ပြီး ကြွပ်ကြွပ်အိတ်တစ်လုံးကိုဝယ်လိုက်တယ်။ အဲဒီအထဲ အကုန်စုပြုံပြီး ထည့်ပစ်လိုက်တယ်”

“အေး-မင်းက ဘယ်ဆိုးလို့လဲကွ၊ အဲဒီလိုအရေးအကြောင်းကြုံတဲ့အခါမှာ ဖြစ်သလိုနည်းနဲ့ အရေးကြီးတဲ့ဟာကို လုပ်သွားတတ်ရတယ်ကွ”

ကျွန်တော်က ချီးမွမ်းလိုက်သည်ကို ဖော်ခိုင်မိုး ကျေနပ်သွားပုံရပါသည်၊ ကျွန်တော်ကလည်း မြှောက်ပင့်ပြောလိုက်ခြင်းမျိုးမဟုတ်ပါ။ တကယ့်ကိုချီးမွမ်းလိုက်ခြင်းဖြစ်ပါသည်။ သူကဆက်၍-

“ဒါပေမယ့် ကျွန်တော်တစ်ကိုယ်လုံးတော့ ကြွက်စုတ်ကို ဖြစ်သွားတာပဲ”

“မင့်မေမေက ဘာပြောသေးလဲ”

“မိုးသံကြားကတည်းက ပြန်မလာလို့ဒီလိုဖြစ်တာတဲ့၊ ကျွန်တော်ကလဲ ကျွန်တော်ပဲ၊ မိုးမိလိမ့်မယ်လို့တော့ အထင်သား၊ နောက်ပြီး ဟိုကောင်တွေကလဲ နေပါဦးဆိုတာနဲ့ . . .”



ကျွန်တော်သဘောပေါက်ပါသည်။ ကျွန်တော်တို့ငယ်စဉ်ကလည်း သည်လိုပဲမဟုတ်ပါလား။ တစ်ခါတစ်ရံ မိုးအစိုခံချင်စိတ်ကပင် တစ်ဝက်လောက်ပါနေတတ်သေးသည်ကို ပြန်ပြီးသတိရမိသည်။ ထို့ကြောင့်-

“မင်းကိုယ်တိုင်ကလဲ မိုးရေထဲမှာ လျှောက်ပြီးပြန်ချင်သလိုလို ဖြစ်နေသေးတယ် မဟုတ်လား ဖော်ခိုင်မိုးရ”

သည်အကောင် နည်းနည်းလေးပြုံးသွားပြီး ခဏလောက် ငြိမ်နေသည်။ ပြီးမှ-

“မိုးရွာနေတုန်း ပြေးရလွှားရတာ ပျော်စရာကောင်းတယ်နော် ဘဘ၊ ဒါပေမယ့် မနေ့ညကတော့ အတော့်ကိုလန့်သွားတယ်”

ကျွန်တော်လည်းသူ့ကို ပြုံးပြီးပြန်ကြည့်နေမိပါသည်။ သည်အကောင်ငယ်ကလေးတွေကို စာသင်ရသည်မှာ စိတ်ရှုပ်စရာတော့လည်းကောင်းပါသည်။ သို့သော် သူတို့ကို မေးရင်းမြန်းရင်းနှင့်ပင် ကိုယ့်ငယ်ဘဝကို ပြန်ပြီး သတိရမိလိုက်ပြန်တော့ ပျော်သလိုလိုရှိလာတတ်ပြန်သောကြောင့် သူတို့ကိုပင် ပြန်ပြီး ကျေးဇူးတင်ရဦးမလိုလို ဖြစ်နေပြန်တော့သည်။ ခဏရှိမှ ကျွန်တော်က-

“ကဲကွာ-အဲဒီ မိုးမိပုံအကြောင်းကို စာစီစာကုံး

www.burmeseclassic.com

www.burmeseclassic.com



ရေးစမ်းကွာ"

ဖော်ခိုင်မိုးက ရယ်မောလိုက်ပြီး-

"ဘဘ သေချာမေးနေကတည်းက စာစီစာကုံးအရေးခိုင်းတော့မယ်လို့ အထင်လိုက်သားပဲ"

"အေးပေါ့ကွ-ဒီလို ကိုယ်တိုင်ကြုံရတာမျိုးကို ပြန်ပြီး အရေးကျင့်ရတာပဲ။ ဒီလိုနဲ့ နောက်တော့ စိတ်ကူးနဲ့တွေးပြီးရေးတတ်လာတာပေါ့"

ဖော်ခိုင်မိုး ခဏလောက်ငိုင်နေပါသေးသည်။ ပြီးမှ-

"ဘဘ-ကျွန်တော်က သူငယ်ချင်းအိမ်ကို အလည်သွားတာကနေပြီး စရေးရမလား"

"ဘယ်နေရာကပဲ စပြီးရေးရေး၊ကြိုက်သလိုသာရေး။ ဒါပေမယ့် တစ်ခုတော့ရှိတယ်နော်။ မင်းရေးမှာက မိုးမိတ့ဲ အကြောင်းကိုရေးမှာမဟုတ်လား၊ ဒီတော့ တခြားအကြောင်း အရာတွေကို သိပ်အများကြီးရေးနေရင် ကိုယ်ရေးမယ့်မူလ အကြောင်းအရာ ပျောက်သွားတတ်တယ်။ အဲဒါကိုတော့ သတိထား"

"ကျွန်တော် အခုရေးရမှာလား ဘဘ"

"အဲဒါတော့ မင့်သဘောပဲ၊ အခုရေးချင်လဲရေး။ အိမ်မှာရေးချင်လဲရေး။ နောက်တစ်ခေါက်ကျမှ ပြချင်လဲပြပေါ့"



"ဒါဖြင့် ကျွန်တော်အိမ်ကရေးခဲ့မယ် ဘဘ"

"အေး-မင့်သဘောပဲ။ သတ်ပုံလဲမှန်အောင်ကြိုးစားပြီး ရေးခဲ့စမ်း၊ ကြားလား။ ဩော်-မင့်အမေကိုပြောလိုက်၊ မြန်မာစာလုံးပေါင်းသတ်ပုံစာအုပ် တစ်အုပ်ဝယ်ဖို့ ဘဘမှာ လိုက်တယ်လို့"

"ဟုတ်ကဲ့ ဘဘ၊ ကျွန်တော် ပြန်တော့မယ်နော်"

"အေးအေး"

ဖော်ခိုင်မိုး အပြင်ထွက်သွားသည်နှင့် ကျွန်တော်လည်း စာအုပ်တစ်အုပ်ကို ကောက်ကိုင်လိုက်ပါသည်။ သို့သော်ချက်ချင်းလိုလိုပင် ရယ်ကာမောကာ ပြန်ရောက်လာပြန်သည်။

"ကံကောင်းလို့ - ထီးကျန်နေခဲ့တော့မလို့"

"အေး-ငါကလဲ မင့်ကို သတိပေးဖို့မေ့သွားတာနဲ့"

ကျွန်တော်တို့နှစ်ယောက်လုံး ရယ်မောလိုက်ကြမိပါသည်။

နောက်တစ်ခေါက် သူပြန်လာတော့ စာစီစာကုံးပါလာပါသည်။ သပ်သပ် ရပ်ရပ် သေချာရေးလာပါသည်။

* * * * *

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com





## မိုးမိသော ညနေခင်း

လွန်ခဲ့သော မေလ (၇)ရက်နေ့က ညနေခင်းတွင် ကျွန်တော့်သူငယ်ချင်း ကျော်စိုးမိုးတို့အိမ်သို့ ကျွန်တော် အလည်သွားခဲ့ပါသည်။ ကျွန်တော်တို့နှင့် တစ်တန်းတည်း သူငယ်ချင်း ခင်မောင်ဝင်းလည်း ရောက်နေသောကြောင့် ကျွန်တော်တို့သုံးယောက် ပျော်ရွှင်စွာ စကားပြောနေကြပါသည်။

ညနေ (၆) နာရီခန့်ရှိသောအခါ ကျွန်တော်ကပြန်တော့မည်ဟုပြောသော်လည်း ခင်မောင်ဝင်းက အတင်းဆွဲထားသောကြောင့် မပြန်ရသေးပါ။ ခဏကြာသောအခါ လေပြင်းတိုက်လာပါသည်။ မိုးကောင်းကင်ကြီးမှာလည်း နီလာပါသည်။ အနောက်ဘက်ကိုကြည့်လိုက်သောအခါတွင် မှိုင်းမှောင်လာသည်ကိုတွေ့ရပါသည်။ ကျွန်တော်လည်းသူတို့နှစ်ယောက်ကို နှုတ်ဆက်ပြီး အလျင်အမြန် ပြန်လာခဲ့ပါသည်။

ကျွန်တော်တို့အိမ်နှင့် ကျော်စိုးမိုးတို့အိမ်မှာ တစ်မိုင်ခန့်ဝေးပါသည်။ လမ်းမကြီးအတိုင်း လျှောက်လျှင် အချိန်ကြာနေမည်စိုးသောကြောင့် လမ်းကြား လမ်းသွယ်တွေ ထဲက ဖြတ်ပြီး ပြန်ပါသည်။ ထိုအချိန်တွင် လေက ပိုပြီးကြမ်းလာပါသည်။ မိုးပေါက်တွေလည်း ကျစပြုလာပါသည်။

လျှပ်စီးကလည်း တဝင်းဝင်းလက်နေပါသည်။ မိုးချုန်းသံတွေကလည်း အဆက်မပြတ် မြည်ဟည်းနေပါသည်။ တစ်ချက်တစ်ချက်တွင် မိုးကြိုးပစ်လိုက်သည်ဟုထင်ပါသည်။ တဝုန်းဝုန်းမြည်နေပါတော့သည်။ အရေးထဲတွင် လမ်းမီးများကပြတ်သွားလိုက်ရာ မည်းမှောင်သွားပါသည်။ သို့သော် လျှပ်တွေက မပြတ်လက်နေသောကြောင့် လမ်းကို ကောင်းကောင်း မြင်ရပါသည်။

မိုးကလည်း သည်းလာပါပြီ။ ကျွန်တော့်အိတ်ကပ်ထဲတွင် ပိုက်ဆံတွေကလည်း ပါလာပါသည်။ ထို့ပြင် ကျော်စိုးမိုးထံက ငှားလာသော စာအုပ်ကို ရေစိုမည်စိုးသောကြောင့် ဘာလုပ်ရမှန်းမသိပါ။ အနီးအနားတွင် မိုးခိုစရာလည်း မမြင်ပါ။ သစ်ပင်ကြီးတွေရှိသော်လည်း သစ်ပင်အောက်တွင် မိုးမခိုဝံ့ပါ။ သစ်ပင်မြင့်မြင့်ကြီးများကို မိုးကြိုးပစ်တတ်သည်ဟုကြားဖူးပါသည်။ ထို့ပြင် လေကအလွန်ကြမ်းနေသောကြောင့် သစ်ကိုင်းကျိုးကျမှာကိုလည်း ကြောက်ရပါသေးသည်။ မိုးပက်သဖြင့် တံခါးတွေကို ပိတ်နေသော အိမ်ဆိုင်ကလေးတစ်ခုကို တွေ့လိုက်ပါသည်၊ ထို့ကြောင့် ကျွန်တော် အိမ်ဆိုင်ကလေးဆီပြေးသွားပြီး ကြွပ်ကြွပ် အိတ်တစ်လုံးကိုဝယ်လိုက်ပြီး စာအုပ်၊ ပိုက်ဆံနှင့် နာရီတို့ကို ကြွပ်ကြွပ်အိတ်ထဲထည့်ပြီး အိမ်သို့ပြေးပါသည်။

မိုးကလည်း ရေလုံးကြီးတွေကျလာသလိုသည်းပါသည်။ လမ်းပေါ်တွင်လည်း ရေတွေပြေးနေပါပြီ။ လျှပ်စီးတွေကြောင့် လမ်းကိုတော့မြင်ရပါသည်။ သို့သော် လျှပ်စီးရပ်သွားလိုက်လျှင် လုံးဝမည်းမှောင်သွားပါတော့သည်။ လမ်းပေါ်တွင်လည်း လူတစ်ယောက်ကိုမျှ မတွေ့ရပါ။ အိမ်တွေကလည်း မိုးကြီးသောကြောင့် တံခါးတွေကို ပိတ်ကုန်ကြပါပြီ။ မိုးချုန်းသံများကလည်း ခေါင်းပေါ်နားကကပ်ပြီး ချုန်းနေသည်ဟုပင်ထင်ရပါသည်။ မိုးကြိုးများပစ်လိုက်မည်လားဟု တွေးပြီး ကြောက်လာပါသည်။

www.burmeseclassic.com



ယခင်က လျှပ်လက် မိုးချုန်းသည်ကို မကြောက်ပါ။ ယခုတစ်ခါ တွင်မူကား ကျွန်တော်တကယ် ကြောက်သွားမိပါသည်။ လေတိုက်သောကြောင့် သစ်ပင်ကြီးများမှာ တဖျစ်ဖျစ်မြည်အောင် လှုပ်ယမ်း နေပါသည်။ သစ်ပင်တွေအောက်က ဖြတ်လိုက်တိုင်း ကျွန်တော် အပြေးဖြတ်ပါသည်။

အိမ်သို့ရောက်သောအခါ ကျွန်တော်တစ်ကိုယ်လုံး ရွှဲရွှဲစို နေပါတော့သည်။ သို့သော်လည်း သိပ်ဝမ်းသာသွားပါသည်။ ကျွန်တော့်မှာ ဘေးအန္တရာယ်ကြီးတစ်ခုက လွတ်မြောက်လာသကဲ့ သို့ အောက်မေ့လိုက်မိပါသည်။

မေမေက ကျွန်တော့်ကို အဝတ်အစားတွေလဲပေးပြီး ကော်ဖီပူပူတစ်ခွက် ဖျော်တိုက်ပါသည်။ ထိုမိုးမိသော တစ်ညကို ကျွန်တော် မမေ့နိုင်တော့ပါ။

* * * * *

ကျွန်တော်က သူ့စာစီစာကုံးကိုဖတ်ကြည့်လိုက်ပြီးနောက်

"မဆိုးပါဘူးကွ၊ မင်းအတော်ကြီးကို တိုးတက်လာပါပြီ၊ တချို့နေရာလေးတွေမှာ စကားလုံးသုံးတာတော့ နည်းနည်း လိုသေးတာပေါ့။ ဒါပေမယ့် မင်းတို့ အတန်းလောက်မှာတော့ ဒီလောက် ရေးနိုင်ပြီ ဆိုရင်ပဲ တော်လောက်ပါပြီ"

"အဲဒီလို စကားလုံးကောင်းကောင်းတွေကို ကျွန်တော် သိပ်ပြီး သုံးတတ်ချင်တာပဲ"



"အဲဒါကတော့ စာများများလဲ ဖတ်ရတယ်၊ သူများသုံးတဲ့ စွဲတဲ့ စကားလုံးကောင်းတာတွေကိုလဲ မှတ်ရတယ်ကွ"

"ဘဘက သိပ္ပံမောင်ဝ စာအုပ်ကိုပေးဖတ်မယ်ဆို။ အဲဒီစာအုပ် မရသေးဘူးလား၊ ကျွန်တော် ဖတ်ချင်လှပြီ"

"အေးပါကွာ-နောက်တစ်ခေါက်ကျရင် ရရောပေါ့။ ဘဘ ရှာထားလိုက်ပါ့မယ်"

သူပြန်သွားတော့ ဒီငနဲကလေးကိုနောက်တစ်ဆင့် ဘယ်လိုစာစီစာကုံးမျိုး တက်ပေးရပါမည်လဲဆိုသည်ကို စဉ်းစားရင်း ကျန်ရစ်ခဲ့ပါတော့သည်။

အောင်သင်း

(ရှင်ခွင်သစ်၊ ဇွန်၊ ၉၄)

စိတ်အားကိုယ်အား အခွင့်သာလျှင် 'ကိုယ်တွေ့စာစီစာကုံးများ' ကို ဆက်လက် တင်ပြပါဦးမည်။

* * * * *

www.burmeseclassic.com